# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၄ ရက် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၇)၊ အမှတ် (၃၄၆)


## ပညာဆီမီးကို ရှာဖွေကြိုးစား

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂစသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ဇရာဝဂ်(ဓမ္မပဒ-၁၄၆)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံဒေသဆိုင်ရာ (၂၇)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်ဖွင့်ပွဲနှင့် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံဒေသဆိုင်ရာ (၂၇)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ဟနွိုင်း စက်တင်ဘာ ၁၂**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဟနွိုင်းမြို့ရှိ National Convention Center ၌ ကျင်းပသည့် အာဆီယံဒေသဆိုင်ရာ (၂၇)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်ဖွင့်ပွဲနှင့် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ ဖိုရမ်ဖွင့်ပွဲနှင့် မျက်နှာစုံညီအစည်းအဝေးသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး ငုယင်ဖူးကျောက်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖု၊ စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒို၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆမ်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီစုလစ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ Praijin Juntong၊

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**ဤဆွေးနွေးပွဲဖိုရမ်မှ စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုကာလသည် စီးပွားရေးအရ ပိုမိုအကျိုးအမြတ် ဖြစ်ထွန်းစေရေးထက် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးဖြစ်ပေါ်လာရေးအတွက် အထောက်အကူပြုဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးနိုင်မည့် အခွင့်အရေးရရှိမည်ဟု ယုံကြည်**

## တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုတည်ဆောက်နေသည့်ကာလတွင် ထိပ်တိုက်ရင်ဆိုင်မှုများကို ရှောင်ရှားနိုင်ရန် နယ်မြေတည်ဆောက်ခြင်း၊ အင်အားတည်ဆောက်ခြင်းများ ဆောင်ရွက်ခြင်းမပြုရန် JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပြောကြား

စာမျက်နှာ - ၄

## အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၂**

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ဝင်း သဘင်ဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါ အခမ်းအနားကို မြန်မာ့ရုပ်မြင်သံကြား- လွှတ်တော် Channel မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်


CB BANK
Contact Center : 01 231 777 0
www.cbbank.com.mm
contact@cbbank.com.mm
cbbankmyanmar

TRANSACTION BANKING SERVICES
- Account Receivable Solutions
- Account Payable Solutions
- Liquidity Management Solution
- Account Information Solution
- System Integration Solution
- Reconcilation Solution

မြန်မာ့အလင်း

# စတုတ္ထစက်မှုတော်လှန်ရေး၏ အသွင်ကူးပြောင်းမှုနှင့်အတူ လိုက်ပါရာတွင်

“စတုတ္ထစက်မှုတော်လှန်ရေး” ဆိုသည့် အသုံးအနှုန်းက ၂၀၁၆ ခုနှစ်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့စီးပွားရေးဖိုရမ်မှ စတင်ထွက်ပေါ်လာခြင်း ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ကျော်ကာလက စတင်ခဲ့သည့် စက်မှုတော်လှန်ရေးကို မျက်မှောက်ကာလအထိ တိုးတက်မှုအဆင့်အလိုက် ဆစ်ပိုင်းကာ စက်မှုတော်လှန်ရေး အဆင့်ဆင့်အဖြစ် ပုံဖော်ထားခြင်းလည်း ဖြစ်သည်။

ပထမစက်မှုတော်လှန်ရေးသည် ၁၈ ရာစုနှင့် ၁၉ ရာစုများတွင် ဥရောပနှင့် အမေရိကတို့မှ စတင်ပေါ်ပေါက်လာသည်။ ထိုခေတ်တွင် မူလက စိုက်ပျိုးရေးအခြေခံ ကျေးလက်လူ့အဖွဲ့အစည်းများက စက်မှုလုပ်ငန်းများနှင့် မြို့ပြလူ့အဖွဲ့အစည်းများအဖြစ်သို့ ကူးပြောင်းသွားကြသည်။ ရေနွေးငွေ့စွမ်းအင်သုံးစက်များ ပေါ်ပေါက်လာခြင်းသည် ပထမစက်မှုတော်လှန်ရေး၏ လက္ခဏာဖြစ်ပြီး သံမဏိလုပ်ငန်းနှင့် အထည်အလိပ်လုပ်ငန်းများ ထွန်းကားလာခြင်းက ပထမစက်မှုတော်လှန်ရေး၏ ရလဒ်ဖြစ်သည်။

ဒုတိယစက်မှုတော်လှန်ရေးကို ၁၈၇၀ ပြည့်နှစ်မှသည် ပထမကမ္ဘာစစ် စတင်သည့် ၁၉၁၄ ခုနှစ်အတွင်း သတ်မှတ်သည်။ လျှပ်စစ်ဓာတ်အားကို စွမ်းအင်အဖြစ်အသုံးပြုပြီး စက်ရုံများက ကုန်စည်များကို ထုနှင့်ထည်နှင့် လုပ်လာနိုင်သည်။ တယ်လီဖုန်း၊ လျှပ်စစ်မီးသီး၊ ဖိုနိုဂရပ်ခေါ် အသံဖမ်းယူပြန်ဖွင့်နိုင်သည့် ကိရိယာ၊ အတွင်းမီးအားအင်ဂျင်တို့သည် ထိုကာလ၏ နည်းပညာတိုးတက်မှုများ ဖြစ်သည်။

တတိယစက်မှုတော်လှန်ရေးကိုမူ ၁၉၈၀ ပြည့်လွန်နှစ်များမှသည် လက်ရှိအချိန်ထိ ဆင်နွှဲနေဆဲဖြစ်သည်။ အနာလော့ဂ်အီလက်ထရွန်နစ်နှင့် စက်ပစ္စည်းများကို ဒစ်ဂျစ်တယ်နည်းပညာသို့ ကူးပြောင်းခြင်းသည် တတိယစက်မှုတော်လှန်ရေး၏ အဓိကလက္ခဏာဖြစ်သည်။ တစ်ကိုယ်ရည်သုံးကွန်ပျူတာ (PC) များ၊ အင်တာနက်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) တို့ ဖွံ့ဖြိုးတိုးတက်လာမှုက တတိယစက်မှုတော်လှန်ရေး၏ အသီးအပွင့်များ ဖြစ်သည်။

စတုတ္ထစက်မှုတော်လှန်ရေးက တတိယစက်မှုတော်လှန်ရေးခေါ် ဒစ်ဂျစ်တယ်တော်လှန်ရေးအပေါ်တွင် အခြေတည်ထားခြင်း ဖြစ်သည်။ ရူပဗေဒ၊ ဇီဝဗေဒ၊ ဒစ်ဂျစ်တယ်နယ်ပယ်တို့အပါအဝင် နည်းပညာများ တစ်ခုနှင့်တစ်ခု ပေါင်းစပ်ကာ ဉာဏ်ရည်တု (AI)၊ နာနိုနည်းပညာ၊ ဇီဝနည်းပညာ၊ စက်ရုပ်နည်းပညာ၊ သုံးဖက်မြင်ပုံနှိပ်နည်းပညာအပါအဝင် အဆန်းတကြယ်နည်းပညာများသည် စတုတ္ထစက်မှုတော်လှန်ရေး၏ ရလဒ်များအဖြစ် ထွက်ပေါ်လာမည်ဖြစ်သည်။ ကမ္ဘာလုံးချီ အသွင်ကူးပြောင်းနေသည့် စတုတ္ထစက်မှုတော်လှန်ရေးကာလတွင် မြန်မာနိုင်ငံသည် မည်သည့်အခန်းကဏ္ဍမှ ပါဝင်နိုင်ပါမည်နည်း။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုကာလ၌ မြန်မာနိုင်ငံအနေဖြင့် လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသော နိုင်ငံများနှင့်အတူ လိုက်ပါဆောင်ရွက်ရာတွင် ထိုးဖောက်ဆောင်ရွက်ရန် လိုအပ်ကြောင်း” အာဆီယံဒေသဆိုင်ရာ (၂၇) ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ် ဖွင့်ပွဲတွင် ပြောကြားခဲ့သည်။ ထို့အပြင် “စက်မှုအသွင်ကူးပြောင်းရေးအတွက် ဆောင်ရွက်ရာတွင် လက်တွေ့ကျသည့် အဓိကအရေးကြီးဆုံးအချက်တစ်ချက်မှာ လူသားတို့၏ အခန်းကဏ္ဍဖြစ်ကြောင်း၊ စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုကာလသို့ ချဉ်းကပ်ကြိုးပမ်းရာတွင် မိမိတို့အနေဖြင့် တီထွင်နိုင်စွမ်းရှိမှု၊ မျှဝေခံစားမှု၊ ခေါင်းဆောင်မှုတို့ကို အခြေခံရမည်ဖြစ်ကြောင်း၊ စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုသို့ ကူးပြောင်းရာတွင် လူငယ်များနှင့် အဓိကသက်ဆိုင်သည်ဟု မကြာခဏ ပြောကြားနေကြသော်လည်း လူသားအားလုံးနှင့် သက်ဆိုင်နေသည်ဟု ယူဆကြောင်း” ဖြင့်လည်း ထောက်ပြခဲ့သည်။ “မြန်မာနိုင်ငံတွင် လူငယ်များ တီထွင်မှုစွမ်းအားရှိကြောင်း၊ တီထွင်မှုအား လက်တွေ့ဆောင်ရွက်မှုစွမ်းရည်နှင့် ချိတ်ဆက်ပြီး တီထွင်မှု၊ စွမ်းဆောင်မှု၊ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုတို့အတွက် ချဉ်းကပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

စတုတ္ထစက်မှုတော်လှန်ရေးတွင် နောက်မကျရန်မှာ လူသားအရင်းအမြစ်၏ စွမ်းဆောင်ရည်က အဓိကအကျဆုံးပင်ဖြစ်သည်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပညာရေးဘက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့်အတူ သုတေသနလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တီထွင်မှုများကို အားပေးမြှင့်တင်ရေးတို့ကိုပါ တစ်ပါတည်း ဆောင်ရွက်သွားကြရမည်ဟု ရှုမြင်ပါကြောင်း။ ။

## စစ်တောင်းနှင့် သံလွင်မြစ်ရေကြီးမှု အခြေအနေ

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ မိုး/ဇလ


## အရှေ့တောင်အာရှဒေသအတွင်း ကလေးသူငယ်ဆိုင်ရာ ဗီဒီယိုပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များ ဖိတ်ခေါ်

**နေပြည်တော် စက်တင်ဘာ ၁၂**

အရှေ့တောင်အာရှဒေသတွင်း ကလေးသူငယ်ဆိုင်ရာ ဗီဒီယိုပြိုင်ပွဲ South East Asia Prix Jeunesse Video Festival (SEAPJ) အား ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ နိုဝင်ဘာလအတွင်း ဒုတိယအကြိမ် ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသူများ ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲမှာ ပညာရှင်အဆင့်၊ အပျော်တမ်းအဆင့် (အသက် ၁၈ နှစ် အထက် )၊ ကလေးသူငယ်အဆင့် (အသက် ၁၂ နှစ်အောက်၊ အသက်၁၄-၁၅နှစ်၊ အသက် ၁၆-၁၈ နှစ်) ဟူ၍ အဆင့်သုံးဆင့် ခွဲခြားထားပြီး “Everday Heroes” ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ (ကလေးသူငယ်များ၏ နေ့စဉ် လူနေမှုဘဝ၊ မိသားစုနှင့် ပတ်ဝန်းကျင်အသိုက်အဝန်းတွင် အားကျအတုယူ စံပြထိုက်သောပုဂ္ဂိုလ်များအား ရည်ရွယ်ရိုက်ကူးထားသည့် Video clip ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်သည်။)

ပြိုင်ပွဲဝင်လျှောက်လွှာများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ပြည်လမ်း) ရန်ကုန်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (နေပြည်တော် တပ်ကုန်း) နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ၏ အီးမေးလ် seapjmyanmar@gmail.com သို့ ဆက်သွယ်ရယူနိုင်ပြီး ပြိုင်ပွဲဝင်လျှောက်လွှာများနှင့် ပြိုင်ပွဲဝင် Video clip များအား ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၅ရက် နောက်ဆုံးထားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရန်ကုန်နှင့် နေပြည်တော် တပ်ကုန်းရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော် တပ်ကုန်း၊ ဖုန်းနံပါတ် ၀၆၇ - ၇၉၃၉၃ နှင့် အီးမေးလ် seapjmyanmar@gmail.com မှတစ်ဆင့်ဖြစ်စေ ပြန်လည်ပေးပို့ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက www.seaprixjeunesse.com နှင့် www.facebook.com/seapjmyanmar တွင် ဝင်ရောက်လေ့လာနိုင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော် တပ်ကုန်း ဖုန်းနံပါတ် ၀၆၇-၇၉၃၉၃ နှင့် အီးမေးလ် seapjmyanmar@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်




## မုတ်သုံလေ အားနည်းနေမည်

**နေပြည်တော် စက်တင်ဘာ ၁၂**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

# Myanmar Global Investment Forum ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ဟောင်ကောင်အခြေစိုက် Euromoney Institutional Investor (Asia) တို့ ပူးပေါင်း၍ Myanmar Global Investment Forum ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ဆက်လက်ကျင်းပသည်။ **(အောက်ပုံ)**

ဖိုရမ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးရန်နိုင်ထွန်းက အမှာစကားပြောကြားရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုသည် ဒင်္ဂါးပြားတစ်ပြားရှိ ခေါင်းနှင့် ပန်းကဲ့သို့ အပြန်အလှန် ဆက်သွယ်နေပါကြောင်း၊ ယနေ့ကျင်းပသည့် Myanmar Global Investment Forum သည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကို မြှင့်တင်ရန်နှင့် ကုန်သွယ်မှုကဏ္ဍကို မြှင့်တင်ရန် အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၁၁ ခုနှစ်ကတည်းက နိုင်ငံတကာ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ကြီးဌာန၏ မူဝါဒကို ပြုပြင်ပြောင်းလဲ လုပ်ဆောင်ခဲ့ပါကြောင်း၊ ကုန်သွယ်မှုပတ်ဝန်းကျင်ကို ပိုမိုအလားအလာကောင်းအောင် မူဝါဒဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖြေလျှော့မှုများစွာ ဖော်ဆောင်ခဲ့ပါကြောင်း၊ နိုင်ငံခြားကုမ္ပဏီများအား လယ်ယာထွက်ကုန်၊ ဆောက်လုပ်ရေးပစ္စည်း၊ ဆေးနှင့် ဆေးပစ္စည်းများနှင့် တန်ဖိုးမြင့်ကုန်ပစ္စည်းများကို ကုန်သွယ်ခွင့်ပေးခြင်းနှင့် လက်လီ လက်ကားလုပ်ငန်းများအတွက် မူဝါဒဖြေလျှော့ပေးခြင်းများကို ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ဆောင်ပေးခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့်အစီအစဉ် (GSP) အကျိုးကျေးဇူး ခံစားရသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပါကြောင်း၊ ဥပမာအနေဖြင့် ၂၀၁၃ ခုနှစ်က အီးယူ၏ တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့်အစီအစဉ် (GSP) ကို ခံစားခွင့်ရရှိခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ တစ်ဖက်သတ် အကောက်ခွန် သက်သာခွင့်အစီအစဉ် (GSP) ကို ခံစားခွင့်ရရှိခဲ့ပါကြောင်း။

ထိုကဲ့သို့သော အခြေအနေများမှာ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကဏ္ဍ တိုးတက်မြင့်မားရေးအတွက် အခြေခံအုတ်မြစ်ပင်ဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုလိုငွေကို လျှော့ချနိုင်ရေးအတွက် ပို့ကုန်မြှင့်တင်ရေးအပေါ် အဓိကထား လုပ်ဆောင်ခဲ့ပါကြောင်း၊ အောင်မြင်မှုတစ်ရပ်အနေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်၌ ဆန်တင်ပို့မှုသည် တန်ချိန် ၃ ဒသမ ၅၉ သန်းအထိ ရောက်ရှိလာခဲ့ပါကြောင်း၊ ထိုပမာဏသည် လွန်ခဲ့သော နှစ် ၇၀ အတွင်း အများဆုံးပမာဏဖြစ်ပါကြောင်း။

ထို့အတူ ကုန်သွယ်မှုပမာဏမှာလည်း ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံကျော် ရောက်ရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံ ရောက်ရှိခဲ့ပါကြောင်း၊ လယ်ယာကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့တွင် တိုက်ရိုက်ပြည်ပရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းများစွာ ရှိပါကြောင်း၊ တိုက်ရိုက်ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးမြှင့်လာသလို အလုပ်အကိုင်အခွင့်အလမ်းများနှင့် GDP တိုးတက်လာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ညီမျှသော အခွင့်အလမ်းများကို ဖော်ဆောင်ရင်း ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်လာရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း။


ထို့ကြောင့် ယနေ့ကျင်းပသည့် ဖိုရမ်သည် မြန်မာ့ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးသာမက ပါဝင်ပတ်သက်သူများအားလုံးအတွက် ကြီးမားသော အခွင့်အရေးကို ဖော်ဆောင်နိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဘဏ္ဍာရေးအရင်းအမြစ်နှင့် ဈေးကွက်အခွင့်အလမ်းများ ခေါင်းစဉ်ကို Euromoney မှ Mr. Jonathan Breen က ဦးဆောင်၍ လည်းကောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားအခန်းကဏ္ဍ ခေါင်းစဉ်ကို Asper Consulting မှ Director and Principal Mr. Sebastien Moineau က ဦးဆောင်၍ လည်းကောင်း၊ ပညာရေးအခန်းကဏ္ဍ ခေါင်းစဉ်ကို Euromoney Institutional Investor မှ Asia Bureau Chief Mr. Matthew Thomas က ဦးဆောင်၍လည်းကောင်း ဆွေးနွေးကြသည်။

ယနေ့ကျင်းပသည့် ဖိုရမ်အတွင်း စကားဝိုင်းဆွေးနွေးပွဲများအပြင် သီလဝါအထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်း၍လည်း ရှင်းလင်းဆွေးနွေးခဲ့သည်။

သတင်းစဉ်






**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုနှင့် ကမ္ဘာ့စီးပွားရေးဖိုရမ်အမှုဆောင်ဥက္ကဋ္ဌ ပါမောက္ခ Klaus Schwab တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**
သတင်းစဉ်

◆ *ရှေ့မှ*

အာဆီယံမိတ်ဖက်နိုင်ငံများမှ အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးဆိုင်ရာ ထိပ်တန်းအရာရှိကြီးများ၊ ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင်ဥက္ကဋ္ဌ ပါမောက္ခ Klaus Schwab နှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖိုရမ်ဖွင့်ပွဲကျင်းပမည့် ဟန္နိုင်းမြို့ရှိ National Convention Center သို့ ရောက်ရှိလာရာ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုနှင့် ကမ္ဘာ့စီးပွားရေးဖိုရမ်အမှုဆောင်ဥက္ကဋ္ဌ ပါမောက္ခ Klaus Schwab တို့က ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖိုရမ်ဖွင့်ပွဲသို့တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကမ္ဘာ့စီးပွားရေးဖိုရမ်အမှုဆောင်ဥက္ကဋ္ဌတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**လူသားတို့၏ အခန်းကဏ္ဍ**

ဖွင့်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုကာလတွင် မြန်မာနိုင်ငံနှင့်အာဆီယံတို့၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုကာလ၌ မြန်မာနိုင်ငံအနေဖြင့် လျင်မြန်စွာတိုးတက်ပြောင်းလဲနေသော နိုင်ငံများနှင့်အတူ လိုက်ပါဆောင်ရွက်ရာတွင် ထိုးဖောက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ မိုဘိုင်းဆင်းကတ်သုံးစွဲမှုမှာ လွန်ခဲ့သည့် ငါးနှစ်ခန့်က တစ်ရာခိုင်နှုန်းအောက်သာ ရှိခဲ့သော်လည်း ယခုအခါ ၁၀၅ ရာခိုင်နှုန်းခန့်အထိ တိုးတက်လာကြောင်း၊ ယှဉ်ပြိုင်မှုများအား စိုးရိမ်ကြောက်ရွံ့ရန်မလိုကြောင်း၊ စိန်ခေါ်မှုများအား ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း၊ စက်မှု အသွင်ကူးပြောင်းရေးအတွက် ဆောင်ရွက်ရာတွင် လက်တွေ့ကျသည့် အဓိကအရေးကြီးဆုံး အချက်တစ်ချက်မှာ လူသားတို့၏ အခန်းကဏ္ဍဖြစ်ကြောင်း၊ စတုတ္ထ စက်မှုတော်လှန်ရေးအသွင်ကူးပြောင်းမှုကာလသို့ ချဉ်းကပ်ကြိုးပမ်းရာတွင် မိမိတို့အနေဖြင့် တီထွင်နိုင်စွမ်းရှိမှု၊ မျှဝေခံစားမှု၊ ခေါင်းဆောင်မှုတို့ကို အခြေခံရမည်ဖြစ်ကြောင်း၊ စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုသို့ ကူးပြောင်းရာတွင် လူငယ်များနှင့် အဓိကသက်ဆိုင်သည်ဟု မကြာခဏ ပြောကြားနေကြသော်လည်း လူသားအားလုံးနှင့် သက်ဆိုင်သည်ဟု ယူဆကြောင်း။

**အောင်မြင်မှုရရှိရန် ကြိုးပမ်း**

ယခုအခါ ပေါင်းစည်းဆက်နွှယ်မှုနှင့်ပတ်သက်၍ ပြောဆိုရာတွင် လူငယ်များအတွက်သာမက လူကြီး၊ လူငယ်၊ လူရွယ်အားလုံးအတွက် ထည့်သွင်းစဉ်းစားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် လူကြီး၊ လူငယ်၊ လူရွယ်အားလုံး အချင်းချင်းချိတ်ဆက်မှုသည် အရေးကြီးကြောင်း၊ လူသားအားလုံးအတွက် စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုကာလ အောင်မြင်မှုရရှိရန် အားလုံး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုကို တတ်နိုင်သမျှ

*စာမျက်နှာ ၄ သို့*




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မဲခေါင်ဒေသ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် အမြင်သစ်များ ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးစဉ်။**
သတင်းစဉ်




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကမ္ဘာ့စီးပွားရေးဖိုရမ်အမှုဆောင်ဥက္ကဋ္ဌတို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**
သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လူငယ်၊ လူကြီးအားလုံးအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သင့်ကြောင်း၊ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံရာတွင် လူငယ်၊ လူကြီးအားလုံးအတွက် ပညာရေးတွင် လက်တွေ့ကျသောစွမ်းရည်မှာ အရေးကြီးကြောင်း၊ ခေါင်းဆောင်မှုသည် တီထွင်နိုင်မှု၊ မျှဝေခံစားမှုနှင့် ဆက်စပ်လျက်ရှိကြောင်း၊ စက်မှု အသွင်ကူးပြောင်းမှုတိုင်းတွင် ကျွမ်းကျင်မှုနှင့်ပတ်သက်၍ ပြောင်းလဲဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများအား နည်းပညာအသစ်များကို သင်ကြားပေးရန် လိုအပ်ကြောင်း။

**တွန်းအားပေးဆောင်ရွက်**

နည်းပညာသစ်များကို သင်ကြားရာတွင် စိန်ခေါ်မှုများကို ရဲဝံ့စွာရင်ဆိုင်၍ အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးမှုပိုမိုနည်းပါးနေသောနိုင်ငံများအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်နိုင်ရန် တစ်ချိန်က ကျွမ်းကျင်မှုနည်းပါးသောလုပ်သားများအပေါ် တည်မှီခဲ့ရကြောင်း၊ ယခုအခါ အာဆီယံနိုင်ငံများအနေဖြင့် ကျွမ်းကျင်မှုနှင့် နည်းပညာတိုးတက်ရေးအတွက် ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ပညာရေးစနစ်သည် စိန်ခေါ်မှုများရင်ဆိုင်ဖြေရှင်းရေးအတွက် အရေးကြီးကြောင်း၊ ပညာရေးကို ပညာရှင်အဆင့်အရည်အချင်းရှိမှုထက် လက်တွေ့ကျသည့် အရည်အချင်းရှိမှု ပြောင်းလဲ၍ အလေးပေး ဆောင်ရွက်သင့်ကြောင်း၊ လူငယ်များအား တီထွင်ကြံဆနိုင်မှု အတွေးအခေါ်များကို တွန်းအားပေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ စာရင်းအချက်အလက်များအရ နည်းပညာသစ်များ၏ ၅၀-၇၅ ရာခိုင်နှုန်းမှာ အရည်အသွေးနည်းပါးကြောင်း၊ စွန့်ဦးတီထွင်မှုနှင့်ပတ်သက်၍ ကူးသန်းရောင်းဝယ်မှု၊ စက်မှု၊ ကုန်သွယ်မှုတို့သာမက ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပျိုးထောင်ပေးကြရမည် ဖြစ်ကြောင်း။

**ဆွေးနွေးနိုင်မည့်အခွင့်အရေးရရှိ**

ဤနေရာတွင် ခေါင်းဆောင်မှုသည် တီထွင်နိုင်မှု၊ မျှဝေခံစားမှုနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တီထွင်မှုမရှိပါက ယခုခေတ်သစ်၏ စိန်ခေါ်မှုများကို ဖြေရှင်းရန် ခက်ခဲမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လူငယ်များ တီထွင်မှုစွမ်းအားရှိကြောင်း၊ တီထွင်မှုအား လက်တွေ့ဆောင်ရွက်မှုစွမ်းရည်နှင့် ချိတ်ဆက်ပြီး တီထွင်မှု၊ စွမ်းဆောင်မှု၊ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုတို့အတွက် ချဉ်းကပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အာဆီယံဒေသနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟမှု ကျဉ်းမြောင်းအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဒေသတွင်း တည်ငြိမ်မှု၊ လုံခြုံမှုမှာလည်း အရေးကြီးကြောင်း၊ မိမိနိုင်ငံအနေဖြင့် စတုတ္ထ စက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုကာလသို့ ကူးပြောင်းဆောင်ရွက်ရာတွင် ပြည်သူများအတွက် ငွေကြေးဆိုင်ရာ လုံခြုံမှုသာမက အခြားသော လုံခြုံမှုများဖြင့်ပါ ဆောင်ရွက်နိုင်ရန် မျှော်လင့်ကြောင်း၊ ဤဆွေးနွေးပွဲဖိုရမ်မှ စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုကာလသည် စီးပွားရေးအရ ပိုမိုအကျိုးအမြတ် ဖြစ်ထွန်းစေရေးထက် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးဖြစ်ပေါ်လာရေးအတွက် အထောက်အကူပြု ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးနိုင်မည့် အခွင့်အရေးရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင်ဥက္ကဋ္ဌ ပါမောက္ခ Klaus Schwab က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ Taro Kono တို့ တွေ့ဆုံဆွေးနွေးစဉ်။** သတင်းစဉ်

**လက်ခံတွေ့ဆုံ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ Taro Kono အား ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဟနွိုင်းမြို့ရှိ ခေတ္တတည်းခိုနေသည့် Daewoo Hotel ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြင့်ရေး၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပပြုလုပ်မည့် ဂျပန်-မဲခေါင် ထိပ်သီးအစည်းအဝေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ဂျပန်အစိုးရမှ အပြုသဘောဆက်လက်အကူအညီ အထောက်အပံ့ပေးသွားမည့် ကိစ္စရပ်များနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးဆက်အောင်၊ သံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေးပွဲတက်ရောက်**

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖု၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆမ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီစုလစ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ Praijin Juntong တို့နှင့်အတူ National Convention Center ၌ ကျင်းပသည့် မဲခေါင်ဒေသ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် အမြင်သစ်များ ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် ဆွေးနွေးပွဲသို့ တက်ရောက်အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

**ညစာစားပွဲတက်ရောက်**

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အာဆီယံဒေသဆိုင်ရာ (၂၇)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် ဝန်ကြီးများအား National Convention Center ၌ ဗီယက်နမ်နိုင်ငံအစိုးရမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲနှင့် ယဉ်ကျေးမှုဖျော်ဖြေပွဲသို့ တက်ရောက်သည်။ **သတင်းစဉ်**

# တစ်ဖက်နှင့် တစ်ဖက် ယုံကြည်မှုတည်ဆောက်နေသည့်ကာလတွင် ထိပ်တိုက်ရင်ဆိုင်မှုများကို ရှောင်ရှားနိုင်ရန် နယ်မြေတည်ဆောက်ခြင်း၊ အင်အားတည်ဆောက်ခြင်းများ ဆောင်ရွက်ခြင်းမပြုရန် JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပြောကြား

**ရန်ကုန် စက်တင်ဘာ ၁၂**

တစ်ဖက်နှင့် တစ်ဖက် ယုံကြည်မှုတည်ဆောက်နေသည့်ကာလတွင် ထိပ်တိုက်ရင်ဆိုင်မှုများကို ရှောင်ရှားနိုင်ရန် နယ်မြေတည်ဆောက်ခြင်း၊ အင်အားတည်ဆောက်ခြင်းများ ဆောင်ရွက်ခြင်းမပြုရန် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြောကြားသည်။

ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ( NRPC ) တွင် ပြုလုပ်သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၈) ကြိမ်မြောက်အစည်းအဝေးတွင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။ **(အောက်ပုံ)**

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က "ကျွန်တော်တို့တပ်မတော်အနေနဲ့ကတော့ ထာဝရငြိမ်းချမ်းရေးနဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ဦးတည်ဖော်ဆောင်နေတာဖြစ်တဲ့အတွက် အင်အားတည်ဆောက်တာတွေ၊ နယ်မြေတည်ဆောက်တာတွေဟာ ထာဝရငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် ကြီးမားတဲ့ အဟန့်အတားဖြစ်စေတာကြောင့် တစ်ဖက်နဲ့တစ်ဖက် သံသယကို ပိုပြီးကြီးထွားစေပါတယ်။ အခုလို တစ်ဖက်နဲ့ တစ်ဖက် ယုံကြည်မှုတည်ဆောက်နေတဲ့ကာလမှာ ထိပ်တိုက်ရင်ဆိုင်မှုတွေကို ရှောင်ရှားဖို့အတွက် နယ်မြေတည်ဆောက်တာတွေ၊ အင်အားတည်ဆောက်တာတွေ ဆောင်ရွက်ခြင်းမပြုဖို့ ကျွန်တော့်အနေနဲ့ သတိပေးပန်ကြားလိုပါတယ်" ဟု ပြောကြားခဲ့သည်။



ယနေ့ကျင်းပသည့် (၁၈) ကြိမ်မြောက် JMC-U အစည်းအဝေးတွင် (၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ထားမှု အခြေအနေများအား တင်ပြခြင်း၊ နော်ဝေနိုင်ငံ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုဆိုင်ရာ လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ တင်ပြခြင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေရရှိရေးဆောင်ရွက်မှု အခြေအနေများအား တင်ပြခြင်း၊ JMC-U ၏ (၁၇) ကြိမ်မြောက်နှင့် (၁၈) ကြိမ်မြောက် အစည်းအဝေး ကြားကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများအား ဆွေးနွေးခြင်း၊ ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM) များနှင့် ပတ်သက်သည့် လုပ်ငန်းအကောင်အထည်ဖော်မှုများအား တင်ပြခြင်း အစီအစဉ်များအပါအဝင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးပထမနေ့ နံနက်ပိုင်းတွင် JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုးနှင့် ဒုတိယဥက္ကဋ္ဌ (၂) စိုင်းမျိုးသန့်တို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားခဲ့ကြသည်။

"JMC အနေနဲ့ ဆောင်ရွက်ရတဲ့ အဓိကလုပ်ငန်းသုံးချက်က စောင့်ကြည့်ခြင်းလုပ်ငန်း၊ စိစစ်အတည်ပြုခြင်းလုပ်ငန်း၊ ပဋိပက္ခဖြေရှင်းတဲ့ လုပ်ငန်းဆိုပြီး အဓိက တာဝန်ယူဆောင်ရွက်ပါတယ်။

"အဲ့ဒီလုပ်ငန်းစဉ်တွေအနက် ပဋိပက္ခဖြေရှင်းရေးဟာ အဓိကလုပ်ငန်းစဉ်ဖြစ်တဲ့အတွက် ပဋိပက္ခဖြေရှင်းတဲ့နေရာမှာ နှစ်ဖက်သဘောတူဆက်သွယ်ချက်တွေ ရယူ၍သော်လည်းကောင်း၊ တွေ့ဆုံ၍သော်လည်းကောင်း၊ ပုံမှန်အစည်းအဝေးတွေ ဆောင်ရွက်သွားခြင်းဖြင့်သော်လည်းကောင်း၊ လိုအပ်ပါက အရေးပေါ်အစည်းအဝေးတွေ ဆောင်ရွက်၍သော်လည်းကောင်း ဖြေရှင်းဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ ပဋိပက္ခဖြေရှင်းတဲ့နေရာမှာလည်း အတည်ပြုပြဋ္ဌာန်းထားတဲ့ လုပ်ထုံးလုပ်နည်းတွေအတိုင်း ဖြေရှင်းဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

"လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားလာခဲ့ရင်လည်း အဖွဲ့အစည်းအတွက်၊ ဒါမှမဟုတ် ဒေသနေပြည်သူတွေအတွက် ဆိုးကျိုးတွေဖြစ်ပေါ်စေမှာဖြစ်တဲ့အတွက် ပဋိပက္ခတွေကို ရှောင်ရှားကြဖို့ ကျွန်တော့်အနေနဲ့ အလေးအနက် တိုက်တွန်းမှာကြားပါတယ်။ ပစ်ခတ်တိုက်ခိုက်မှု လျှော့ချရပ်စဲဖို့ NCA မှာလည်း တပ်ပိုင်းဆိုင်ရာကိစ္စနဲ့ စပ်လျဉ်းပြီး လိုက်နာသဘောတူချက်တွေ ပါရှိပါတယ်။ အရပ်သားတွေကို ကာကွယ်ပေးရမယ့်အချက်တွေ၊ JMC မှာလည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာအောင်လုပ်ဆောင်ဖို့အတွက် ထပ်မံလိုအပ်တဲ့ အကြောင်းအချက်တွေကိုလည်း JMC-U ရဲ့ပုံမှန်အစည်းအဝေးတွေမှာ ညှိနှိုင်းဆောင်ရွက်ပြီး လုပ်ငန်းလမ်းညွှန်တွေ၊ လုပ်ထုံးလုပ်နည်းတွေ ရေးဆွဲပြဋ္ဌာန်း ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီပြဋ္ဌာန်းချက်တွေနဲ့ ယခင်သဘောတူညီချက်တွေကို လက်နက်ကိုင်အဖွဲ့အစည်းများရဲ့ တပ်ထောက်တွေကိုယ်တိုင်က သိရှိပြီးတော့ ဒါတွေကို တိတိကျကျလိုက်နာမှသာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ပိုမိုခိုင်မာအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ JMC အဆင့်ဆင့် လက်နက်ကိုင်အဖွဲ့အစည်းတွေက ကိုယ်စားလှယ်ခေါင်းဆောင်တွေနဲ့ ဖွဲ့စည်းထားတဲ့အတွက် မိမိအဖွဲ့အစည်းအလိုက် တပ်ဖွဲ့ဝင်တွေအားလုံးဟာ JMC ရဲ့ မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ အစည်းအဝေးဆုံးဖြတ်ချက်တွေ သိရှိလိုက်နာစေရေး တာဝန်ယူဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၈ သို့* ❖



(၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အကြီးအကဲများက ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

*❋ ကျောဖုံးမှ*

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် ဒုတိယဝန်ကြီးချုပ် H.E. Mr. Han Zheng က အဖွင့်မိန့်ခွန်းပြောကြားသည်။

ယင်းနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အကြီးအကဲများက မိန့်ခွန်းများ ပြောကြားကြသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေက မိန့်ခွန်းပြောကြားရာတွင် ပထမဦးစွာ မိမိနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ တက်ရောက်ရန် ဖိတ်ကြားမှုနှင့် နွေးထွေးသည့် ဧည့်ဝတ်ပျူငှာပြုမှုများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူများနှင့် (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်သူများကို ကျေးဇူးတင်ရှိပါသည်ဟု ပြောကြားလိုပါကြောင်း။

**အာဆီယံ-တရုတ် ဆက်ဆံရေး**

တရုတ်နိုင်ငံအနေဖြင့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို နှစ်စဉ်နန်နင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ နှစ်စဉ်ကျင်းပပြုလုပ်လေ့ရှိသည့် ကုန်စည်ပြပွဲမှ သိသာထင်ရှားသည့် ရလဒ်ကောင်းများ ရရှိသည့်အတွက်လည်း ကျေနပ်အားရဖြစ်မိပါကြောင်း၊ ကုန်စည်ပြပွဲအနေဖြင့် အာဆီယံ-တရုတ် မဟာဗျူဟာမြောက် ဆက်ဆံရေးကို ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေးနှင့် ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုတို့မှတစ်ဆင့် ပိုမိုခိုင်မာလာအောင် နည်းလမ်းများ ဖော်ဆောင်ပေးနိုင်သည့် အရေးပါသောနေရာတစ်ခုအဖြစ် ဆက်လက်ရပ်တည်သွားလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

တရုတ်နိုင်ငံသည် အာဆီယံအဖွဲ့ကြီး၏ သက်တမ်းအရှည်ကြာဆုံး ဆွေးနွေးဖက်နိုင်ငံ တစ်နိုင်ငံဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ်သည် အာဆီယံ-တရုတ် မဟာဗျူဟာမြောက် ဆွေးနွေးဖက် ဆက်ဆံရေး (၁၅)နှစ်ပြည့်မြောက်သည့် နှစ်ဖြစ်သည့်အတွက် မိမိတို့၏ မိတ်ဖက်ဆံရေးအတွက် ထူးခြားသည့်နှစ်တစ်နှစ်ဖြစ်ပါကြောင်း။

အာဆီယံပေါင်းစပ် ဆက်သွယ်မှု မဟာစီမံကိန်း(၂၀၂၅)နှင့် အာဆီယံ ပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှု လုပ်ငန်း စီမံကိန်းသုံးခု အကောင်အထည်ဖော်ဆောင်ရွက်မှုမှတစ်ဆင့် မိမိတို့၏ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးကြိုးပမ်းမှုနှင့် အာဆီယံ ပေါင်းစည်းရေးလုပ်ငန်းစဉ်များကို ဆက်လက်ပံ့ပိုးကူညီမှုများအတွက် တရုတ်နိုင်ငံကို ကျေးဇူးတင်ရှိပါကြောင်း။

**နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု**

တရုတ်နိုင်ငံသည် အာဆီယံ၏ နံပါတ်တစ် ကုန်သွယ်ဖက်နိုင်ငံအဖြစ် ရှစ်နှစ်တိုင်တိုင် ရပ်တည်လျက်ရှိနေပြီး အာဆီယံ-တရုတ် ကုန်သွယ်မှုပမာဏသည် ၂၀၁၇ ခုနှစ်တွင် အာဆီယံစုစုပေါင်း ကုန်သွယ်မှုပမာဏ၏ ၁၇ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပါကြောင်း၊ တရုတ်နိုင်ငံသည် အာဆီယံ၏ တတိယအကြီးဆုံး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အရင်းအမြစ်အဖြစ် ရပ်တည်နေသည်ကိုလည်း တွေ့ရှိရပါကြောင်း။

ယခုလိုကောင်းမွန်သည့် အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားရန် လိုအပ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် နှစ်ဖက်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ထရီလီယံနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံရှိရမည်ဆိုသည့် ရည်မှန်းချက် ပြည့်မီရန်အတွက် မိမိတို့အနေဖြင့် စုပေါင်းကြိုးပမ်းမှုများကို နှစ်ဆမြှင့်တင်သွားရမည်ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ်ကို "အာဆီယံ-တရုတ် ဆန်းသစ်တီထွင်မှုနှစ်"အဖြစ် သတ်မှတ်ထားသည့်အတွက် (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၏ ဆောင်ပုဒ်ဖြစ်သော "(၂၁)ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမကြီးအား ပူးတွဲတည်ဆောက်ခြင်း၊ ဆန်းသစ်တီထွင်မှုရှိသည့် တရုတ်-အာဆီယံ အသိုက်အဝန်းဆီသို့ ဦးတည်ခြင်း"သည် အထူးဆီလျော်မှုရှိပြီး အချိန်ကိုက်ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် "အာဆီယံ-တရုတ် ဆန်းသစ်တီထွင်မှုနှစ်" သတ်မှတ်ချက်အောက်မှ ဆောင်ရွက်သွားမည့် စီမံချက်များနှင့် လှုပ်ရှားဆောင်ရွက်ချက်များကို ကြိုဆိုပါကြောင်း၊ ယခုနှစ် နိုဝင်ဘာလတွင် ကျင်းပပြုလုပ်မည့် (၂၁)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးတွင် "သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အာဆီယံ-တရုတ် ပူးတွဲကြေညာချက်" ထုတ်ပြန်သွားရန် တရုတ်နိုင်ငံ၏ အဆိုပြုချက်ကို မိမိတို့အနေဖြင့် ကြိုဆိုထောက်ခံပါကြောင်း။

ကမ္ဘာ့စီးပွားရေး မတည်ငြိမ်မှုများ ဖြစ်ပေါ်နေသည့် ယနေ့အချိန်တွင် မိမိတို့အနေဖြင့် ပိုမိုတီထွင်ဆန်းသစ်ရန် လိုအပ်သည့်အပြင် မျှဝေမှုရှိသည့် စီးပွားရေး၊ ဒစ်ဂျစ်တယ် စီးပွားရေး၊ ခေတ်မီနည်းပညာ အသုံးပြုသည့် ကုန်သွယ်မှုနှင့် စတုတ္ထစက်မှုခေတ်ပြောင်း တော်လှန်ရေးတို့ကနေ ဖြစ်ပေါ်လာသည့် အခွင့်အရေးများကို အကျိုးရှိရှိ အသုံးချသွားရမည်ဖြစ်ပါကြောင်း။

တစ်ချိန်တည်းတွင် အာဆီယံ-တရုတ် မဟာဗျူဟာမြောက်ဆက်ဆံရေးကို ပိုမိုအရှိန်မြှင့်တင်သွားနိုင်ရန်အတွက် သိပ္ပံ၊ ဒစ်ဂျစ်တယ်နှင့် နည်းပညာတိုးတက်မှုများကြောင့် ဖြစ်ပေါ်လာမည့် နယ်ပယ်ကဏ္ဍသစ်များတွင်လည်း ပူးပေါင်းဆောင်ရွက်နိုင်ရန် ရှာဖွေဖော်ထုတ်သွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံများအကြားတွင် ရပ်ပိုင်းဆိုင်ရာ ပေါင်းစပ်ဆက်သွယ်မှုများ တိုးတက်ကောင်းမွန်လာမည်ဆိုလျှင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး ပြည်သူချင်း ဆက်သွယ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများလည်း ပိုမိုအားကောင်းလာမည်ဟု မိမိတို့အနေဖြင့် ယုံကြည်ထားပါကြောင်း။

**ရပ်ဝန်းနှင့် လမ်းကြောင်းစီမံကိန်းကို အလေးထား**

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် ရှည်လျားသည့် နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ "ရပ်ဝန်းနှင့် လမ်းကြောင်းစီမံကိန်း"၏ အရေးပါမှုကို အလေးထားပါကြောင်း၊ ထို့ကြောင့် ၂၀၁၇ ခုနှစ် မေလတွင် ပေကျင်းမြို့၌ ကျင်းပခဲ့သည့် "ရပ်ဝန်းနှင့် လမ်းကြောင်းဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်"တွင် ပါဝင်တက်ရောက်ခဲ့ပါကြောင်း။

အဆိုပါ ရပ်ဝန်းနှင့် လမ်းကြောင်းစီမံကိန်း အောင်မြင်ရန်အတွက် ပြည်သူအချင်းချင်း ကောင်းမွန်သည့် ဆက်ဆံရေးရှိရန်နှင့် တည်ငြိမ်အေးချမ်းသည့် ပတ်ဝန်းကျင်ရှိရန် အရေးကြီးသည်ဟု မြန်မာနိုင်ငံအနေဖြင့် ရှုမြင်ထားပါကြောင်း။

အာဆီယံ ပေါင်းစပ်ဆက်သွယ်မှု မဟာစီမံကိန်း (၂၀၂၅)ကို အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီပေးသည့် အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်နှင့် ပင်လယ်ရေကြောင်း ပိုးလမ်းမဘဏ်တို့အပါအဝင် တရုတ်အစိုးရ၏ ကူညီပံ့ပိုးပေးမှုများနှင့် ဆန်းသစ်တီထွင်မှုရှိသည့် ဆောင်ရွက်လှုပ်ရှားမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း။

ရပ်ဝန်းနှင့် လမ်းကြောင်းစီမံကိန်းတွင် အရေးပါသည့် အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်သည့် (၂၁)ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမသည် ပါဝင်ဆောင်ရွက်မည့် နိုင်ငံများအကြား ပင်လယ်ရေကြောင်း ကုန်သွယ်မှုကွန်ရက်၊ ရပ်ပိုင်းဆိုင်ရာ ပေါင်းစပ်ဆက်သွယ်မှု၊ ဆိပ်ကမ်း၊ သင်္ဘောနှင့် ကုန်စည်ပို့ဆောင်ခြင်း လွယ်ကူအဆင်ပြေစေမှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုများ ရှိလာစေရန်အတွက် ကူညီပံ့ပိုးပေးနိုင်လိမ့်မည်ဟု မိမိတို့မျှော်လင့်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် ဘင်္ဂလားပင်လယ်အော်ကမ်းခြေတွင် ရှိသည့် ကျောက်ဖြူရေနက်ဆိပ်ကမ်း အပါအဝင် လက်ရှိဆောင်ရွက်နေသည့် အခြေခံအဆောက်အအုံ စီမံချက်များ ပိုမိုတိုးတက်လာစေရန်အတွက်လည်း တရုတ်နိုင်ငံနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်နေပါကြောင်း။

အခါအခွင့်သင့်ခိုက် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုများကို ဆက်လက် ကူညီပံ့ပိုးပေးသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအပေါ် ကျေးဇူးတင်ရှိပါသည်ဟု ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံချင်းအနေဖြင့်ဖြစ်စေ၊ အာဆီယံ-တရုတ် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးမူဘောင်အောက်မှဖြစ်စေ တရုတ်နိုင်ငံနှင့် ခင်မင်ရင်းနှီးသည့် ဆက်ဆံမှု၊ နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဆက်လက်ထိန်းသိမ်းထားရှိသွားမည် ဖြစ်ပါကြောင်း။

(၂၁)ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမနှင့် ဆန်းသစ်တီထွင်မှုရှိသည့် အာဆီယံ-တရုတ် အသိုက်အဝန်းတို့ကို ပူးတွဲတည်ဆောက်သည့်နေရာတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားနိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားမည်ဆိုသည့် မိမိတို့၏ ခိုင်မြဲသည့် ကတိကဝတ်ကို ထပ်လောင်းပြောကြားရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

**ထိပ်သီးအစည်းအဝေးကို ဖွင့်လှစ်ပေး**

ယင်းနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အကြီးအကဲများက မိန့်ခွန်းများ ပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် အကြီးအကဲများက (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ နန်နင်းမြို့မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်တို့နှင့်အတူ (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ပြသသည့် မြန်မာနိုင်ငံကိုယ်စားပြု ကုန်စည်ပြခန်းဆောင်နှင့် ယခုနှစ်အတွက် မြန်မာနိုင်ငံ၏ ဘားအံမြို့ကို နှစ်လိုဖွယ်ရာမြို့(City of Charm)အဖြစ် ရွေးချယ်သတ်မှတ်၍ ဖွင့်လှစ်ပြသထားရှိသည့် မြန်မာအမျိုးသား ပြခန်းဆောင်တို့ကို လှည့်လည်ကြည့်ရှုပြီး ၎င်းပြခန်းဆောင်တွင် ကုန်စည်ပြပွဲကာလအတွင်း ဖျော်ဖြေတင်ဆက်မည့် ကရင်ရိုးရာအက ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးခဲ့သည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံကိုယ်စားပြု ကုန်စည်ပြခန်း၌ ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် တရုတ်သတင်းဌာနများမှ မီဒီယာသမားများအား လိယွမ်အစိုးရဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံပြီး ၎င်းတို့မေးမြန်းသည့် နှစ်နိုင်ငံအကြား ဆက်ဆံရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် အာဆီယံ-တရုတ် သတင်းအချက်အလက်ဗဟိုဌာန (China-ASEAN Information Harbor) သို့ သွားရောက်လေ့လာသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့သည် နန်နင်းမြို့ အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ ရောက်ရှိပြီး ကောင်စစ်ဝန်ချုပ်ရုံးမှ ဝန်ထမ်းများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ပညာတော်သင်ရောက်ရှိနေကြသော ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# သူ့မြေမှာ ဖူးပြောပွင့်ရင်ဖြင့်

**ဇင်ဝိုင်း**

မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ချက်နဲ့ ကိုရီးယားနိုင်ငံကို သွားရောက်လေ့လာတဲ့ ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်တဲ့ လေ့လာရေးအဖွဲ့မှာ အဖွဲ့ဝင်တစ်ဦးအဖြစ်နဲ့ လီမင်ဟိုတို့ဌာနေ ကိုရီးယားမြေမှာ (၂၉-၈-၂၀၁၈ ရက်နေ့မှ ၃-၉-၂၀၁၈ ရက်နေ့အထိ) သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။

အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နဲ့အတူ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ကိုယ်စားလှယ်အဖြစ် ကျွန်တော်နဲ့ ရုပ်သံလွှင့်မီဒီယာများ၊ အခြားတာဝန်ရှိသူများ ပါဝင်ကြပါတယ်။

ခရီးစဉ်အသေးစိတ်ကိုရေးပြနေရင် ခရီးသွားမှတ်တမ်းတစ်စောင်လို ရှည်လျားထွေပြားနေဖွယ်ရှိတာမို့ မရေးလိုတော့ပါဘူး။ ဒီဆောင်းပါးရဲ့ရည်ရွယ်ချက်က ကိုရီးယားနိုင်ငံရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်လာခြင်းရဲ့ အကြောင်းရင်းကိုသာ ဖော်ပြလိုတာမို့ အဓိကအချက်များကိုသာ တင်ပြဖို့ရည်ရွယ်ပါတယ်။

**ကိုရီးယားရုပ်ရှင်နှင့် မြန်မာ့ရုပ်ရှင်**

ဒီနေရာမှာ ကိုရီးယားရုပ်ရှင်လောကရဲ့ ဖြတ်သန်းလာရတဲ့ သမိုင်းကြောင်းကိုလည်း အကျဉ်းအားဖြင့် သိထားစေဖို့ ပထမဦးစွာ တင်ပြပါရစေ။

ကိုရီးယားရုပ်ရှင်ကို ၁၉၁၉ ခုနှစ်မှာ စတင်ခဲ့တော့ မြန်မာ့ရုပ်ရှင်ထက် တစ်နှစ်စောတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဖြတ်သန်းမှုသမိုင်းကြောင်းကို ကြည့်ပြန်တော့လည်း မြန်မာ့ရုပ်ရှင်နဲ့ အတော်လေးကို တူညီနေတာကိုလည်း တွေ့ရပါတယ်။

ကိုရီးယားရုပ်ရှင်ရဲ့ ဖြတ်သန်းမှုကိုကြည့်ရင် ဂျပန်ရဲ့ ကိုလိုနီဘဝ၊ စစ်အစိုးရ၊ အာဏာရှင်အစိုးရနဲ့ ဒီမိုကရေစီအစိုးရလက်အောက်များမှာ မြန်မာ့ရုပ်ရှင်လိုပဲ နိမ့်တစ်ခါ မြင့်တစ်လှည့်နဲ့ ဖြတ်သန်းခဲ့ရတာကို တွေ့မြင်ရပါတယ်။ အဖိနှိပ်ခံရတာ၊ အချုပ်ကိုင်ခံရတာလည်း မြန်မာ့ရုပ်ရှင်လောကနဲ့ တစ်ထပ်တည်းပါပဲ။

၁၉၉၇ ခုနှစ်မှာတော့ ခေတ်သစ်ရုပ်ရှင်လောကရဲ့ အရုဏ်ဦးအဖြစ် အမြော်အမြင်ရှိတဲ့အစိုးရက ကိုရီးယားရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ဖို့ မူဝါဒတစ်ရပ်ချမှတ်ပြီး အပြောင်းအလဲတွေ စတင်ခဲ့ပါတယ်။ အဓိကကတော့ ကိုရီးယား ရုပ်ရှင်ဥပဒေကို ပြန်ရေးဆွဲခြင်းပါပဲ။ ဒီဥပဒေထဲမှာ ကိုရီးယားရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေဖို့ ရုပ်ရှင်လောကကို အကာအကွယ်ပေးတဲ့ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်စေမယ့်အချက်များကိုထည့်သွင်းရေးဆွဲ ပြဋ္ဌာန်းပေးခဲ့ပါတယ်။

အဲဒီထဲက အဓိကကျတဲ့ အချက်တွေကတော့

(၁) လွတ်လပ်စွာ အနုပညာဖန်တီးမှုအတွက် မရိုက်မီဇာတ်လမ်းတင်ခိုင်း၊ ရိုက်ပြီးဖြတ်တောက်ခိုင်းတဲ့ အစိုးရက ဖွဲ့စည်းထားတဲ့ ဆင်ဆာဘုတ်အဖွဲ့ကို ဖျက်သိမ်းပြီး လွတ်လပ်တဲ့ Rating Board ဇာတ်ကားအဆင့်အတန်းသတ်မှတ်ရေးအဖွဲ့ကို ဖွဲ့စည်းကာ ရိုက်ကူးပြီးဇာတ်ကားများကို အဆင့်ငါးဆင့်ခွဲခြားသတ်မှတ်ခြင်း၊

(၂) ရုပ်ရှင်ရဲ့ အခြေခံအဆောက်အအုံများဖြစ်တဲ့ ခေတ်မီစတူဒီယိုများ၊ ရုပ်ရှင်ရုံများ၊ Post House များ တည်ထောင်ခြင်း၊

(၃) ရုပ်ရှင်လောကရဲ့ လူသားအရင်းအမြစ်ဖြစ်ကြတဲ့ အနုပညာ၊ အတတ်ပညာရှင်များကို အဆင့်မြှင့်တင်ပေးဖို့နဲ့ မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ဖို့ ရုပ်ရှင်သင်တန်းကျောင်းများ၊ တက္ကသိုလ်များ ထူထောင်ခဲ့ခြင်းစသည်တို့ကို ထည့်သွင်းပြဋ္ဌာန်းခဲ့ပါတယ်။

**အချက်သုံးချက်ကို အကောင်အထည်ဖော်**

ဒါတွေကို စီမံခန့်ခွဲအကောင်အထည်ဖော်ဖို့အတွက် ကိုရီးယားဖလင်ကောင်စီ၊ ဆိုးလ်ဖလင်ကောင်စီ၊ ဘူဆန်ဖလင်ကောင်စီစတာတွေကိုလည်း လွတ်လပ်တဲ့ ရုပ်ရှင်အဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေနဲ့ ဥပဒေနဲ့အညီ ဖွဲ့စည်းတည်ထောင်ခဲ့ကြပါတယ်။

ဒီဖွဲ့စည်းလိုက်တဲ့ ရုပ်ရှင်အဖွဲ့အစည်းတွေအနေနဲ့ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ဖို့၊ အကောင်အထည်ဖော်ဖို့အတွက် အစိုးရရဲ့ထည့်ဝင်ငွေ၊ မြို့တော်ကောင်စီများရဲ့ ထည့်ဝင်ငွေ၊ ရုံတင်ရုပ်ရှင်ဇာတ်ကားများရဲ့ဝင်ငွေမှ အချိုးကျထည့်ဝင်ငွေ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်ကြီးများရဲ့ ပူးပေါင်းပါဝင်မှုစတာတွေနဲ့ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေမယ့် ရုပ်ရှင်ဥပဒေပါအထက်က အချက်သုံးချက်ကို အကောင်အထည်ဖော်ကြပါတယ်။

ဒီလိုအကောင်အထည်ဖော်ရာမှာ ပုဂ္ဂလိကစီးပွားရေးကုမ္ပဏီကြီးများဖြစ်ကြတဲ့ ဒေဝူးကုမ္ပဏီ၊ ဆမ်ဆောင်းနဲ့ အခြားကုမ္ပဏီကြီးများရဲ့ ပံ့ပိုးကူညီမှုများဟာလည်း ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်မှု အရှေ့ကို ပိုလို့မြန်ဆန်စေခဲ့တယ်လို့ ဆိုပါတယ်။

ဒီနေရာမှာ ထူးခြားမှုတစ်ခုက အဲဒီရုပ်ရှင်နဲ့ပတ်သက်တဲ့ ကိုရီးယားဖလင်ကောင်စီဆိုရင် အစိုးရရဲ့အထောက်အပံ့၊ ဆိုးလ်ဖလင်ကောင်စီဆိုရင် ဆိုးလ်မြို့တော် မြူနီစီပယ်ကောင်စီရဲ့ အထောက်အပံ့၊ ဘူဆန်ဖလင်ကောင်စီဆိုရင် ဘူဆန်မြို့တော်မြူနီစီပယ်ကောင်စီရဲ့ အထောက်အပံ့နဲ့ ရပ်တည်ရုံမက အဲဒီကောင်စီများမှာ မြို့တော်ဝန်များက နာယကကြီးများအနေနဲ့ ပါဝင်ကြပေမယ့် ရုပ်ရှင်နဲ့ ပတ်သက်တဲ့မူဝါဒတွေ၊ စီမံကိန်းတွေကို အဲဒီရုပ်ရှင်ကောင်စီများအနေနဲ့ အနှောင်အဖွဲ့ကင်းစွာ လွတ်လွတ်လပ်လပ်လုပ်ကိုင်ခွင့်ရကြခြင်းပဲ ဖြစ်ပါတယ်။

"ကျွန်တော်တို့မှာ ရုပ်ရှင်အသင်းအဖွဲ့အသီးသီးက ရွေးချယ်စေလွှတ်လိုက်တဲ့ ကိုယ်စားလှယ်ရှစ်ဦးနဲ့ ကော်မတီဖွဲ့ထားပါတယ်။ ကျွန်တော်တို့လက်အောက်မှာ ဝန်ထမ်းအဖွဲ့အစည်းရှိပြီး ဝန်ထမ်းပေါင်းရာနဲ့ချီရှိပါတယ်။ အစိုးရရဲ့ နှစ်စဉ်ထောက်ပံ့ငွေ၊ ရုပ်ရှင်ရုံဝင်ငွေရဲ့ ငါးရာခိုင်နှုန်းကောက်ခံရရှိငွေတွေနဲ့ စီမံကိန်းတွေကို လွတ်လပ်စွာအကောင်အထည်ဖော်ကြပါတယ်"

ဒါကတော့ Korean Film Council (KOFIC) ဥက္ကဋ္ဌရဲ့ ပြောစကားဖြစ်ပါတယ်။

"ရုပ်ရှင်တွေကို လွတ်လပ်စွာဖန်တီးလာနိုင်တာနဲ့အမျှ ပရိသတ်စိတ်ဝင်စားတယ်၊ ဝင်ငွေတိုးတက်လာတယ်။ ဒီဝင်ငွေထဲက ငါးရာခိုင်နှုန်းကို အခြေခံအဆောက်အအုံတွေ၊ လူသားအရင်းအမြစ်တွေအတွက် ပြန်သုံးတယ်။ အဲဒီလို သုံးတော့ ပိုမိုအဆင့်အတန်းမြင့်တဲ့ ရုပ်ရှင်ဇာတ်ကားတွေကို ဖန်တီးလာနိုင်တယ်။ ဒီတော့ ဈေးကွက်ကျယ်ပြန့်လာတယ်။ ဝင်ငွေထပ်တိုးလာပြန်တယ်။ ကျွန်မတို့အနေနဲ့ ကိုရီးယားရုပ်ရှင်တွေအတွက် "အကောင်းကျော့သံသရာ စက်ဝိုင်းတစ်ခု"ကို ဖန်တီးနိုင်ခြင်းပါပဲ"

Coffee Shop မှာ ထိုင်ရင်းပြောပြတဲ့ Busan Film Commission Location Manager ဆိုးဝန်ရဲ့ပြောစကားဖြစ်ပါတယ်။

**ခွဲဝေသုံးစွဲ**

ကိုရီးယားရုပ်ရှင်ဥပဒေမှာ ပြည်တွင်းထုတ်လုပ်တဲ့ ရုပ်ရှင်ဇာတ်ကားများအပေါ် ပွဲခွန်တော်(သို့မဟုတ်) ရောင်းဝယ်ခွန်ကို အစိုးရကကောက်ခံခြင်းမရှိဘဲ ရုပ်ရှင်ရုံတင်ပြသလို့ရတဲ့ ဝင်ငွေရဲ့ ငါးရာခိုင်နှုန်းကို ဖြတ်တောက်ပြီး ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်စေဖို့အတွက်အထက်ပါအဖွဲ့အစည်းများက ခွဲဝေသုံးစွဲကြပါတယ်။

"၁၉၉၇ ခုနှစ်မတိုင်ခင်က တစ်နိုင်ငံလုံးမှာ ပိတ်ကားပေါင်း ၂၀၀ ကျော်ရှိခဲ့ရာမှ အခု ၂၀၁၈ ခုနှစ်မှာ ရုပ်ရှင်ပိတ်ကားပေါင်း ၂၇၀၀ ရှိခဲ့ပါတယ်။ ဒီအခန်းထဲကနေပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ ရုပ်ရှင်ရုံတွေမှာ ဘယ်ဇာတ်ကားပရိသတ်ဘယ်လောက်ကြည့်ရှုပြီး ဝင်ငွေဘယ်လောက်ရတယ်ဆိုတာ ရုပ်ရှင်တစ်ပွဲချင်းအထိ အတိအကျသိနိုင်ပါတယ်။ ဒီကိန်းဂဏန်းတွေဟာ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ဖို့ အလွန်အရေးကြီးတယ်"

ဝန်ထမ်းပေါင်း ၄၀ ကျော်နဲ့ တစ်နိုင်ငံလုံးကရုပ်ရှင်ရုံ ၂၇၀၀ ကို ကွန်ပျူတာစနစ်နဲ့ ချိတ်ဆက်ဆောင်ရွက်နေတဲ့ "ရုံတင်ပြသရေးစီမံမှုဌာန" အကြီးအကဲရဲ့ပြောစကားပဲဖြစ်ပါတယ်။

လက်ရှိကျွန်တော်တို့ ရုပ်ရှင်လောကမှာ D ရယ်၊ E ရယ်လို့ အတော်လေးအငြင်းပွားနေတဲ့ ပြသရေးစနစ်နဲ့ ပတ်သက်ပြီး "ကိုရီးယားမှာ ရုပ်ရှင်ကိုစနစ်ဘယ်နှမျိုးနဲ့ ပြပါသလဲ" လို့ ကျွန်တော်ကမေးတော့...

"ဟောလိဝုဒ်ကရော၊ ရုပ်ရှင်တိုးတက်တဲ့နိုင်ငံတွေအများစုကရော ရုပ်ရှင်ဆိုရင် DCP (Digital Cinema Package) နဲ့ပဲ သတ်မှတ်ပါတယ်။ ကိုရီးယားမှာလည်း ၁၀၀ ရာခိုင်နှုန်း (DCP) DCI Compliant စနစ်နဲ့သာ ရိုက်ကူးပြသပါတယ်" လို့ ဖြေပါတယ်။

KOFIC ရဲ့တာဝန်ရှိသူများက မြန်မာ့ရုပ်ရှင်အကြောင်း သိချင်ပါတယ်ဆိုလို့ ပြန်ကြားရေးဝန်ကြီးရဲ့ခွင့်ပြုချက်နဲ့ မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းနဲ့ လက်ရှိအခြေအနေကို ကျွန်တော်ကပဲ မခြွင်းမချန်ပြောပြခဲ့ပါတယ်။ ဒီနေရာမှာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်ကို အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်လိုပါတယ်။ ရောက်တဲ့နေရာမှာ တွေ့တဲ့အဖွဲ့တိုင်းနဲ့ မိတ်ဆက်ပေးရာမှာ ကျွန်တော့်ကိုလွတ်လပ်တဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ဥက္ကဋ္ဌတစ်ဦး သာမက ရုပ်ရှင်သရုပ်ဆောင်တစ်ဦးလည်းဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ဖို့ ကိုရီးယားရုပ်ရှင်ပညာရှင်များအနေနဲ့ အားမနာတမ်း ပွင့်လင်းစွာအကြံပေးကြဖို့ စေတနာရှိရှိ လမ်းဖွင့်ပေးခဲ့တဲ့အတွက် အခုလိုတန်ဖိုးကြီးလှတဲ့ အကြောင်းအရာတွေကို သိခွင့်ရခဲ့တာပါ။

**လွတ်လပ်စွာအနုပညာဖန်တီးခွင့်**

"တို့ဆီမှာ ရုပ်ရှင်မရိုက်ခင် ဇာတ်လမ်းတင်စရာမလိုဘူး။ လွတ်လပ်စွာအနုပညာဖန်တီးခွင့်ကို အထူးကာကွယ်ပေးတယ်။ ဒီလိုပဲ ကြည့်ရှုတဲ့ပရိသတ် အထူးသဖြင့် ကလေးသူငယ်များနဲ့ လူငယ်များအကျိုးကိုလည်း တစ်ဖက်ကကြည့်ရတယ်။ ရုပ်ရှင်ဇာတ်ကားတွေကို ဖြတ်တောက်ခြင်းမပြုဘူး။ ကြည့်ရှုတဲ့အသက်အရွယ်အလိုက် အဆင့်သတ်မှတ်ပေးတယ်"

"အဆင့်(၅)ဆင့်ခွဲခြားပြီး သတ်မှတ်ပေးတယ်။ တချို့ဇာတ်ကားတွေက သူတို့လိုချင်တဲ့အဆင့်နဲ့ သူတို့ရိုက်ထားတဲ့ တချို့ဇာတ်ဝင်ခန်းတွေက ခွင့်ပြုလို့မရဘူး။ အဲဒါမျိုးကျ သူတို့လိုချင်တဲ့ အဆင့်မျိုးရအောင် ကျွန်မတို့က ပြန်ပြင်ရိုက်ခိုင်းတယ်။ ဒါပေမယ့် ဘယ်လိုပြန်ပြင်ပါလို့ ကျွန်မတို့က ညွှန်ကြားခြင်းမရှိပါဘူး"

ဒါကတော့ Korea Media Rating Board ဥက္ကဋ္ဌရဲ့ ရှင်းပြမှုပဲ ဖြစ်ပါတယ်။ တစ်ဆက်တည်းရှင်းပြတာက "၁၉၉၇ ခုနှစ်နဲ့ Rating စနစ်ပြောင်းပြီးနောက်ပိုင်း ရုပ်ရှင်လေး၊ ငါးကားကို တချို့လူပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်းတွေက တရားစွဲဆိုတာရှိခဲ့ပါတယ်။ ဒါပေမယ့် တစ်မှုမှအပြစ်မကျခဲ့ဘူး။ လွတ်လပ်စွာအနုပညာဖန်တီးခွင့်ကို ဥပဒေနဲ့အညီ အပြည့်အဝကာကွယ်ပေးထားလို့ပါ"

တစ်ဆက်တည်းမှာပဲ Rating Board အဖွဲ့ဝင်တွေ အကဲဖြတ်နေတဲ့ ဇာတ်ကားတစ်ကားရဲ့ ဇာတ်ဝင်ခန်းတစ်ခုကိုလည်း လေ့လာခွင့်ရခဲ့ပါတယ်။ ကမ္ဘာကျော် Taxi Driver ဇာတ်ကားထဲက နာမည်ကြီးမင်းသားကြီး ကင်ဟိုဆောင်း ပါဝင်တဲ့ ဇာတ်ကားတစ်ခုပါ။

လမ်းကြားတစ်ခုထဲမှာ ကင်ဟိုဆောင်း...နဲ့ လူငါးယောက်တို့ ဓားကိုယ်စီနဲ့ တိုက်ခိုက်နေကြတယ်။ လူတစ်ယောက်ရဲ့လည်ပင်းက သွေးတွေပန်းထွက်၊ ကင်ဟိုဆောင်းနဲ့ လူတစ်ယောက်လုံးထွေးပြီး လမ်းပေါ်လဲကျသွားပြီ။ ကင်ဟိုဆောင်းရဲ့ လက်ထဲကဓားက အောက်ကလူရဲ့ဝမ်းဗိုက်ထဲနစ်ဝင်သွားတာကို အနီးကပ်ရိုက်ချက်နဲ့ပြတယ်။ ဓားကို ဆွဲထုတ်လိုက်တော့ ပန်းထွက်လာတဲ့ သွေးတွေက ကင်မရာမှန်ဘီလူးကို လာစဉ်ပါတယ်။

နံဘေးမှာရှိနေတဲ့ ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံးကို ရောက်ဖူးတဲ့ Rating Board က မိန်းမချောလေးကို "ဒီအခန်းကို ပြင်ရိုက်ခိုင်းမှာလား"လို့ ကျွန်တော်ကမေးတော့..သူ့အဖြေ က "No..No..This is 18+ "ပါတဲ့။

"၁၉၉၉ ခုနှစ်မှာ Yellow Hair ဇာတ်ကားနဲ့ Lies ဇာတ်ကား၊ ၂၀၁၀ ပြည့်နှစ်မှာ I Saw the devil ဇာတ်ကား၊ ၂၀၁၄ မှာ The interview ဇာတ်ကားတွေနဲ့ အငြင်းပွားမှုတွေရှိခဲ့တယ်။ Lies ဇာတ်ကားထုတ်လုပ်သူက Rating Board ကို တရားစွဲတဲ့အထိ ဖြစ်ကြတယ်။ နောက်ဆုံး နှစ်ဦးနှစ်ဖက်ပိုကောင်းမွန်တဲ့ အဖြေတစ်ခုကို ရှာနိုင်ခဲ့ကြတယ်။ အဆင့်သတ်မှတ်ပေးနိုင်ခဲ့တယ်။ အဲဒီလို အငြင်းပွားတဲ့အခါ လူပိုကြည့်အောင် လုပ်ပေးသလိုလည်း ဖြစ်သွားတယ်။ The interview ဇာတ်ကားဆို ရုံတင်ခွင့်မပေးဘူး။ ဒါပေမယ့် အပြင်မှာ Black Market မှာ ပြတယ်။ ဒါကို အရေးယူဖို့မရှိဘူး" လို့ သူကဆက်ရှင်းပြပါတယ်။

**ရုပ်ရှင်မျိုးဆက်သစ်**

ရုပ်ရှင်မျိုးဆက်သစ်တွေကို မွေးထုတ်ပေးနေတဲ့ ဘူဆန်ရုပ်ရှင်အကယ်ဒမီ၊ Busan Asian Film School နဲ့ Korea National University of Arts ကိုလည်း ရောက်ရှိ လေ့လာခွင့်ရပါတယ်။ Busan Asian Film School ကို လေ့လာလို့အပြီး ဒီကျောင်းမှာ ရုပ်ရှင်ထုတ်လုပ်မှုစီမံခန့်ခွဲရေးဘာသာရပ်ကို ရှစ်လတာ လာရောက်သင်ယူနေတဲ့ မြန်မာနိုင်ငံက မောင်စိုးအာကာထွန်းကို အဖွဲ့က မုန့်ဖိုးချီးမြှင့်တော့ အိမ်ရှင် ကိုရီးယားမိတ်ဆွေကပါ ဝမ်းသာအားရ သြဘာပေးကြတာလည်း ကြည်နူးစရာပါ။

ဒါ့အပြင် ရုပ်ရှင် ဇာတ်ကားတစ်ကားလုံးကို အစအဆုံး ဖန်တီးရိုက်ကူးနိုင်သည်အထိ အဆင့်မြင့်နည်းပညာများနဲ့ တည်ဆောက်ထားတဲ့ Seoul Cinema Studio ကြီးကို ရောက်တော့ ...

"ဘယ်လောက်ပဲ နည်းပညာတွေ အဆင့်မြင့်လာပေမယ့် ရုပ်ရှင်ရိုက်ကူးဖို့အတွက် စတူဒီယိုဆိုတာ မဖြစ်မနေလိုအပ်နေဦးမှာပါ။ ပြင်ပမှာရိုက်ကူးခြင်းထက် အချိန်၊ ငွေ၊ လုပ်အားတွေ သက်သာစေတယ်။ အထူးသဖြင့် ဖန်တီးကြတဲ့၊ ပါဝင်သရုပ်ဆောင်ကြတဲ့ အနုပညာရှင်တွေရဲ့ စျာန်ဝင်စားမှုကို၊ အာရုံစူးစိုက်မှုကို အကာအကွယ်ပေးနိုင်တာက စတူဒီယိုအတွင်း ရိုက်ကူးမှုရဲ့ အရေးအကြီးဆုံးအကျိုးကျေးဇူးတစ်ခုပါပဲ"

စတူဒီယိုကြီးရဲ့ တာဝန်ခံအကြီးအကဲရဲ့ မှတ်ချက်ပဲ ဖြစ်ပါတယ်။

Seoul Film Commission ကို ရောက်ကြတော့ ကော်မရှင်အဖွဲ့ဝင်လည်းဖြစ်၊ ကိုရီးယားရုပ်ရှင် ဒါရိုက်တာအသင်းရဲ့ ဥက္ကဋ္ဌလည်းဖြစ်တဲ့ နာမည်ကျော်ဒါရိုက်တာကြီး အီဂျန်းဟိုးက -

"လွတ်လပ်စွာအနုပညာဖန်တီးမှုက ရုပ်ရှင်တိုးတက်ဖို့အတွက် အရေးကြီးဆုံးအချက်ပဲ။ ကိုယ်ရိုက်တဲ့ရုပ်ရှင်ကို လူတွေ အချိန်ကုန်၊ပိုက်ဆံကုန်ခံလာကြည့်ဖို့ဆိုတာ လွယ်တာမှမဟုတ်တာ။ ဒီလိုလာကြည့်စေဖို့ လွတ်လပ်စွာဖန်တီးနိုင်မှ ဆွဲဆောင်နိုင်မှာ"



ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းဆိုင်ရာများ လေ့လာရေး မြန်မာကိုယ်စားလှယ်အဖွဲ့ သြဂုတ် ၂၉ ရက်က ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ဘူဆန်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုလေ့လာကြစဉ်။

*စာမျက်နှာ ၁၂ သို့*

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ **ပြည်သူ့လွှတ်တော်တွင် မေးခွန်းများမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်းများ ဆောင်ရွက်ရာတွင် မေးခွန်းမေးမြန်းချိန်ကို (၅) မိနစ်အစား (၆) မိနစ်သို့ လည်းကောင်း၊ အဆိုဆွေးနွေးချိန်ကို (၆) မိနစ်အစား (၅) မိနစ်သို့ လည်းကောင်း ပြောင်းလဲသတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာလှမိုးက ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်နည်းဥပဒေများအတိုင်း မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆို ဆွေးနွေးချိန်နှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော် နည်းဥပဒေ ၂၉ အရ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေး ကျင်းပနေစဉ်အတွင်း ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့်သာ လွှတ်တော်အတွင်း ဆွေးနွေးခွင့်ရှိသည်ဟု သတ်မှတ်ပြဋ္ဌာန်းထားသည့်အတွက် လွှတ်တော်အတွင်း ဆွေးနွေးချိန်သတ်မှတ်ခြင်းမှာ လွှတ်တော်ဥက္ကဋ္ဌ၏ ဆောင်ရွက်ခွင့်ရှိသော အရာများသာဖြစ်ပါကြောင်း၊ လက်ရှိလွှတ်တော်ဥက္ကဋ္ဌမှ လက်ရှိအဆိုဆွေးနွေးချိန်ကို (၆) မိနစ် သတ်မှတ်ပေးခြင်းသည် ကိုယ်စားလှယ်တစ်ဦးအတွက် ပြည့်စုံလုံလောက်စွာ ဆွေးနွေးနိုင်သော မနည်းလွန်းမများလွန်းသော သင့်တင့်သည့်ဆွေးနွေးချိန်သတ်မှတ်ခြင်းဖြစ်ပါ၍ ပြင်ဆင်ပြောင်းလဲရန်မရှိပါကြောင်း ဖြေကြားသည်။

## တိုင်ကြားချက်အရ သက်သေများ ခေါ်ယူရာတွင် မပြည့်စုံသည့်အတွက် ကြန့်ကြာနေရခြင်းဖြစ်

ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ၏ **ဘူးသီးတောင်မြို့နယ်တွင် တာဝန်ထမ်းဆောင်နေသော မြို့နယ်လဝက ဦးစီးမှူးသည် ဒေသခံတိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရာတွင် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုလုပ်ပြီး ငွေကြေးတံစိုးလက်ဆောင်တောင်းခံခြင်းအား အရေးယူပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အဆိုပါကိစ္စနှင့်ပတ်သက်၍ ရခိုင်ပြည်နယ် စစ်တွေခရိုင်ဦးစီးမှူး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေး အဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးခဲ့ပါကြောင်း၊ စစ်ဆေးတွေ့ရှိချက်များအရ လုပ်ထုံးလုပ်နည်းများ မှားယွင်းသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ တိုင်ကြားချက်အရ သက်သေများ ခေါ်ယူရာတွင် မပြည့်စုံသည့်အတွက် ကြန့်ကြာနေရခြင်းဖြစ်ပါကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအရ ဘူးသီးတောင်မြို့နယ်ဦးစီးမှူးကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအရ အပြစ်ဖော်ပြမှတ်တမ်းတင် လက်မှတ်ရေးထိုးစေခဲ့ပြီး စီမံခန့်ခွဲရေးနည်းလမ်းအရ ဒေသပြောင်းရွှေ့တာဝန်ချထားခဲ့ပါကြောင်း၊ အလားတူဖြစ်စဉ်များ ထပ်မံမဖြစ်ပေါ်စေရန် အလေးထားကြပ်မတ် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း၏ **မိုင်းကိုင်မြို့နယ်အတွင်းရှိ ဆန်ဟကျေးလက်ကျန်းမာရေးဌာနခွဲနှင့် မိုင်းယွန်းကျေးလက်ကျန်းမာရေးဌာနခွဲ တို့တွင် ကျန်းမာရေးဝန်ထမ်းများ ထပ်မံတိုးချဲ့ခန့်ထားပေးရန်၊ ဝန်ထမ်းအိမ်ရာများ အလုံအလောက် ဆောက်လုပ်ပေးရန်နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက် အဆောက်အဦများ အထူးဦးစားပေးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလု (ခ) ဦးရွှေလုဝင်း၏ **မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်များအသင်းက ခြံခတ်ကာရန် ပိတ်ဆို့ထားသော ရပ်ကွက်ကြီး ၃ ခု၏ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းကြီးကို ပြည်သူပိုင်အဖြစ် စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**၊ ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်း၏ **အများပြည်သူနှင့် လူငယ်မျိုးဆက်သစ်များ လေ့ကျင့်ကစားနိုင်ရေးအတွက် ကမာရွတ်မြို့နယ် အမှတ် (၉) ရပ်ကွက်အတွင်းရှိ တက္ကသိုလ်ဘောလုံးကွင်းများကို ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**၊ ရွှာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း၏ **ရွှာငံမြို့နယ် ဟန်မြင့်မိုရ်-ရွှာငံ-အောင်ပန်း လမ်းမကြီးပေါ်တွင် တည်ရှိသည့် မြိုင်တိုက်နယ်ဆေးရုံအား စံကိုက် အဆောက်အဦပုံစံဖြင့် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**၊ မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်း၏ **မိုးနဲမြို့နယ် ဘောလုံးအားကစားကွင်းအတွက် ပွဲကြည့်စင် တစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**တို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က ဆက်လက်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးစိုးသူရထွန်းက ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးခင်မောင်သန်းက ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းက ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို အကြံပြုဆွေးနွေးရာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာ လှမိုးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်းက ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ



ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ

ယင်းနောက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တင်သွင်းသည့် "လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးဝေလှိုင်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့သော "အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် လွှတ်တော်မှ အတည်ပြုနိုင်ရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

## "၂၀၁၈ ခုနှစ် လောင်းကစားဥပဒေကြမ်း" နှင့် စပ်လျဉ်းသည့် ပြင်ဆင်ချက်အဆိုကို လွှတ်တော်မှအတည်ပြုပေးနိုင်ရန် တင်သွင်းကြပြီး လွှတ်တော်က အတည်ပြု

ယင်းနောက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းနှင့် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦးက ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ တင်သွင်းသည့် "**၂၀၁၈ ခုနှစ် လောင်းကစားဥပဒေကြမ်း**" နှင့် စပ်လျဉ်းသည့် ပြင်ဆင်ချက်အဆိုကို လွှတ်တော်မှအတည်ပြုပေးနိုင်ရန် တင်သွင်းကြပြီး လွှတ်တော်၏ သဘောထားဆန္ဒရယူရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် တင်သွင်းသည့် "**နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေသည့် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေးအတွက် မဟာဗျူဟာချမှတ်၍ ထိရောက်စွာကိုင်တွယ်ဖြေရှင်းပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို**" နှင့်စပ်လျဉ်း၍ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင်၊ ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း၊ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၊ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး (ခ) ဦးနေမျိုး၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်နှင့် မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချို့ချို့ဝင်းတို့က ဆွေးနွေးကြသည်။

ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် တရားမဝင်ကုန်သွယ်မှုကိုဖြစ်စေသည့် အရင်းအမြစ်များကို ဦးစွာဖယ်ရှားရမည်ဖြစ်ပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုဆိုသည်မှာ နယ်ပယ်ကျယ်ပြန့်ပြီး အချို့ဒေသများတွင် အစိုးရယန္တရားလည်ပတ်မှု စနစ်တကျမရှိခြင်းနှင့် တရားဥပဒေစိုးမိုးမှု အားနည်းနေခြင်းတို့အပြင် အဂတိလိုက်စားမှုနှင့်လည်း သက်ဆိုင်ပတ်သက်နေပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုလုပ်ငန်း ပမာဏကြီးမားလာပါက ငွေပေးငွေယူလုပ်ငန်းကို ငွေသားဖြင့်မဟုတ်ဘဲ အွန်လိုင်းစနစ်ဖြင့် ငွေချေကြသည့်အတွက် တရားဝင်စာရင်းရရှိရန် ခက်ခဲပါကြောင်း၊ အကျိုးဆက်မှာ ငွေကြေးလည်ပတ်စီးဆင်းမှုလမ်းကြောင်းသည် မှောင်ခိုသမားများ၏လက်အတွင်း ရောက်ရှိနေပြီး ငွေမည်းများဖြစ်စေပါကြောင်း၊ ထိုမှတစ်ဆင့် အစိုးရ၏ ဘဏ္ဍာနှင့် ငွေကြေးစနစ် ယိုင်နဲ့စေပါကြောင်း။

အစိုးရ၏ ဝင်ငွေသည် အခွန်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရ၏ အစီရင်ခံစာအရ အခွန်ရငွေကျပ် ၇ ထရီလီယံပြနေခြင်းသည် နိုင်ငံတော်၏ စီးပွားရေးယန္တရားကို အစိုးရမှ ထိန်းချုပ်နိုင်ရန် အလားအလာကောင်းသည့် ခြေလှမ်းဖြစ်ပါကြောင်း၊ အဆိုပါ ခြေလှမ်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် တည်ငြိမ်သည့်အစိုးရနှင့် ပုံမှန်လည်ပတ်နေသည့် အစိုးရယန္တရားရှိရန် လိုအပ်ပါကြောင်း၊ ပုံမှန်အစိုးရယန္တရားလည်ပတ်နိုင်ရန် တိုင်းပြည်ငြိမ်းချမ်းမှုရှိရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းတည်ငြိမ်ပြီး ခေတ်မီတိုးတက်သည့် ပြည်ထောင်စုစနစ် ဖြစ်ပေါ်လာရေးအတွက် အခြေခံဥပဒေအပါအဝင် ပြင်သင့် ပြင်ထိုက်သည့် ခံယူလိုက်နာကျင့်သုံးနေသည့် တန်ဖိုးစနစ်များကို သေချာစွာသုံးသပ်၍ ပြောင်းလဲသင့်နေပြီဖြစ်ပါကြောင်း ဆွေးနွေးသည်။

တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်က တရားမဝင်ကုန်သွယ်မှုများသည် မြန်မာနိုင်ငံနှင့် ထိစပ်နေသည့် အိမ်နီးနားချင်းနိုင်ငံများမှတစ်ဆင့် ဝင်ရောက်လာခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် နယ်စပ်ဂိတ် (၁၇) ခုရှိပါကြောင်း၊ မည်သည့်နယ်စပ်ဂိတ်မှ မည်သို့သောပစ္စည်းများ ဝင်ရောက်လာသည်ကို သတိထားကြရမည်ဖြစ်ပါကြောင်း။

ထုတ်ကုန်ကဏ္ဍတွင် ကျောက်မျက်ရတနာများ၊ သစ်များနှင့် သစ်တောထွက်ပစ္စည်းများသည် တရားမဝင်လမ်းကြောင်းများမှ သွားနေသည်ကို သုတေသနတွေ့ရှိချက်အချို့ကို လေ့လာကြည့်နိုင်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးရေးတည်ဆောက်ရန် အခွန်အခမရရှိဘဲ အလေအလွင့်များ ဖြစ်နေပါကြောင်း၊ မူးယစ်ဆေးဝါးအပါအဝင် နယ်စပ်များမှ ဝင်ရောက်လာသည့် အရည်အသွေးမပြည့်မီသည့် ကုန်ပစ္စည်းများသည် လူသားအရင်းအမြစ်ကို ထိခိုက်စေပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုများသည် တိုင်းပြည်ကျဆုံးရန် လုပ်ဆောင်နိုင်သည့်အပြင် တရားဥပဒေစိုးမိုးရေးကိုလည်း များစွာထိခိုက်စေပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးဂိတ်များကို စနစ်တကျ သေချာစွာကြပ်မတ်၍ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်နေပြီဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုနှင့်စပ်လျဉ်း၍ တရားမဝင်ကုန်သွယ်မှုများနှင့် ပတ်သက်၍ အဓိကသက်ဆိုင်သည့် ဝန်ကြီးဌာနများမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ဖြစ်ပြီး ကျန်ဝန်ကြီးဌာနများတွင်လည်း သွယ်ဝိုက်သက်ဆိုင်သည့်ဝန်ကြီးဌာနများ ရှိမည်ဖြစ်ပါကြောင်း။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်တွင်းမှ ကုန်ပစ္စည်းများကို ပြည်ပသို့ တရားမဝင်တင်ပို့ခြင်း၊ ပြည်ပမှကုန်ပစ္စည်းများကို ပြည်တွင်းသို့ တရားမဝင် တင်သွင်းခြင်းများ ပြုလုပ်သည်ကို စစ်ဆေးတွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေနှင့် ပို့ကုန် သွင်းကုန်ဥပဒေများ၊ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရန် အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့နှင့် ပူးပေါင်း၍ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ပူးပေါင်းစစ်ဆေးရှာဖွေခြင်း၊ နယ်စပ်ဒေသများသို့ သွားလာနိုင်သည့် ဆက်သွယ်ရေးလမ်းများ၌ စစ်ဆေးရှာဖွေခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

## ပြည်နယ်တရားမဝင်ကုန်သွယ်မှုများ တားဆီးအရေးယူနိုင်ရေး အထူးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဇွန်လ ၁၂ ရက်မှစ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှလည်း ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိ

တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ လျော့နည်းကျဆင်းစေရန်အတွက် နယ်စပ်ဝင်ပေါက်များရှိသော ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် သက်ဆိုင်ရာဌာနများတွင် ပါဝင်သည့် ပြည်နယ်တရားမဝင်ကုန်သွယ်မှုများ တားဆီးအရေးယူနိုင်ရေး အထူးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဇွန်လ ၁၂ ရက်မှစ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှလည်း ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဖြေကြားချက်မှာ အကောက်ခွန်ဦးစီးဌာနအနေဖြင့် ရည်မှန်းချက် တာဝန်များနှင့်အညီ တရားမဝင်တင်သွင်း၊ တင်ပို့မှုများကို တည်ဆဲအကောက်ခွန်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ကြပ်မတ်ခြင်း၊ စုံစမ်းဖော်ထုတ်တားဆီးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ပိုမိုဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံး (၁၅) ရုံး၊ မြို့နယ်ရုံး (၂၆) ရုံး၊ OSS စခန်း (၁၅) ခုတို့အပြင် မန္တလေးတိုင်းဒေသကြီး (၁၆) မိုင်၊ ကျောက်ချောစစ်ဆေးရေးစခန်းနှင့် ရေပူ၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း နှစ်ခုနှင့် လှုပ်ရှားကင်းစခန်းများကို ထပ်မံဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့ဆိပ်ကမ်းများနှင့် မြဝတီမြို့တို့တွင် တပ်ဆင်အသုံးပြုနေပြီဖြစ်သည့် MACCS ( Myanmar Automated Cargo Clearance System ) စနစ်သည် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေပြီး တရားမဝင်ကုန်ပစ္စည်းများ ထိန်းချုပ်ရေးကို အထောက်အကူပြုနိုင်မည့် စနစ်တစ်ရပ်ဖြစ်ပါကြောင်း။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေလျက်ရှိပါကြောင်း။

အကောက်ခွန်ဦးစီးဌာနသည် နိုင်ငံတကာ ဝင်/ထွက် ပေါက်များတွင် ကျင့်သုံးသည့် ခေတ်မီနည်းစနစ်များကိုလည်း ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးနှင့် မှန်ကန်သော ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေးအတွက် နိုင်ငံတကာအကူအညီများ ရယူ၍ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

နယ်စပ်ဝင်ပေါက်များတွင်လည်း တရားဝင် ဝင်/ထွက်ပေါက်များအပြင် တရားမဝင် ဝင်/ထွက်ပေါက်များလည်း များစွာရှိနေပါကြောင်း။ တချို့နေရာများတွင်လည်း လုံခြုံရေးအရ ကန့်သတ်ထားရသည့်နယ်မြေများ ဖြစ်နေပါကြောင်း။ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ လုပ်ဆောင်နေသည့် လုပ်ငန်းများကို အရေးယူရာတွင် နယ်စပ်ဝင်ပေါက်များ၊ ပင်လယ်ရေကြောင်းဝင်ပေါက်၊ လေဆိပ်ဝင်ပေါက်များမှစ၍ လမ်းကြောင်းများ၊ ရှောင်ကွင်းလမ်းများ၊ မြို့ကြီးများပေါ်ရှိ ကုန်လှောင်ရုံများ၊ ဈေးနှင့် Super Market များအထိ အကျုံးဝင်သည့် လုပ်ငန်းစဉ်အားလုံးကို စနစ်တကျ လေ့လာစောင့်ကြည့် တားဆီးထိန်းချုပ်နိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

အဆိုပါ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများနှင့် ပတ်သက်ဆက်နွှယ်နေသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ နောက်ကွယ်မှ ပတ်သက်ဆက်နွှယ်နေသည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများတို့ကိုလည်း ဖော်ထုတ်အရေးယူရန် လိုအပ်မည်ဖြစ်ပြီး နိုင်ငံအတွက် စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများနှင့်ပါ ဆက်စပ်ဆက်နွှယ်နေသဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဆင့်ဆင့်သော ဒေသအာဏာပိုင်အဖွဲ့အစည်းများ အားလုံးကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုကို အတည်ပြုသင့်ပါကြောင်း ပြန်လည်ရှင်းလင်းသည်။

ထို့နောက် အဆိုရှင် ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်က အဆိုကို လွှတ်တော်က အတည်ပြုပေးရန်တင်ပြရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

**မင်းမင်းဇော် (သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာ တစ်ခု ဖတ်ကြားခြင်းနှင့် ဥပဒေကြမ်း တစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

## စားကျက်မြေရေိယာ ၂၉၆ ဒသမ ၇၁ ဧကအနက်မှ မြေရေိယာ ဧက ၄၀ အား စားကျက်မြေ ပယ်ဖျက်ခွင့်ရရှိရေး လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ခဲ့

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးဖေချစ်၏ **ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ပက်တန်းကျေးရွာအုပ်စု ဘေကုန်းအုန်းခြံမှ ဦးသိန်းအေး အပါအဝင် အိမ်ထောင်စု ၅၅ စုတို့၏ မြေဧက ၁၄၀ နှင့်စပ်လျဉ်း၍ ယနေ့အထိ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို တရားနည်းလမ်းကျစွာ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ဦးသိန်းအေးပါ ၅၅ဦး၏ တင်ပြလျှောက်ထားမှုအပေါ် မြို့နယ်အုပ်ချုပ်ရေးမှူးပါဝင်သောအဖွဲ့မှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ လျှောက်ထားတင်ပြသူများသည် စားကျက်မြေရေိယာ ဧက ၄၀ ခန့်အား လူနေထိုင်အသုံးပြုထားပြီး ကျန်စားကျက်မြေများမှာ ရေနက်ကွင်းဖြစ်ကာ ရေကျနောက် စိုက်စပါးစိုက်ပျိုးထားသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ ထို့ပြင် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လက်ရှိလူနေထိုင်လျက်ရှိသည့် စားကျက်မြေရေိယာ ဧက ၄၀ ခန့်အား စားကျက်မြေပယ်ဖျက်ခြင်းအတွက် ကန့်ကွက်ရန်မရှိသော်လည်း ကျန်စားကျက်မြေများအား ခွင့်ပြုရန်မသင့်ကြောင်း သဘောထား တင်ပြချက်အရ စားကျက်မြေရေိယာ ၂၉၆ ဒသမ ၇၁ ဧကအနက်မှ မြေရေိယာ ဧက ၄၀ အား စားကျက်မြေ ပယ်ဖျက်ခွင့်ရရှိရေး လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး စက်မှုလယ်ယာသို့ ပြည့်ဝစွာ ကူးပြောင်းနိုင်ခြင်းမရှိသေးသည့်အတွက် မလိုလားအပ်ဘဲ စားကျက်မြေများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အဆိုပါ စားကျက်မြေရေိယာ ဧက ၄၀ ပယ်ဖျက်ခွင့် အမှုတွဲအပေါ် စိစစ်ချက်များအရ ဒေသခံပြည်သူများ အမှန်တကယ် အသုံးပြုနေထိုင်လျက်ရှိသည့် ရေိယာဖြစ်ခြင်းကြောင့် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် အတည်ပြုပြီးဖြစ်သည့်အပြင် ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးက မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၆၈ အရ စားကျက်မြေပယ်ဖျက်ခွင့် အမိန့်ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် စားကျက်မြေရေိယာဧက ၄၀ ပယ်ဖျက်ခွင့်ပြုပါရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ အတည်ပြုပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

## မြစ်သဲ၊ ကျောက်များ ထုတ်လုပ်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် လိုင်စင်စည်းကမ်းများအား တိကျစွာ လိုက်နာရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိ

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခင်ဝင်း၏ **ဧရာဝတီမြစ်ဝှမ်းတွင်ရှိသော မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ၊ ချောက်၊ ရေနံချောင်း၊ ဆင်ပေါင်ဝဲမြို့များတွင် ဧရာဝတီမြစ်အတွင်းမှ ကျောက်များကို အတိုင်းအဆမရှိ စုပ်ယူထုတ်လုပ်နေခြင်းကို ထိန်းသိမ်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက မြစ်သဲ၊ ကျောက်များ ထုတ်လုပ်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် လိုင်စင်စည်းကမ်းများအား တိကျစွာလိုက်နာရေး၊ မြစ် / ချောင်း ကမ်းပါးများပြိုကျမှုမရှိစေရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေး၊တရားမဝင်ထုတ်လုပ်မှုများမရှိစေရေး၊ သတ်မှတ်နေရာအတွင်းသာ လုပ်ငန်းများဆောင်ရွက်စေရေးတို့အတွက် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လိုင်စင်စည်းကမ်းဖောက်ဖျက်ခြင်းနှင့် လိုင်စင်မဲ့ထုတ်ယူခြင်းများအား စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးထွန်းထွန်းဦး ၏ **ယခုအခါတွင် ရာဘခေါ် စိတ်ကြွမူးယစ်ဆေးပြားများကို မြန်မာနိုင်ငံ၏ နေရာဒေသ အနှံ့အပြား၌**



ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးဖေချစ်

**ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်သော အခြေအနေဖြစ်အောင် ဖန်တီးလုပ်ဆောင်လာကြခြင်းများအား ထိရောက်စွာ တားဆီးနှိမ်နင်းရန်အတွက် စီမံဆောင်ရွက်မည့် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက မူးယစ်ဆေးဝါးပြဿနာ လျော့နည်းကျဆင်းရေးအတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းတစ်ခုတည်းဖြင့် အောင်မြင်မှုမရရှိနိုင်သောကြောင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ကုသရေး၊ ပြန်လည်ထူထောင်ရေး၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများဖြင့် ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် မူးယစ်ဆေးဝါးမူဝါဒအသစ်ကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသား၊ လူငယ်များအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုများ ပျံ့နှံ့ဝင်ရောက်မှုမရှိစေရေးအတွက် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရုပ်မြင်သံကြားတို့မှ ပညာပေးအစီအစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

## မူးယစ်ဆေးဝါးတားဆီးပပျောက်ရေးအတွက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဖမ်းဆီးမှုများအပြင် မူးယစ်ဆေးဝါး အထူးသတင်းပေးတိုင်ကြားရေးဌာနကို ဖွင့်လှစ်ကာ အုပ်ချုပ်မှုလမ်းကြောင်း အတိုဆုံးဖြင့် ဖမ်းဆီးမှုများ ဆောင်ရွက်လျက်ရှိ

သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးတားဆီးပပျောက်ရေးအတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဖမ်းဆီးမှုများအပြင် မူးယစ်ဆေးဝါး အထူးသတင်းပေးတိုင်ကြားရေးဌာနကို ဖွင့်လှစ်ကာ အုပ်ချုပ်မှုလမ်းကြောင်း အတိုဆုံးဖြင့် ဖမ်းဆီးမှုများ ဆောင်ရွက်လျက်ရှိခြင်း၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများအပြင် ထုတ်လုပ်မှုလျှော့ချရေး၊ အစားထိုးဖွံ့ဖြိုးရေး၊ သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများတိုးမြှင့်ရေးတို့ကို လူ့အခွင့်အရေးနှင့်အညီ ဆောင်ရွက်ရန် မူးယစ်ဆေးဝါးမူဝါဒပြဋ္ဌာန်းပြီး ပေါင်းစပ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး၏ **အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင် ကျောင်းတွင်းအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ ကျောင်းတွင်းလုပ်ငန်းစဉ်များ၊ ပညာရပ်ဆိုင်ရာ သင်ကြားပေးသော ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၏ ရာထူးခန့်ခြင်း၊ ရာထူးတိုးခြင်းများကို မည်သည့်အစီအစဉ်ဖြင့် မည်သို့မည်ပုံ စီမံလုပ်ဆောင်နေကြောင်းနှင့် ရှေ့ဆက်လုပ်ဆောင်ရန်ရှိနေမှုများကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိတွင် အမျိုးသားပညာရေးမူဝါဒကော်မရှင်က ၂၀၁၈ ခုနှစ် ဧပြီ ၆ ရက်တွင် အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၇ အရ သင့်တော်သော ပညာရှင်များဖြင့် လွတ်လပ်သည့်ကော်မတီကို ဖွဲ့စည်းရမည်ဟုဆိုသည့်အတွက် ပါမောက္ခချုပ်များ ကော်မတီကို ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ တက္ကသိုလ်များအနေဖြင့်လည်း မိမိတက္ကသိုလ်၏ သဘောသဘာဝနှင့်ကိုက်ညီသည့် တက္ကသိုလ်ပဋိညာဉ်စာတမ်းများကို ရေးဆွဲအတည်ပြုရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်များ၏ လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာစီမံခန့်ခွဲနိုင်မှုကို ထိခိုက်စေခြင်းမရှိဘဲ ပါမောက္ခချုပ်များကော်မတီက တက္ကသိုလ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်သွားရန် အားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

တက္ကသိုလ်များ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းသား ကျောင်းသူများ၏ အနာဂတ်လုပရေး၊ နှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲ၍ အရည်အသွေးပြည့်ဝသည့် တက္ကသိုလ်များဖြစ်ရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် သမဂ္ဂများ၊ အသင်းများဖွဲ့စည်းခြင်းကို အားပေးဆောင်ရွက်နေပါကြောင်း၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ၏ ရာထူးခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်းနှင့် ပြောင်းရွှေ့ခြင်းများကို သတ်မှတ်မှုများ (အရည်အချင်းသတ်မှတ်ချက်၊ လုပ်သက်၊ သုတေသန၊ စာတမ်းရမှတ်၊ စာမေးပွဲရမှတ်) အရ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါကြောင်း။

တက္ကသိုလ်များ အရည်အသွေးမြင့်မားရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဖြည့်ဆည်း၍ ဆရာ၊ ဆရာမများအနေဖြင့်လည်း ကိုယ်ပိုင်အရည်အချင်း မြင့်မားရေးအတွက် အခွင့်အလမ်းများကို အသုံးချ၍ ဘွဲ့ရလူငယ်များကို နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ပြုစုပျိုးထောင်ရန် ရေတိုရေရှည်စီမံကိန်းလုပ်ငန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်သည့်အတွက် ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဌေးဦးနှင့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## တံတားကြီးများဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်း

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင်က **တံတားကြီးများဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အဆိုပါဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမြမင်းဆွေက ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေနှင့် အဖွဲ့ဝင် ဦးဖြေရယ် (ခ) မြင့်သန်းထွန်းတို့က **ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ**ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို စက်တင်ဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

❖ *စာမျက်နှာ ၄ မှ*

"လက်ရှိအနေအထားမှာ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေကို ကြည့်မယ်ဆိုရင် အင်အားတည်ဆောက်တာတွေ၊ နယ်မြေတည်ဆောက်တာတွေပေါ်မှာ အခြေခံပြီးတော့မှ ဖြစ်ပွားနေတယ်လို့ သိရပါတယ်။ တစ်ဖက်နဲ့တစ်ဖက် ရန်မူမယ်။ ဒါမှမဟုတ် စော်ကားမှုဖြစ်စေတဲ့ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်တဲ့လုပ်ငန်းတွေကို မပြုလုပ်ရဘူးလို့ NCA အခန်း(၃) အပိုဒ် ၅ (ခ)မှာ တိတိကျကျဖော်ပြထားတဲ့အတွက် သိရှိလိုက်နာ ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ယုံကြည်မှုတည်ဆောက်တဲ့နေရာမှာ ကိုယ်ပိုင်အသွင်အပြင် အမှတ်လက္ခဏာတွေကို ဦးစားပေးဆောင်ရွက်နေခြင်းထက် နိုင်ငံတော်ဆိုတဲ့ ဘုံအသွင်အပြင်လက္ခဏာကို ဆောင်ရွက်တာက တစ်ဖက်နဲ့တစ်ဖက် အပေါင်းလက္ခဏာဆောင်တဲ့ မိတ်ဖက်အသွင်ကို ပြောင်းလဲလာမှာဖြစ်တဲ့အပြင် အပြန်အလှန် အကျိုးပြုရမယ့်အဆင့်၊ ပုဂ္ဂိုလ်ခင်မှ တရားမင်တယ်ဆိုတဲ့ ယုံကြည်နားလည်မှု အကြိမ်ကြိမ်ဖြစ်ပေါ်လာမှာဖြစ်တဲ့အတွက် ကိုယ်ပိုင်အသွင်အပြင်လက္ခဏာတွေကို ဦးစားပေး ဆောင်ရွက်နေတာကို သတိထားဆောင်ရွက်ဖို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်" ဟု ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၈) ကြိမ်မြောက် အစည်းအဝေးကို စက်တင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုးက "JMC-U ဖွဲ့စည်းထားတာ သုံးနှစ်ပြည့်ဖို့ ရက်ပိုင်းပဲလိုပါတော့တယ်။ သုံးနှစ်အတွင်း JMC အဖွဲ့ဝင်တစ်ဦးအဖြစ် ရပ်တည်နိုင်ဖို့ အားလုံးက တစ်စိတ်တစ်ဝမ်းတည်းရှိနေတယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့ရဲ့ JMC ဟာ နာမည်ခံတစ်ခုတည်းမဟုတ်ဘဲ လက်တွေ့အကောင်အထည်ဖော်ရာမှာလည်း ထိရောက်အောင်မြင်ဖို့ လိုအပ်ပါတယ်။ JMC အောင်မြင်တယ်၊ မအောင်မြင်ဘူးဆိုတာ ကျွန်တော်တို့အပေါ်မှာလည်း မူတည်ပါတယ်။ မြေပြင်ပေါ်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေရလဒ်တွေ အောင်မြင်တယ်၊ မအောင်မြင်ဘူးဆိုတာတွေဟာ အမှန်တရားအတွက် ဖြစ်လာခဲ့ပါတယ်။ အဲ့ဒီအမှန်တရားတွေကို လက်ခံနိုင်မှုလည်း အားသာချက်၊ အားနည်းချက်တွေကို သုံးသပ်နိုင်ပြီး အားနည်းချက်တွေကို ဖယ်ရှား၊ အားသာချက်တွေကို ဖြည့်တင်းအကောင်အထည်ဖော်ခြင်းအားဖြင့် အဆုံးစွန်သော အောင်မြင်မှုကိုရရှိမှာ ဖြစ်ပါတယ်။ မြေပြင်မှာ လက်နက်ကိုင်အချင်းချင်း တိုက်ပွဲဖြစ်တိုင်း အတိဒုက္ခရောက်နေရတဲ့ သူတွေကတော့ ဒေသခံပြည်သူတွေဖြစ်လို့ မြေပြင်မှာ တိုက်ပွဲတွေ မပေါ်ပေါက်အောင် နှစ်ဖက်လက်နက်ကိုင်တပ်များက ထိန်းသိမ်းရမှာ ဖြစ်ပါတယ်။

"ပဋိပက္ခတွေဖြစ်ပေါ်လာတိုင်း တစ်ဦးအပေါ်တစ်ဦး ပြစ်တင်ရှုတ်ချခြင်းဟာ ပြဿနာရဲ့အဖြေမဟုတ်သလို ပြဿနာကို ပိုမိုကြီးထွားစေပြီး ရန်လိုစိတ်၊ မုန်းတီးစိတ်တွေကိုပဲ တိုးပွားစေမှာဖြစ်ပါတယ်။ ဒါကြောင့် ပြဿနာအရင်းမြစ်တွေကို စေတနာမှန်မှန်နဲ့ ပွင့်ပွင့်လင်းလင်း ထောက်ပြနိုင်တဲ့ အလွတ်သဘောဆွေးနွေးမှုတွေကိုလည်း လုပ်နိုင်ဖို့လိုအပ်သလို ပြုပြင်နိုင်ဖို့လည်း လိုအပ်မယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ နော်ဝေခရီးစဉ်နဲ့ ပတ်သက်ပြီး ကိုလံဘီယာနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံတို့ရဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲကော်မတီနဲ့ ပတ်သက်ပြီးတော့ ဖွဲ့စည်းပုံအပိုင်း၊ လုပ်ငန်းဆက်စပ်မှုနဲ့ လုပ်ဆောင်မှုအပိုင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှုအပိုင်းတွေရဲ့အားနည်းချက်၊ အားသာချက်တွေကိုလည်း လေ့လာခဲ့ရပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ JMC အနေနဲ့ လုပ်ငန်းဆက်စပ်မှု၊ လုပ်ငန်းအကောင်အထည်ဖော်မှုတွေနဲ့ ပတ်သက်ပြီးသုံးသပ်ပြင်ဆင်ဆောင်ရွက်သွားမယ်ဆိုရင် ကျွန်တော်တို့ မျှော်မှန်းထားတဲ့ JMC အဆင့်ဆင့်ရဲ့လုပ်ငန်းတွေဟာ ပိုမိုတိုးတက်အောင်မြင်လာမယ်လို့ ယူဆမိပါတယ်။ ဆွေးနွေးညှိနှိုင်းမှု သီအိုရီအရ နှစ်ဦးနှစ်ဖက် လိုချင်တဲ့ဆန္ဒတွေကို ညှိနှိုင်းရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ JMC အနေနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲမှု ခိုင်မာလာစေရေးနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်ရေးအတွက် နှစ်ဦးနှစ်ဖက်ကြားမှာ ညှိနှိုင်းမယ်ဆိုရင် အောင်မြင်နိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ အရပ်သားကိုယ်စားလှယ်အစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ (၂) စိုင်းမျိုးသန့်က မိမိတို့ဖွဲ့စည်းထားသည့် JMC သည် သုံးပွင့်ဆိုင်ဖြစ်သည့်အတွက် ပွတ်တိုက်မှု အနည်းအကျဉ်းရှိသော်လည်း JMC ၏ သုံးနှစ်တာကာလအတွင်း အောင်အောင်မြင်မြင်နှင့် ကျော်လွှားဖြေရှင်းပေးနိုင်သည်ကို တွေ့ရကြောင်း ပြောကြားသည်။

ယနေ့ အစည်းအဝေးသို့ JMC-U အဖွဲ့ဝင် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အရပ်သားကိုယ်စားလှယ်များ ပါဝင်တက်ရောက်လျက်ရှိသည်။ JMC-U တွင် အစိုးရကိုယ်စားလှယ် ၁၀ ဦး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၁ ဦး၊ နှစ်ဖက်လက်ခံသည့် အများယုံကြည်လေးစားသော အရပ်သားကိုယ်စားလှယ် ၆ ဦး စုစုပေါင်း အဖွဲ့ဝင် ၂၇ ဦး တက်ရောက်ခဲ့သည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၈ ခုနှစ်) ပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

၂၀။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၂။ (က) ဤဥပဒေမပြဋ္ဌာန်းမီ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများသည်-

(၁) ခွင့်ပြုမိန့်ရရှိထားသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းဧရိယာခွင့်ပြုမိန့် ထုတ်ပြန်သည့်ရက်စွဲနှင့်စာအမှတ်တို့ကို ပြည့်စုံစွာဖော်ပြပြီး အမှန်တကယ် ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးသောဧရိယာနှင့် ကျန်ရှိသောဧရိယာတို့ကို အထောက်အထားခိုင်လုံစွာဖြင့် ဓာတ်ပုံမှတ်တမ်းများပူးတွဲလျက် မှတ်တမ်းပြုစုပြီး ဗဟိုကော်မတီသို့ တင်ပြရမည်။

(၂) ဖော်ထုတ်လုပ်ကိုင်အသုံးပြုပြီးဖြစ်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(၃) ခွင့်ပြုထားသည့်မြေကို စတင်ခွင့်ပြုသည့်နေ့မှ လေးနှစ်ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်းမရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၄) ခွင့်ပြုထားသည့်မြေကို စတင်အသုံးပြုခွင့်ရသည့်နေ့မှ လေးနှစ်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက်ကြောင်း တွေ့ရှိပါက အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခံရမည့်အပြင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည် ရုပ်သိမ်းခြင်းခံရမည်။

(ခ) ဗဟိုကော်မတီ၏ ခွင့်ပြုမိန့်မရရှိဘဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ရယူလုပ်ကိုင်အသုံးပြုလျက်ရှိသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည်-

(၁) မိမိရယူလုပ်ကိုင် အသုံးပြုလျက်ရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာနှင့် ၎င်းတို့နှင့်စပ်လျဉ်းသော အသေးစိတ်အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိရန် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ပြဋ္ဌာန်းသည့်နေ့မှစ၍ ခြောက်လအတွင်း သတ်မှတ်ချက်နှင့်အညီ ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားရမည်။

(၂) ပုဒ်မခွဲငယ် (၁) ပါအတိုင်း လျှောက်ထားဆောင်ရွက်ခြင်းမရှိလျှင် ဖြစ်စေ၊ လျှောက်ထားသော်လည်း ခွင့်ပြုမိန့်မရရှိလျှင်ဖြစ်စေ အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သိမ်းယူခြင်း၊ ဖယ်ရှားခြင်းခံရမည်။

(၃) ပုဒ်မခွဲငယ် (၁) ပါအတိုင်း သတ်မှတ်ကာလအတွင်း လျှောက်ထားခြင်း မရှိဘဲ အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအပေါ်တွင် ဆက်လက်၍ ရယူလုပ်ကိုင်အသုံးပြုလျှင်သော်လည်းကောင်း၊ ယင်းသို့လျှောက်ထားသည့်အခါ ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီက ခွင့်ပြုရန်မသင့်သည့်အတွက် အဆိုပါ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းပေါ်မှ ထွက်ခွာဖယ်ရှားစေရန် ညွှန်ကြားသည့်အမိန့်ကို မလိုက်နာဘဲ ဆက်လက် ရယူအသုံးပြုလျှင်သော်လည်းကောင်း ဤဥပဒေအရ အရေးယူခြင်းခံရမည်။"

၂၁။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၂၅ တွင်-

(က) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချထားပေးသော မြေဧရိယာပေါ်တွင် ယခင်ကတည်းက လုပ်ကိုင်ခွင့်ရရှိထားပြီးသော တောင်သူလယ်သမားများရှိပါက ယင်းတို့၏သဘောတူညီချက်ရရှိပြီးမှသာ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်စေရမည်။"

(ခ) ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ ဖြေရှင်းဆောင်ရွက်ရာတွင် နှစ်ဖက်သဘောတူညီမှု သို့မဟုတ် တင်ပြမှုအပေါ်မူတည်၍ ခွင့်ပြုမိန့်ကိုပြင်ဆင်ခြင်း၊ ထိုက်သင့်သော လျော်ကြေးငွေ၊ နစ်နာကြေးများပေးလျော်စေခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်။"

၂၂။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၇။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) ဤဥပဒေနှင့်အညီ ခွင့်ပြုမိန့်မရှိဘဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း သို့မဟုတ် ဝင်ရောက်ကျူးကျော်နေထိုင်စေခြင်း၊ ဝင်ရောက်ကျူးကျော်လုပ်ကိုင်ခြင်း သို့မဟုတ် ဝင်ရောက်ကျူးကျော် လုပ်ကိုင်စေခြင်း၊

(ခ) ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူ သို့မဟုတ် ယင်း၏ကိုယ်စားလှယ်၏ သဘောတူခွင့်ပြုချက်မရရှိဘဲ အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် ဝင်ရောက်ကျူးကျော် လုပ်ကိုင်ခြင်း။"

၂၃။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၂၇ ၏ နောက်တွင် ပုဒ်မ ၂၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၇-က။ ဗဟိုကော်မတီ၏ ခွင့်ပြုမိန့်မရရှိဘဲ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို အသုံးပြုသူ မည်သူမဆို ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၂၄။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၈။ မည်သူမဆို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူ သို့မဟုတ် ထိုသူ၏ သဘောတူခွင့်ပြုချက်အရ လုပ်ကိုင်သူက အဆိုပါ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများပေါ်တွင် ဤဥပဒေနှင့်အညီ ဆောင်ရွက်သော လုပ်ငန်းဆောင်ရွက်မှုတစ်စုံတစ်ရာကို ဟန့်တားနှောင့်ယှက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၂၅။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၂၉ ၏နောက်တွင် ပုဒ်မ ၂၉-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၉-က။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူ မည်သူမဆို-

(က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (စ) ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

၂၆။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေ ပုဒ်မ ၃၀ ၏နောက်တွင် ပုဒ်မ ၃၀-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၀-က။ အောက်ပါမြေအမျိုးအစားများကို စီမံခန့်ခွဲခြင်းသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်း မရှိစေရ-

(က) တည်ဆဲဥပဒေ၊ စည်းမျဉ်းများနှင့်အညီ တောင်ယာလုပ်ပိုင်ခွင့် ပေးအပ်ထားသည့် မြေများ၊

(ခ) ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရ သတ်မှတ်မြေများ၊

(ဂ) အများပြည်သူနှင့်တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး တို့အတွက် လက်ရှိအသုံးပြုထားသည့် မြေများ။"

၂၇။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၃။ (က) ဗဟိုကော်မတီသည် ဤဥပဒေမပြဋ္ဌာန်းမီကဖွဲ့စည်းခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ဤဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆက်ခံဆောင်ရွက်ရမည်။

(ခ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များအတွက် ထုတ်ပြန်ခဲ့သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။"

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြဝတီမြို့၌ မြန်မာ-ထိုင်းနှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးပြုလုပ်

**မြဝတီ စက်တင်ဘာ ၁၂**

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် ဆွေးနွေးပွဲတစ်ရပ်ကို မြဝတီမြို့ ဂရိတ်ဝမ်းဟိုတယ် အစည်းအဝေးခန်းမ၌ စက်တင်ဘာလပထမပတ်က နှစ်ရက်ကြာ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရန်နိုင်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်၊ မြဝတီခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြဝတီကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး ထိုင်းနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နိုင်ငံခြားကုန်သွယ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Adul Chotinisakom နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးကို တက်ရောက်ခဲ့သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရန်နိုင်ထွန်းက "ပထမအချက်က ဈေးကွက်ရှာဖွေတာပေါ့ ဒုတိယအချက်ကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ထုတ်ကုန်တွေ ဘယ်လိုတိုးမြှင့်အောင်ဆောင်ရွက်မလဲ။ တတိယအချက်ကတော့ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်အောင် ကျွန်တော်တို့ ဘယ်လိုလုပ်မလဲဆိုတဲ့အချက် သုံးချက်ပေါ့။ အဲဒီအချက်တွေကို ကျွန်တော်တို့ဘက်က ပြင်ဆင်တာဖြစ်ပြီး ကျွန်တော်တို့နိုင်ငံကထွက်ကုန်တွေနဲ့ပတ်သက်ပြီးတော့ အိမ်နီးချင်းနိုင်ငံတွေကို ဈေးကွက်တွေ ခိုင်ခိုင်မာမာရရှိဖို့အတွက် ကျွန်တော်တို့အနေနဲ့ အမျိုးအစားနဲ့ အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ ၂၀၁၇ ခုနှစ် မတ်လထဲမှာ ဒီလိုအစည်းအဝေးကို ပထမအကြိမ် ကျင်းပပြီးခဲ့ပါပြီ၊ ဒါကတော့ ဒုတိယအကြိမ်ပေါ့။ ဒီအစည်းအဝေးမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ ရလဒ်ကောင်းတွေ အများကြီးရပါတယ်။ နောက်ပြီး နိုင်ငံတော်သမ္မတကြီးရဲ့ ၂၀၁၈ မေလတုန်းက ထိုင်းနိုင်ငံဝန်ကြီးချုပ်နဲ့ တွေ့ဆုံခဲ့တဲ့ ခရီးစဉ်မှာ မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှုကို လာမယ့် ၂၀၂၂မှာ နှစ်ဆဖြစ်အောင် ဆောင်ရွက်သွားဖို့ကိုလည်း သဘောတူညီခဲ့ကြပါတယ်"ဟု ပြောသည်။

ယင်းအစည်းအဝေးတွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ပတ်သက်၍ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ မြန်မာပို့ကုန်များဖြစ်သော ပဲ၊ ပြောင်း၊ နှမ်းတို့အတွက် Pest Risk Analysis (PRA) ပေးပို့ရေးကိစ္စများနှင့် မြေပဲဆန်ကို ချင်းမိုင်အစား မဲဆောက်တွင် ဓာတ်ခွဲပေးနိုင်ရေး၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်များကို တရားမဝင်ပို့ဆောင်နေမှုများနှင့်ပတ်သက်၍ တရားဝင်လမ်းကြောင်းဖြင့် ပို့ဆောင်နိုင်ရေး၊ မြန်မာ့ကြက်သွန်နီနှင့် အာလူးတို့ကို ထိုင်းနိုင်ငံသို့ အကောက်ခွန်နှင့် ကိုတာကင်းလွတ်ခွင့်ဖြင့် ဈေးကွက်ဝင်ရောက်ခွင့်ပြုရေး၊ တားမြစ်ထားသော အရက်၊ ဘီယာနှင့် ကွမ်းစားဆေးတို့ကို နယ်စပ်ကုန်သွယ်ရေးနည်းလမ်းဖြင့် ကုန်သွယ်မှုပြုရေး၊ တတိယနိုင်ငံများမှထုတ်လုပ်သည့် မော်တော်ယာဉ်နှင့် ယန္တရားများကို မြန်မာနိုင်ငံသို့ တင်သွင်းခွင့်ပြုရေး၊ အမှတ်(၂) ချစ်ကြည်ရေးတံတားအတွက် Border Control Facilities များ ဆောင်ရွက်ပေးရေး၊ နှစ်နိုင်ငံငွေကြေးဖြစ်သော ကျပ်နှင့်ဘတ် အသုံးပြုနိုင်ရေး၊ ကုန်သွယ်မှုဆိုင်ရာသတင်းအချက်အလက်များကို နှစ်နိုင်ငံဖလှယ်ရေး စသည့်အချက်များကို နှစ်ဖက် ဆွေးနွေးညှိနှိုင်း သဘောတူခဲ့ကြသည်။




**ထိန်လင်းအောင် (မြန်/ဆက်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့(PNO)အသွင်ပြောင်း ပြည်သူ့စစ်ဌာနေအဖွဲ့ နာယက ဦးအောင်ခမ်းထီနှင့် ကယားပြည်နယ်ရှိ တိုင်းရင်းသားခေါင်းဆောင်များအား တွေ့ဆုံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံစဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**နေပြည်တော် စက်တင်ဘာ ၁၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့သို့ ရောက်ရှိသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ (PNO) အသွင်ပြောင်း ပြည်သူ့စစ်ဌာနေအဖွဲ့နာယက ဦးအောင်ခမ်းထီနှင့် တွေ့ဆုံသည်။ ဦးစွာပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့(PNO) အသွင်ပြောင်း ပြည်သူ့စစ်နာယက အဖွဲ့ဝင် ဦးနေဝင်းထွန်းက ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့(PNO)၏ ငြိမ်းချမ်းရေးဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ကျောက်တလုံးကြီးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် မိမိတို့တိုင်းရင်းသားနှင့် ဒေသကာကွယ်ရေးအားအကြောင်းပြပြီး လက်နက်စွဲကိုင်လိုသော သဘောထားများရှိကြောင်း၊ ဒေသအတွင်း တရားဥပဒေစိုးမိုးရေးရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းတာဝန်ကို အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုမူ နိုင်ငံတော်၏ တစ်ခုတည်းသော ကာကွယ်ရေးအဖွဲ့အစည်းဖြစ်သည့် တပ်မတော်က ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ယင်းအဆင့်ကို ရောက်ရှိအောင် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အစိုးရနှင့် တပ်မတော်မှ ထာဝရ ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှု၊ ကျောက်တလုံးကြီးဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် တပ်မတော်က တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးမည့်အခြေအနေ၊ ကျောက်တလုံးကြီးဒေသအတွင်း မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် ဆောင်ရွက်ရန်နှင့် တိုင်းရင်းသားများ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ပေးရန် လိုအပ်သည့်အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီအား လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ကျောက်တလုံးကြီးမြို့ဗိုလ်ပန္တကုန်းတော်ရှိ မဟာဝိသုဒ္ဓဂယာမြို့ဦးစေတီတော်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် အလှူငွေများအား ပေးအပ်လှူဒါန်းသည်။ ထို့နောက် ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ဒေသထွက်လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နံနက်ပိုင်းကလည်း ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နယ်ခြားစောင့်တပ်များ၏ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ ဂုဏ်ထူးဆောင် ဗိုလ်မှူးကြီး ထွန်းကျော်၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရစ်ချဒ်၊ ကယန်းအမျိုးသားကာကွယ်ရေးတပ်(KNG)ဥက္ကဋ္ဌ ဦးဋ္ဌေးကို၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ(KNPP)၊ ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ(KNPDP) ဒုတိယဥက္ကဋ္ဌ ဦးအောင်အောင်၊ ငြိမ်းချမ်းရေးအကျိုးဆောင်များဖြစ်ကြသည့် ဦးပေါလုချမ်း၊ ဦးခီးရယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ကယားပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် မိမိတို့အားလုံးနှင့် သက်ဆိုင်ပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရာတွင် အဖွဲ့အစည်းများ၊ ပါတီများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ရန် ကျန်ရှိနေသည့် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံး ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေရခြင်း၏ ရည်ရွယ်ချက်မှာ လက်ရှိကျင့်သုံးနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းတွင် တိုင်းရင်းသားပြည်သူအားလုံး ဒီမိုကရေစီအခွင့်အရေးများကို တန်းတူညီမျှခံစားနိုင်ရန်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) အား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး လက်မှတ်ရေးထိုးသွားမှသာ ထာဝရငြိမ်းချမ်းရေးရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများက အဖွဲ့အစည်းတစ်ခုချင်းအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

***ကျောဖုံးမှ***

လုပ်ငန်းများဆောင်ရွက်ရာတွင် အတိတ်ကိုလက်ညှိုးထိုးအပြစ်ရှာခြင်း၊ လူပုဂ္ဂိုလ်စွဲဖြင့် ဆောင်ရွက်ခြင်းများသည် ဒီမိုကရေစီစနစ်အတွက် အဟန့်အတားများ ဖြစ်စေသည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန်အတွက် လက်နက်ကိုင်ထားသည့် အဖွဲ့အစည်းများအနေဖြင့်လည်း ဥပဒေနှင့်အညီ စည်းကမ်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းမှ အဖွဲ့အစည်း၊ အဖွဲ့အစည်းမှ ဒေသ၊ ဒေသမှ နိုင်ငံအဆင့်အထိ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကြိုးစားအားထုတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရန်အတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက တပ်နယ်ရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောတို့က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများနှင့် သုတ၊ ရသစာအုပ်စာစောင်များအား ပေးအပ်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး အဖွဲ့ဝင်များသည် နံနက်ပိုင်းကလည်း လွိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိသည့် သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံ၍ တစ်ဦးချင်း ရောဂါဖြစ်ပွားမှုအခြေအနေများအား မေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**




# ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် အိန္ဒိယနိုင်ငံသံရုံးတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကျင်းပ

**စစ်တွေ စက်တင်ဘာ ၁၂**

အိန္ဒိယနိုင်ငံသံရုံးမှ ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာနသို့ လှူဒါန်းမည့် ထွန်စက် ၁၅ စီး၊ စပါးရိတ်သိမ်းခြွေလှေ့စက် ၁၅ စီးနှင့် ကွန်ပျူတာ တက္ကသိုလ်သို့ ပေးအပ်လှူဒါန်းမည့် ကွန်ပျူတာအလုံး ၄၀ တို့အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် အိန္ဒိယနိုင်ငံသံရုံးတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက စစ်တွေဟိုတယ်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အိန္ဒိယနိုင်ငံသံအမတ်ကြီး His excellency ,Vikram Misri နှင့် တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အမှာစကားပြောကြားသည်။ ယင်းနောက် အိန္ဒိယနိုင်ငံသံအမတ်ကြီး His excellency,Vikram Misri က ပေးအပ်လှူဒါန်းခြင်း၊ နားလည်မှု စာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်သူလယ်သမားများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၏ ရှေ့မှောက်တွင် ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီး His excellency, Vikram Misri တို့က သဘောတူညီချက် နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးပြီး လဲလှယ်ကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၂**

မောင်တောမြို့နယ် နယ်မြေ(၁)၊ အမှတ်(၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်သပြေနယ်မြေရုံးမှ ရဲအုပ် ဇော်လင်းအောင် ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) BGB တပ်ရင်း Jaruliachari ကင်းစခန်းမှ Naib Subedar Md. Abdul Hannan ဦးစီးသော အဖွဲ့ဝင်များနှင့် စကားပြန်/ လမ်းပြတို့သည် စက်တင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မိမိတို့ နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်း ရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင်(၄၆)မှ (၄၇)ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ မောင်တောမြို့နယ် နယ်မြေ(၃)၊ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲတောင်ပြို(ယာ)နယ်မြေရဲစခန်းမှ ဒုတိယရဲမှူး အောင်မျိုးဇော်လွင် ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄) BGB တပ်ရင်း Ghumdhum ကင်းစခန်းမှ Naib Subedar Md. Ragfiqul Islam ဦးစီးသော အဖွဲ့ဝင်များနှင့် စကားပြန်/ လမ်းပြတို့သည် နံနက် ၁၀ နာရီခွဲမှ ၁၁ နာရီ ၃၅ မိနစ်အထိ မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၃၁)မှ (၃၄) အထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၂

**ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် နန်းထွေးမှုံက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထားလုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-




ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် နန်းထွေးမှုံ

**မိုင်ဆုန်ခ ...။**

ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်က ဗဟိုအလုပ်အမှုဆောင် နန်းထွေးမှုံ ဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင် မိဘပြည်သူများရှင့်**

ကျွန်မတို့နိုင်ငံဟာ အတိတ်ကာလက တစ်ပါတီစနစ်၊ အာဏာရှင်စနစ်အောက်မှာ စီမံခန့်ခွဲမှု အလွဲတွေကြောင့် တိုင်းပြည်ဟာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် ရောက်ရှိခဲ့ရတာ ယနေ့အချိန်ထိပဲ ဖြစ်ပါတယ်၊ ယခုအခါ ကျွန်မတို့နိုင်ငံဟာ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေပြီး ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ခြေလှမ်းမှန်မှန်နဲ့ လျှောက်လှမ်းနေပါတယ်။ ပါတီတစ်ခုမှာရှိတဲ့ နိုင်ငံရေးသမားတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ အခြေခံစိတ်ထားကတော့

(၁) မိမိအကျိုးစီးပွားနဲ့ ပါတီအကျိုးစီးပွား ယှဉ်တွဲလာရင် ပါတီရဲ့အကျိုးစီးပွားကို ဦးစားပေးရမယ်၊
(၂) ပါတီအကျိုးစီးပွားနဲ့ ပြည်သူတွေရဲ့အကျိုးစီးပွား ယှဉ်တွဲလာရင် ပြည်သူရဲ့အကျိုးစီးပွားကို ဦးစားပေးရမယ်ဆိုတဲ့ ခံယူချက်ပဲဖြစ်ပါတယ်။

ပြည်ထောင်စုကို ဦးဆောင်သွားမယ့် ပုဂ္ဂိုလ်တွေဟာ ကိုယ်ကျိုးစီးပွားကို ဦးစားပေးနေသရွေ့၊ အတ္တမာနကို မလျှော့ချနိုင်သရွေ့ ဖွံ့ဖြိုးတိုးတက်တဲ့ တိုင်းပြည်ကို တည်ဆောက်ဖို့အတွက် ဦးဆောင်နိုင်မှာ မဟုတ်ပါဘူး။ မိမိရဲ့ လုပ်ဆောင်မှုတိုင်း၊ ပါတီရဲ့ ဆောင်ရွက်ချက်တိုင်းဟာ မိဘပြည်သူများရဲ့ အကျိုးစီးပွားအတွက်ကိုသာ ဦးတည်နေရမှာဖြစ်သလို ပြည်သူသာအမိ၊ ပြည်သူသာအဖဆိုတဲ့ ခံယူချက်ကို အမြဲဦးထိပ်ပန်ဆင်ထားရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ခေါင်းဆောင်များ အပါအဝင် အဖွဲ့ဝင်များအားလုံးဟာ မိမိကိုယ်ကျိုးစီးပွားနဲ့ ပါတီအကျိုးစီးပွားကို ရှေ့တန်းမတင်ဘဲ ပြည်သူများရဲ့အကျိုးစီးပွားကိုသာ ဦးထိပ်ပန်ဆင်ဖို့ အစဉ်တစိုက် ကြိုးပမ်းလျက်ရှိပါတယ်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဦးတည်ချက်၊ ရည်ရွယ်ချက်အရ "ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ လူမျိုးစုများအချင်းချင်း အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် ဆောင်ရွက်ရင်း ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အမှန်တကယ် ရရှိခံစားနိုင်အောင် ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမယ်" ဆိုတဲ့အတိုင်း ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားတန်းတူရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်မှာ ဦးဆောင်အခန်းကဏ္ဍကနေ အောက်ဖော်ပြပါ အခြေခံမူများနဲ့အညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ ပါတီရဲ့အခြေခံမူတွေ ကတော့**

(၁) လွတ်လပ်မျှတတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို အတူတကွ တည်ဆောက်နိုင်ဖို့ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ အပြန်အလှန် ကတိပြုချုပ်ဆိုခဲ့ကြတဲ့ သမိုင်းဝင်ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်၊ ပင်လုံမူအပေါ်မှာ အခြေခံမယ်။
(၂) ၁၉၆၁ ခုနှစ် တောင်ကြီးမြို့မှာ ကျင်းပခဲ့တဲ့ ပြည်နယ်ပေါင်းစုံ ညီလာခံကြီးက ချမှတ်အတည်ပြုခဲ့တဲ့ ပြည်ထောင်စုစစ်စစ် မူအပေါ်မှာ အခြေခံမယ်၊
(၃) တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ဒီမိုကရေစီစနစ်အပေါ်မှာ အခြေခံမယ်၊
(၄) ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးအချင်းချင်း အပြန်အလှန် အသိအမှတ်ပြုမှု၊ လေးစားမှု၊ ချစ်ကြည်ရိုင်းပင်းမှု၊ သွေးစည်းညီညွတ်မှုတို့ကို တည်ဆောက်ပြီး ငြိမ်းချမ်းစွာဖြင့် အတူတကွ ယှဉ်တွဲနေထိုင်ရေးမူအပေါ်မှာ အခြေခံမယ်၊
(၅) ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနဲ့ အမျိုးသားလက္ခဏာ မတူကွဲပြားမှုကို လက်ခံအသိအမှတ်ပြုပြီး ပြည်ထောင်စုလက္ခဏာရပ်များကို နိုင်ငံသားအားလုံးက စုပေါင်းဖော်ဆောင်ကြမယ်... ဆိုတာတွေပဲ ဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင် မိဘပြည်သူများရှင့်**

ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဖော်ဆောင်ရာမှာ မမေ့အပ်တဲ့အကြောင်းအရာတစ်ခုကတော့ ဒီပြည်ထောင်စုကြီး ဖြစ်တည်လာမှုရဲ့သမိုင်းဆိုင်ရာ အချက်အလက်များပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ပထမဦးဆုံးသော ပြည်ထောင်စုကို ၁၉၄၇ ပင်လုံစာချုပ်နဲ့ စတင်တည်ထောင်ခဲ့ကြပါတယ်။ ပင်လုံစာချုပ်ဟာ သီးခြားပြည်ထောင်များဖြစ်ကြတဲ့ တောင်တန်းဒေသနဲ့ ဗမာပြည်မြေပြန့်တို့ အဆင့်အတန်းတူ ပူးပေါင်းပြီး အတူတကွ လွတ်လပ်ရေး ယူဖို့အတွက် ချုပ်ဆိုခဲ့ကြခြင်းဖြစ်ပါတယ်။ လွတ်လပ်ရေးယူပြီးတဲ့နောက်ပိုင်း မြန်မာနိုင်ငံတော်သစ်ကို ထူထောင်တဲ့အခါ ပြည်ထောင်စုစနစ်အရသာ ထူထောင်ကြမယ်။ ၎င်းပြည်ထောင်စုကြီးဟာ နိုင်ငံရေးအရ တန်းတူညီမျှမှုရှိရမယ်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့် အပြည့်အဝရှိစေရမယ် စသဖြင့် သဘောတူညီမှုတွေ ရရှိခဲ့လို့ သမိုင်းဝင်ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြခြင်းဖြစ်တာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။

ပင်လုံစာချုပ်ကြောင့်သာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် လွတ်လပ်ရေးကို ကြေညာနိုင်ခဲ့ပါတယ်။ ပင်လုံကတိကဝတ်နဲ့ ပင်လုံစာချုပ်အရ တိုင်းရင်းသားအချင်းချင်းအကြားမှာ စစ်မှန်တဲ့ အမျိုးသားသွေးစည်းညီညွတ်မှုကို ရရှိစေခဲ့ပါတယ်။ ဒီအချက်ကို ကြည့်ခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးများဟာ သီးခြားစီလွတ်လပ်ရေးရယူပြီး အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့ အမျိုးသားနိုင်ငံတော်များ ထူထောင်ခြင်းမပြုခဲ့ဘဲ မိမိတို့ကိုယ်စီပိုင်ဆိုင်ထားခဲ့တဲ့ အချုပ်အခြာအာဏာများကို စုပေါင်းပြီး ပြည်ထောင်စုအဖြစ် အတူတကွ ထူထောင်ခဲ့ကြခြင်းဖြစ်ပါတယ်။ တောင်တန်းဒေသတစ်ခုလုံးဟာ လက်နက်အားကိုးနဲ့ ပြည်ထောင်စုအတွင်း အတင်းအကျပ် သွတ်သွင်းခံရခြင်းမဟုတ်ဘဲ တန်းတူရေးမူအရ၊ ပင်လုံစိတ်ဓာတ်အရ၊ ပင်လုံကတိကဝတ်များအရ ပူးပေါင်းပါဝင်လာခြင်းဖြစ်ကြောင်း အထင်အရှားတွေ့မြင်ရမှာဖြစ်ပါတယ်။

ကျွန်မတို့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ကတော့ ပြည်ထောင်စုရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ ပင်လုံစာချုပ်ရဲ့အနှစ်သာရများ၊ ပင်လုံကတိကဝတ်များ ဖော်ဆောင်ပေးနိုင်ရေးအတွက် သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ဆက်လက်ထမ်းဆောင်သွားမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင် မိဘပြည်သူများရှင့်**

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအဖြစ် တည်ဆောက်တဲ့နေရာမှာ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးဟာ အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ တိုင်းရင်းသားတန်းတူညီမျှရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စုကို ဖော်ဆောင်ရေးအတွက် လက်ရှိကြုံတွေ့နေရတဲ့ စိန်ခေါ်မှုများကို သုံးသပ်ကြည့်မယ်ဆိုရင် အောက်ပါအတိုင်း တွေ့ရမှာဖြစ်ပါတယ်။

(၁) ငြိမ်းချမ်းရေးတည်ဆောက်ရေးဖြစ်စဉ်
(၂) ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်
(၃) ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်
(၄) တိုင်းရင်းသားများ၏ သမိုင်းဆိုင်ရာ တရားဝင်ရပိုင်ခွင့်များ
(၅) တိုင်းရင်းသားပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေး
(၆) လက်နက်ကိုင်ပဋိပက္ခဖြေရှင်းရေး
(၇) တိုင်းရင်းသားလူနည်းစုအခွင့်အရေးများ စတာတွေဖြစ်ပါတယ်။

ဒ့ါအပြင် တိုင်းပြည်ဟာ အာဏာရှင်စနစ်အောက်မှာ ရာစုနှစ်တစ်ဝက်ကျော်မျှ ဒီမိုကရေစီကင်းမဲ့တဲ့ကာလကို ဖြတ်သန်းခဲ့ရတဲ့အတွက် တော်လှန်ရေးစိတ်ဓာတ်နဲ့ ပြုပြင်ပြောင်းလဲရေးစိတ်ဓာတ်ရဲ့ အားပြိုင်မှုအခြေအနေများ၊ လုံခြုံရေးပဓာနဦးစားပေးအုပ်စုနဲ့ ဒီမိုကရေစီနည်းကျအရပ်သားအစိုးရအထွတ်အထိပ်ဖြစ်ရေးအုပ်စုတို့ရဲ့အယူအဆရေးရာ ထိပ်တိုက်တွေ့မှုများကို ကြုံတွေ့နေရပါတယ်။ တစ်ချိန်တည်းမှာပဲ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးရဲ့ဆန္ဒကို လျစ်လျူရှုထားခံရတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကျပ်အတည်းကိုလည်း ရင်ဆိုင်ကြုံတွေ့ရလျက်ရှိပါတယ်။

အခြားတစ်ဖက်မှာလည်း ဒီမိုကရေစီအသွင်ကူးပြောင်းစ ကာလဖြစ်ခြင်း၊ နှစ်ကာလရှည်ကြာစွာ စနစ်တကျ ဖျက်ဆီးခံခဲ့ရခြင်း အကျိုးဆက်တွေကြောင့် အစိုးရအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကျဆင်းနေခြင်း၊ ဒီမိုကရေစီအလေ့အထ မခိုင်မာသေးခြင်း၊ တရားဥပဒေစိုးမိုးမှု အားနည်းခြင်း၊ အကျင့်ပျက်ခြစားမှုများ ခိုင်မာစွာ အမြစ်တွယ်နေခြင်း၊ သတင်းလွတ်လပ်ခွင့် အားနည်းခြင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အားကောင်းမလာသေးခြင်း စတဲ့အားနည်းချက်တွေကိုလည်း ကြုံတွေ့နေရပါတယ်။

တိုင်းပြည်ဖွံ့ဖြိုးရေးဆောင်ရွက်ရာမှာလည်း သဘာဝသယံဇာတ အရင်းအမြစ် အလွန်အကျွံထုတ်ယူနေမှုများ၊ ၎င်းကြောင့် ဖြစ်ပေါ်လာတဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ အငြင်းပွားဖွယ်ရာ စီမံကိန်းလုပ်ငန်းကြီးများ၊ အဆိုပါ စီးပွားရေးစီမံကိန်းကြီးများကို လက်ဝါးကြီးအုပ်နေသော ခရိုနီကြီးများကိစ္စ၊ ပွင့်လင်းမြင်သာမှုအားနည်းခြင်း စသည်တို့ဖြစ်ပေါ်နေပါတယ်။

ဒ့ါအပြင် ရခိုင်ပြည်နယ်မှာ စတင်ဖြစ်ပေါ်ခဲ့တဲ့ အရေးအခင်းကတစ်ဆင့် ရိုက်ခတ်လာနေတဲ့ နိုင်ငံတကာဖိအားများ၊ တရုတ်နှင့် အနောက်နိုင်ငံများ၏ ပထဝီနိုင်ငံရေးအားပြိုင်မှုများကြောင့် မြန်မာနိုင်ငံဟာ ဒေသတွင်းမှာ ရှေ့တန်းရောက်လာခြင်း၊ ဘာသာရေးအစွန်းရောက်များနဲ့ အမျိုးသားရေးအစွန်းရောက်များ အားကောင်းလာနေခြင်းစတဲ့ စိန်ခေါ်မှုများစွာကို တစ်ပြိုင်တည်း ရင်ဆိုင်နေရတာကို တွေ့ရမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင် မိဘပြည်သူများရှင့်**

တိုင်းရင်းသားအားလုံး ပြည်ထောင်စုအတွင်း သိုက်သိုက်ဝန်းဝန်းနေထိုင်နိုင်ရေးဟာ ကျင့်သုံးတဲ့နိုင်ငံရေးစနစ်အပေါ်မှာ အခြေခံပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အရေးကြီးဆုံးကတော့ အားလုံးသဘောတူလက်ခံတဲ့ ပြည်ထောင်စုလက္ခဏာ တည်ဆောက်ရေးပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ အသွင်သဏ္ဌာန်လက္ခဏာတည်ဆောက်ရေးနဲ့ အနှစ်သာရလက္ခဏာ တည်ဆောက်ရေးဆိုပြီး အပိုင်းနှစ်ပိုင်း ခွဲခြားနိုင်ပါတယ်။

**အသွင်သဏ္ဌာန်လက္ခဏာတည်ဆောက်ရေး ဆိုတာကတော့**

(၁) ပြည်ထောင်စုသားအားလုံး ပိုင်ဆိုင်ထားတဲ့၊ လက်ခံထားတဲ့ သင်္ကေတအမှတ်အသားနဲ့ ထူးခြားတဲ့ဝိသေသများကို ဖော်ထုတ်ပြီး ပြည်ထောင်စုနဲ့ သက်ဆိုင်တဲ့နေရာအားလုံးမှာ ၎င်းသင်္ကေတအမှတ်အသားကို သုံးစွဲရန်၊
(၂) ပြည်နယ်များရဲ့ ကိုယ်ပိုင်အမှတ်သင်္ကေတများကို သတ်မှတ်ကာ သက်ဆိုင်ရာ ပြည်နယ်အတွက် သုံးစွဲရန်၊
(၃) ပြည်ထောင်စုနဲ့ သက်ဆိုင်တဲ့နေရာတွေမှာ ပြည်နယ်အားလုံးရဲ့ သင်္ကေတအမှတ်တံဆိပ်တို့ကို ထားရှိရန်၊
(၄) သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးတို့ရဲ့ သမိုင်းအမွေအနှစ်၊ နေ့ထူးနေ့မြတ်၊ အစဉ်အလာ ဓလေ့ထုံးတမ်းဆိုင်ရာ မတူကွဲပြားမှုကို လက်ခံပြီး အပြန်အလှန် လေးစားတန်ဖိုးထားရန်တို့ ဖြစ်ပါတယ်။




**အနှစ်သာရလက္ခဏာ တည်ဆောက်ရေးဆိုတာကတော့**

(၁) ဒီမိုကရေစီရေး၊ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိတဲ့ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များဖြင့် ပြည်ထောင်စုကို ဖွဲ့စည်းတည်ဆောက်ရန်၊
(၂) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်ကို ခွဲခြားကျင့်သုံးခြင်းနဲ့ အပြန်အလှန်ထိန်းကျောင်းခြင်းစနစ် အားကောင်းအောင်တည်ဆောက်ရန်၊
(၃) ပြည်ထောင်စုနဲ့ ပြည်နယ်အကြားမှာလည်းကောင်း၊ ပြည်နယ်အချင်းချင်း အကြားမှာလည်းကောင်း ကောင်းမွန်သောအစိုးရ အချင်းချင်းအကြား တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆက်ဆံရေး ခိုင်မာအားကောင်းတဲ့ ဆက်ဆံရေးစနစ် တည်ဆောက်ရန်၊
(၄) ဘဏ္ဍာရေး၊ သယံဇာတစီမံခန့်ခွဲရေးနှင့် ခွဲဝေသုံးစွဲရေးမှာ ပြည်နယ်အားလုံး တစ်ပြေးညီ ဖွံ့ဖြိုးရေးကို ရှေးရှုရန်၊
(၅) ဒေသန္တရအုပ်ချုပ်မှုအဆင့်အထိ ပီပြင်တဲ့ ဖက်ဒရယ်ပုံစံအုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်သွားရန် စသည်တို့ပဲ ဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင် မိဘပြည်သူများရှင့်**

ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်တဲ့နေရာမှာ တစ်ဦးတစ်ယောက်ကောင်းနဲ့ တည်ဆောက်သွားဖို့ဆိုတာ အင်မတန်မှ ခက်ခဲပါတယ်။ ပြည်ထောင်စုကို တည်ထောင်ခဲ့ကြတဲ့ တိုင်းရင်းသားအပေါင်းက အတူတကွ ပါဝင်လာပြီး စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှုများနဲ့သာလျှင် သာယာဝပြောပြီး ငြိမ်းချမ်းတဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မယ်လို့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အလေးအနက်ခံယူထားပါတယ်။

ကျွန်မတို့ရဲ့ SNLD ပါတီကတော့ ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားအရေး၊ ပြည်သူ့အရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ကို အစဉ်အမြဲ ဦးထိပ်ထားပြီး ဒီနေ့ထိတိုင် ရင့်ကျက်တည်ငြိမ်တဲ့၊ ရိုးသားတဲ့ ပါတီတစ်ခုအဖြစ် ရပ်တည်နေဆဲ ဖြစ်ပါတယ်။ ဒီနိုင်ငံမှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ ငြိမ်းချမ်းခြင်းတရားတွေ အမြစ်တွယ် ထွန်းကားလာစေဖို့အတွက် ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား လျှောက်လှမ်းနေမှာ ဖြစ်ပါတယ်။ အမျိုးသားတန်းတူရေးကို အပြည့်အဝအာမခံတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု ရေခံမြေခံကောင်းများကို ချန်ထားရစ်နိုင်ရေးဆိုတဲ့ သမိုင်းပေးတာဝန်တစ်ရပ်ကို မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ရင်း အနာဂတ်မှာလည်း အားမာန်အပြည့်နဲ့ ဆက်လက်ချီတက်နေဦးမှာဖြစ်ပါတယ်။

ထို့အတူပဲ SNLD ပါတီကို ကိုယ်စားပြုပြီး ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းတွေဟာလည်း မဲဆန္ဒရှင် မိဘပြည်သူတွေကသာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ပြီး တာဝန်အပ်နှင်းခဲ့မယ်ဆိုရင် ပြည်သူလူထုရဲ့အကျိုးကို ကျေပွန်စွာသယ်ပိုးဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်းကိုလည်း ကတိပေးပြောကြားလိုပါတယ်။

ဒါကြောင့် မကြာမီ ရောက်ရှိလာတော့မယ့် ရွေးကောက်ပွဲနေ့မှာ မိဘပြည်သူတွေအနေနဲ့ မဲရုံကိုအရောက်သွားပြီး ပြည်သူပြည်သားတွေရဲ့ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့အတွက် ရဲရဲတင်းတင်းမဲပေးကြပါ၊ ပြတ်ပြတ်သားသား မဲပေးကြပါ၊ သာယာပျော်ရွှင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာဖို့အတွက် မိမိတို့ရဲ့ မဲပြားတွေနဲ့ တည်ဆောက်ပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံး နိုင်ငံတော်တည်ဆောက်ရေးမှာ ပါဝင်နိုင်ကြပါစေ။**

**မိုင်ဆုန်ခ . . .**


ပါတီစတင်တည်ထောင်ခဲ့သည့် ၁၉၈၈ ကတည်းက ရွေးကောက်ပွဲအသီးသီး၌ အသုံးပြုခဲ့သည့် SNLD ၏ ပါတီသီချင်း

## အားမာန်မပျောက်စေနဲ့

V1. ရှမ်းအမျိုးသားအရေး ရှမ်းပြည်အရေး ဘယ်သူ့ကို တာဝန်ပေးမလဲ
ရှမ်းတို့ရဲ့ အားမာန်ချည့်နဲ့ကုန်ခန်းမလိုဖြစ်နေတာ
ဘယ်သူတွေမှာ တာဝန်ရှိသလဲ
အမျိုးမပျောက်စေနဲ့လေ ရှမ်းအမျိုးကြီးထွားပါစေ ဆန္ဒရှိပေ
မပျက်သုဉ်းစေနဲ့လေ တို့အားမာန်တွေ
စည်းလုံးညီညွတ်စွာ အလင်းပေးကြပါ

V2. ရှမ်းလူထုနဲ့ ရှမ်းမျိုးနွယ်အတွက်နဲ့ တို့တွေအားမပျက်ကြပါနဲ့
မျိုးရိုးတွေပျောက် ဆင်းရဲတွင်းထဲရောက်တော့မှ
ပိုပြီးရုက်စရာ ကောင်းမှာပေ့ါ တို့ရှမ်းတွေ
ပြည်ရွာအကျိုးအတွက် တာဝန်မပျက်စေနဲ့ဟေ့
တို့တစ်တွေ စည်းလုံးကြပါစို့လေ
ကျားမျိုးနွယ် တို့ရှမ်းတွေ တကွဲတပြားစီ မဖြစ်ကြေးနော်
ရှမ်းအနာဂတ် ထွန်းလင်းတောက်ပဖို့ ဆက်ကြိုးစားကြစို့လေ

# စစ်ကိုင်းတောင်ရိုး IBEC ဗုဒ္ဓဘာသာပညာရေးစင်တာ၏ ပဓာနနာယက ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တသောဘိတအား ကမ္ဘာ့ဗုဒ္ဓဘာသာခေါင်းဆောင်ထူးချွန်ဆုနှင့် နိုင်ငံတကာဗုဒ္ဓဘာသာငြိမ်းချမ်းရေးသံတမန်အဖြစ် ခန့်အပ်မည်



**မန္တလေး စက်တင်ဘာ ၁၂**

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ International Buddhist Education Center - IBEC ဗုဒ္ဓဘာသာပညာရေး စင်တာ၏ ပဓာနနာယက ကျောင်းအုပ် ဆရာတော် ဘဒ္ဒန္တသောဘိတအား World Alliance Of Buddhists အဖွဲ့က ကမ္ဘာ့ဗုဒ္ဓဘာသာ ခေါင်းဆောင် ထူးချွန်ဆုနှင့် နိုင်ငံတကာဗုဒ္ဓဘာသာ ငြိမ်းချမ်းရေးသံတမန်အဖြစ် ခန့်အပ်သွားမည်ဖြစ်ကြောင်း IBEC သတင်း ထုတ်ပြန်ရေးအဖွဲ့ထံမှ သိရသည်။

အဆိုပါဆုနှင့် သံတမန်အဖြစ် ခန့်အပ်ခြင်းကို စက်တင်ဘာ ၂၂ ရက် မှ ၂၇ ရက် အထိ အိန္ဒိယနိုင်ငံ နတ်ပူမြို့တွင် World Alliance Of Buddhists အဖွဲ့က ပြုလုပ်မည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ ဗုဒ္ဓဘာသာညီလာခံကြီးတွင် IBEC ဆရာတော် ဘဒ္ဒန္တ သောဘိတကို ချီးမြှင့် ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဇွန် ၂၉ ရက်မှ ဇူလိုင် ၂ ရက် အထိ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့ငြိမ်းချမ်းရေး ညီလာခံတွင် IBEC ဆရာတော်သည် စတော့ဟုမ်းကမ္ဘာ့ငြိမ်းချမ်းရေးဆုအား ရရှိခဲ့ပြီး ယခုအခါတွင် ကမ္ဘာ့ဗုဒ္ဓဘာသာ ငြိမ်းချမ်းရေး သံတမန်အဖြစ် ခန့်အပ်ခံရ ခြင်းဖြစ်သည်။

စစ်ကိုင်းမြို့ IBEC ဗုဒ္ဓဘာသာ ပညာရေးစင်တာ၏ ပဓာန နာယက ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ သောဘိတသည် ၂၀၁၅ ခုနှစ်အတွင်းက ကိုရီးယားနိုင်ငံအခြေစိုက် ကမ္ဘာ့ငြိမ်းချမ်း ရေးအဖွဲ့ကြီး၏ ငြိမ်းချမ်းရေးသံတမန် အဖြစ်လည်း ခန့်အပ်ခြင်း ခံခဲ့ရသည်။

ယခုအခါတွင် ဆရာတော် ဘဒ္ဒန္တ သောဘိတ အရှင်သူမြတ်သည် စစ်ကိုင်း မြို့ စစ်ကိုင်းတောင်ရိုးတွင် IBEC ဗုဒ္ဓဘာသာပညာရေးစင်တာကို တည် ထောင်ခဲ့ပြီး အဆိုပါ ဗုဒ္ဓဘာသာပညာ ရေးစင်တာ၌ ပရိယတ္တိဘုန်းတော်ကြီး သင် ပညာရေးအထက်တန်းကျောင်း၊ လူငယ်များအတွက် အင်္ဂလိပ်စာနှင့် လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်သည့် လုပ်ငန်းပေါင်းမြောက်မြားစွာကိုလည်း ဆောင်ရွက်ပေးနေသည့်အပြင် ကျွန်းလု မြို့တွင် သီတဂူဗုဒ္ဓတက္ကသိုလ်ကို တည် ထောင်ပြီး Community in Buddhism သင်တန်းများ ဖွင့်လှစ်သင်ကြား ပို့ချနေကာ နိုင်ငံတကာသာသနာပြု လုပ်ငန်းများနှင့် ပညာရေးအစီအစဉ်များ ကို နယ်သာလန်နိုင်ငံတွင် ဆောင်ရွက် နေကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား )**

# မြန်မာ့စာတိုက်လုပ်ငန်းမှ ရန်ကုန်စာတိုက်ကြီးနှစ် (၁၁၀) ပြည့် အထိမ်းအမှတ်အဖြစ် ၂၀၀ ကျပ်တန် အထူးထုတ် တံဆိပ်ခေါင်း (၁) မျိုးအား ရောင်းချပေးသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ရန်ကုန် စာတိုက်ကြီး နှစ်(၁၁၀)ပြည့် အထိမ်း အမှတ်အဖြစ် ၂၀၀ ကျပ်တန် အထူးထုတ် တံဆိပ်ခေါင်း တစ်မျိုးအား စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ လုပ်ငန်း ပြည့်စာတိုက်အသီးသီးတွင် ရောင်းချ ပေးသွားမည် ဖြစ်သည်။




အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန် စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီး တို့၌ စက်တင်ဘာ ၂၀ ရက်တွင် ဝယ်ယူ သော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲ အမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည် ဖြစ်သည်။

ရန်ကုန်စာတိုက်ကြီး၌ စက်တင်ဘာ ၂၀ ရက်တွင် ပထမနေ့ တံဆိပ်ခေါင်းဖျက် အထူးတံဆိပ်တုံး ရိုက်နှိပ်ပေးခြင်း၊ ရန်ကုန်စာတိုက်ကြီး အဆောက်အအုံ နှစ် (၁၁၀)ပြည့် အထိမ်းအမှတ် ပို့စကတ် လေးမျိုး ရောင်းချခြင်း၊ ရန်ကုန်စာတိုက် ကြီး အဆောက်အအုံ နှစ် (၁၁၀) ပြည့် အထိမ်းအမှတ် ကတ် (Folder) ရောင်းချ ခြင်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ရန်ကုန်စာတိုက်ကြီး၌ စက်တင်ဘာ ၂၃ ရက်တွင် ရန်ကုန်စာတိုက်ကြီး အဆောက်အအုံ နှစ် (၁၁၀)ပြည့် အခမ်း အနားကျင်းပခြင်း၊ မြန်မာ့စာတိုက် လုပ်ငန်းနှင့် မြန်မာနိုင်ငံ တံဆိပ်ခေါင်း စုဆောင်းသူ ဝါသနာရှင်များအသင်းတို့ ပူးပေါင်း၍ တံဆိပ်ခေါင်းပြပွဲ ခင်းကျင်း ပြသခြင်း၊ ပြပွဲအထိမ်းအမှတ် တံဆိပ် ခေါင်းဖျက် အထူးတံဆိပ်တုံး ရိုက်နှိပ် ထုတ်ဝေခြင်း၊ ရန်ကုန်စာတိုက်ကြီး အဆောက်အအုံ နှစ်(၁၁၀)ပြည့် အထိမ်း အမှတ် ပို့စကတ် လေးမျိုး ရောင်းချပေး ခြင်း၊ ရှေးဟောင်းတံဆိပ်ခေါင်း ထည့်သွင်း ထားသည့် ကတ် (Folder) ရောင်းချပေး ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် စက်တင်ဘာ ၁၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီး ဌာန ထုတ်ပြန်ချက်အရ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မုဒုံမြို့၌ ၄ ဒသမ ၉၂ လက်မ၊ ဘီးလင်းမြို့၌ ၃ ဒသမ ၃၅ လက်မ၊ မြစ်ကြီးနားမြို့၌ ၃ ဒသမ ၁၁ လက်မ၊ ဘားအံမြို့၌ ၂ ဒသမ ၄၀ လက်မ၊ ပေါင်မြို့၌ ၂ ဒသမ ၁၃ လက်မ၊ ကျိုက် မရောမြို့၌ ၂ ဒသမ ဝ၉ လက်မ၊ ရှမ်းရွာ သစ်မြို့၌ ၁ ဒသမ ၅၆ လက်မ၊ ချောင်းဆုံ မြို့၌ ၁ ဒသမ ၄၆ လက်မ၊ ကမမောင်းမြို့၌ ၁ ဒသမ ၃၆ လက်မ၊ မော်လမြိုင်မြို့နှင့် ကြာအင်းဆိပ်ကြီးမြို့တို့၌ ၁ ဒသမ ဝဝ လက်မစီတို့ဖြစ်ကြသည်။ **မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

"ကိုရီးယားမှာ လူဦးရေ ၅၂ သန်းရှိတယ်။ အခု လူတစ်ယောက် တစ်နှစ်ကို အနည်းဆုံးရုပ်ရှင်ကား လေးကားကြည့်တယ်။ ရုပ်ရှင်တစ်ခါကြည့်ရင် ဝမ်ခုနစ်ထောင်ပေးရတယ်။ မင်းတွက်ကြည့်ပေါ့၊ အဲဒါပြည်တွင်းဝင်ငွေပဲရှိသေးတယ်"

သူပြောတဲ့ ကိန်းဂဏန်းတွေကို စိတ်တွက်နဲ့ ပေါင်းနုတ်မြှောက်စားလုပ်ကြည့်ရင်း ရလာတဲ့ကိန်းဂဏန်းက မယုံနိုင်စရာပါပဲ။ ကိုရီးယားရုပ်ရှင်ရဲ့ ပြည်တွင်းဈေးကွက်ပမာဏက ကျွန်တော့်အတွက် မယုံနိုင်လောက်အောင် အားကျစရာပါ။ ဟုတ်ပါတယ်။ ကိုရီးယားနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနဲ့ ခရီးသွားဝန်ကြီးဌာနရဲ့ တရားဝင်ထုတ်ပြန်ချက်အရ ၂၀၁၆ ခုနှစ်အတွက် ရုပ်ရှင်လုပ်ငန်းရဲ့ ဝင်ငွေက ဝမ် ၅ ထရီလီယံ ရှိပါတယ်။

**အသားတင်အမြတ်**

၂၀၁၆ခုနှစ်အတွက် ရုပ်ရှင်က အဓိကပါဝင်တဲ့ ယဉ်ကျေးမှုကဏ္ဍ၊ ပြည်ပပို့ကုန်ဝင်ငွေ ၆၀၈၁၀၀၀ ဒေါ်လာ ဖြစ်ပါတယ်။ ဒီဒေါ်လာခြောက်သန်းကျော်ဟာ အသားတင် အမြတ်ဝင်ငွေ ဖြစ်ပါတယ်။ အဲဒီရုပ်ရှင်ဇာတ်ကားများဟာ ပြည်တွင်းမှာတင် အရင်းတင်မက အမြတ်ရရှိပြီးဖြစ်လို့ပါပဲ။ ဒါတောင် ဒီဝင်ငွေထဲမှာ Animation က ရတဲ့ဝင်ငွေတွေ မပါသေးပါဘူး။

သူပြောတဲ့ကိန်းဂဏန်းတွေနဲ့ တွေဝေမိန်းမောနေတဲ့ ကျွန်တော့်ကို ဒါရိုက်တာကြီး အီဂျန်းဟိုးက "စိတ်ဓာတ် မကျပါနဲ့ 'ဇင်'အခုမင်းတို့လာတဲ့အဖွဲ့မှာ အစိုးရဘက်က ဝန်ကြီးကိုယ်တိုင်ပါတယ်။ ရုပ်ရှင်သမားတွေကိုယ်စား မင်းပါတယ်။ ပြီးတော့ ရုပ်ရှင်ဖွံ့ဖြိုးဖို့ ပံ့ပိုးချင်တဲ့ ပုဂ္ဂိုလ်တွေလည်း ပါတယ်။ ပြီးတော့ မင်းတို့အားလုံး မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုး တိုးတက်ဖို့ အပြောင်းအလဲတစ်ခုလုပ်ဖို့ ဆန္ဒပြင်းထန်နေကြတာ တွေ့ရတယ်။ မင်းတို့ အောင်မြင်မှာပါ။ အချိန်တော့ လိုတာပေါ့"တဲ့။

ညဘက် ကျွန်တော်တို့ကို ကိုရီးယားရိုးရာ အစားအသောက်များနဲ့ ညစာလိုက်ကျွေးရင်း စကားပြောကြတော့ "အစိုးရကပဲဖြစ်ဖြစ်၊ လုပ်ငန်းရှင်တွေကပဲဖြစ်ဖြစ် ဘယ်လောက်ပဲ ဝိုင်းကူကူ တကယ်လုပ်ရမှာက ရုပ်ရှင်သမားတွေပဲ။ သူတို့က ပံ့ပိုးရုံပဲတတ်နိုင်တယ်။ ပရိသတ်ကို ဆန်းသစ်တဲ့ အတွေးအခေါ်တွေ၊ ထူးခြားတဲ့တင်ပြပုံတွေနဲ့ ဘယ်လို အနုပညာပစ္စည်းတွေ ပေးမလဲဆိုတာက တို့ရုပ်ရှင်အနုပညာရှင်တွေ လုပ်မှရတာ ညီလေး၊ mindset တွေ ပြောင်းရမယ်။ အဓိက ဇာတ်ညွှန်းက စပြောင်းရမယ်..."

Seoul Film Commission ရဲ့ ဒုတိယဥက္ကဋ္ဌလည်းဖြစ်၊ ကိုရီးယားရုပ်ရှင်အစည်းအရုံးရဲ့ဥက္ကဋ္ဌလည်း ဖြစ်တဲ့ ဇာတ်ညွှန်းရေးဆရာကြီး ဂျီဆန်းဟတ်ရဲ့ တန်ဖိုးရှိလှတဲ့ စကားပါခင်ဗျာ။

ဟုတ်ပါတယ်။ အနာကိုလည်းသိပြီ၊ ဆေးလည်း ရှိနေပြီ။ တိုးတက်ချင်စိတ်လည်းရှိတယ်။ တိုးတက်နိုင်မယ့် နည်းလမ်းကိုလည်း သိတယ်။ တကယ်လုပ်ကြရမှာက ကျွန်တော်တို့ တာဝန်ပါပဲ။

ညဘက်တည်းခိုရာ ဟိုတယ်ကိုအပြန် ကားပေါ်မှာ အဖွဲ့သားတွေအားလုံး အတွေးကိုယ်စီနဲ့ ငြိမ်သက်တိတ်ဆိတ်လို့နေပါတယ်။ သူတို့ ဘာတွေတွေးနေကြပါလိမ့် ကျွန်တော်မသိပါ။ ကျွန်တော်ကတော့ ကဗျာဆရာမကြီး ငွေတာရီရဲ့ "သာသည့် မြေသို့" ကဗျာလေးကို တိုးတိုးလေး ရွတ်နေမိပါတော့တယ်။

**သာသည့်မြေသို့**

**သူ့မြေမှာ**
**ဖြူပြာပွင့်ရင်ဖြင့်**
**ငါ့မြေမှာ**
**နီဝါတင့်ရမပေါ့**
**အခွင့်အခါမျှော်လို့**
**ဥယျာဉ်တော်**
**သာယာရေးကိုလ**
**ရှုမြင်မျှော်**
**အခါခါတွေးပါလို့**
**မနေးပင်အားအင်ထုတ်လို့ရယ်**
**ပေါင်းနုတ်ဖို့ခဲ့။**

# ဖက်ရှင်နည်းပညာသင်တန်းကျောင်းတစ်ခုဖွင့်နိုင်ရန် သက်ဆိုင်ရာနှင့်ညှိနှိုင်းလျက်ရှိ ကနဦးအနေဖြင့် အထည်ချုပ်ဆရာဖြစ်သင်တန်း ပြည်ပ ပညာရှင်များဖြင့် သင်ကြားမည်

**ရန်ကုန် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းအနေဖြင့် ဖက်ရှင်နည်းပညာသင်တန်းကျောင်းတစ်ခု ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာနှင့် ညှိနှိုင်းလျက်ရှိပြီး ကနဦးအနေဖြင့် အထည်ချုပ် နည်းပညာဆရာဖြစ်သင်တန်းကို ပြည်ပ ပညာရှင်များဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောသည်။

ဒေါ်ခိုင်ခိုင်နွယ်က "လောလောဆယ်မှာတော့ အထည်ချုပ် နည်းပညာနဲ့ ပတ်သက်တဲ့ သင်တန်းတွေကို တိုးချဲ့လုပ်သွားမယ်။ နောက်ပိုင်းမှာတော့ ဖက်ရှင်နည်းပညာ သင်တန်းကျောင်း ဖွင့်လှစ်နိုင်ဖို့အထိ ညှိနှိုင်းဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

"အဲဒီ သင်တန်းကျောင်းမှာဆိုရင် တစ်နေရာတည်းမှာ အထည်ချုပ်နဲ့ပတ်သက်တဲ့ နည်းပညာတွေလည်း သင်မယ်။ စက်ပြင်တဲ့သင်တန်းအပြင် ဒီဇိုင်းဆွဲတဲ့ သင်တန်းတွေ၊ ရက်လုပ်တဲ့သင်တန်းတွေလည်း သင်မယ်။ ဝယ်သူနဲ့ လုပ်ငန်းရှင်တွေ ဆွေးနွေးလို့ရမယ့်နေရာတွေလည်း ပါမယ်။ တစ်နေရာတည်းမှာ အထည်နဲ့ အထည်ချုပ်လုပ်ငန်းနဲ့ ပတ်သက်တဲ့ နည်းပညာတွေ တစ်နေရာတည်းကနေပေးဖို့ အတွက် အနာဂတ် မျှော်မှန်းချက်ပါ။ ဒါတွေကို ပညာရေးဝန်ကြီး ဌာနနဲ့ ပြောနေတာတွေရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်းအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ဖက်ရှင်နည်းပညာ သင်တန်းကျောင်းတစ်ခုကို ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ GTI ကျောင်း၌ ဖွင့်လှစ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ယခုအခါ ကနဦးခြေလှမ်းအနေဖြင့် အဆိုပါကျောင်း၌ ပထမအကြိမ် အထည်ချုပ်နည်းပညာ ဆရာဖြစ်သင်တန်းကို စက်တင်ဘာ ၁၇ ရက်မှစတင်၍ တစ်လခွဲကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဖက်ရှင်နည်းပညာနှင့် အထည်ချုပ်ကဏ္ဍ ရေရှည်တွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစင်တာတို့ ပူးပေါင်းဖွင့်လှစ်ခြင်း ဖြစ်သည်။

သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်မည်ဖြစ်ပြီး သီရိလင်္ကာနိုင်ငံမှ ပညာရှင်သုံးဦးက အထည်ချုပ်လုပ်မှု၊ အုပ်ချုပ်မှု၊ အလုပ်ခန့်ထားမှု၊ စက်ပိုင်းဆိုင်ရာ ထိန်းသိမ်းမှု၊ လုပ်ငန်းခွင်ဆိုင်ရာစီမံခန့်ခွဲမှု စသည့် အထည်ချုပ် ဆိုင်ရာပညာရပ်များကို သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က "ဒီသင်တန်းဟာ ရှေ့ခရီးစဉ်ရဲ့ ပထမခြေလှမ်းဖြစ်တဲ့အတွက် နောက်တက်မယ့် ခြေလှမ်းတွေကလည်း မြန်မာနိုင်ငံမှာ အထည်နဲ့ အထည်ချုပ်ကဏ္ဍ ဖွံ့ဖြိုးပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးရရှိလာပြီး တိုင်းပြည်ရဲ့စီးပွားရေးဖွံ့ဖြိုးမှုတစ်ခုအထိ ပံ့ပိုးဖို့ရည်ရွယ်ထားပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "အခုဆိုရင် ကျွန်မတို့ရဲ့ အထည်ချုပ် လုပ်ငန်းက ရောဝတီ၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူးတိုင်းဒေသကြီးတွေမှာ တော်တော်ဖွံ့ဖြိုးနေပြီ။ အဲဒီလို စက်ရုံတွေရှိတဲ့ နေရာမျိုးကို ဆရာဖြစ်သင်တန်းဆင်းထားတဲ့ သင်တန်းကျောင်းတွေမှာရှိတဲ့ ဆရာ၊ ဆရာမတွေလွှတ်ပြီးတော့ သင်ကြားပေးမယ်။ အဲဒီနေရာမှာရှိတဲ့ အလုပ်လုပ်ချင်တဲ့သူတွေအနေနဲ့ ဒီပညာတွေရပြီး အလုပ်ရုံထဲဝင်လို့ရအောင်အထိ ရည်ရွယ်ချက်ရှိပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်းအနေဖြင့် အခြေခံစက်ချုပ်နည်းပညာ သင်တန်းများကို ၂၀၁၁ခုနှစ်မှ စတင်ကာ အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်အတွင်းရှိ သင်တန်းကျောင်း၌ အခမဲ့သင်တန်းများ ပို့ချပေးလျက်ရှိသည်။ အဆိုပါ သင်တန်းများကို ၁၅ ရက်တစ်ကြိမ် ခေါ်ယူလေ့ရှိကာ သင်တန်း ကာလမှာ ၁၀ ရက်ဖြစ်ပြီး သင်ကြားရာတွင် စက်ရုံများကို နှစ်ရက်ကြာ ကွင်းဆင်းလေ့လာမှုလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါ သင်တန်းများနှင့် ပတ်သက်၍ ဒေါ်ခိုင်ခိုင်နွယ်က "သင်တန်းသား၊ သင်တန်းသူတွေကို သင်ကြားရေးနဲ့ စာအုပ်စာတမ်းတွေ ကျွန်မတို့က အခမဲ့ပေးတယ်။ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အနေနဲ့ ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး လုပ်တဲ့အခါမှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ သင်တန်းသား၊ သင်တန်းသူတွေကို ထမင်းကျွေးတဲ့အပြင် လမ်းစရိတ်လည်း ထောက်ပံ့ပေးပါတယ်။ ဒါ့ကြောင့် သင်တန်းတက်တဲ့သူတွေလည်း ပိုများလာပါတယ်။ သင်တန်းဆင်းတဲ့သူတွေထဲက ၉၅ ရာခိုင်နှုန်းလောက်က စက်ရုံ၊ အလုပ်ရုံတွေထဲကို ရောက်ကြပါတယ်"ဟု ပြောသည်။

နိုင်ငံတစ်ဝန်း၌ အထည်ချုပ်စက်ရုံများ တိုးတက်လာခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ခြင်းနှင့် ပို့ကုန်တန်ဖိုး မြှင့်တင်နိုင်ခြင်းတို့ကြောင့် လက်ရှိတွင် အထည်ချုပ်လုပ်ငန်းများအနေဖြင့် ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းများတွင် တရုတ်နိုင်ငံမှ အများဆုံးဖြစ်ပြီး ဒုတိယအနေဖြင့် ကိုရီးယားနိုင်ငံ၊ တတိယအနေဖြင့် ဂျပန်နိုင်ငံတို့ ဖြစ်ကြောင်းလည်း သိရသည်။

နိုင်ငံတစ်ဝန်း၌ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဝင် အထည်ချုပ်စက်ရုံပေါင်း ၅၀၀ ကျော်ရှိပြီး ယင်း အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နေသည့် အလုပ်သမား ငါးသိန်းခန့်ရှိသည့်အနက် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အထည်ချုပ် စက်ရုံပေါင်း ၄၀၀ ကျော်ရှိကာ အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နေသည့် အလုပ်သမား လေးသိန်းခန့်ရှိကြောင်း သိရသည်။

**ဇော်ကြီး**

# ဂိမ်းဆိုင်တွင် ကလေးချင်းစကားများသည့်ကိစ္စဖြင့် ဓား၊ လှံတို့ဖြင့် ထိုးခုတ်ခဲ့သောကြောင့် တစ်ဦးသေဆုံး

နေပြည်တော် စက်တင်ဘာ ၁၂

**ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မလ္လကုန်းဒွေးကြွယ် (က)ရပ်ကွက်နေ ဒေါ်ခင်ခင်ဌေးနှင့် ခင်ပွန်း ဦးကြည်ဝင်း၊ အတူနေသမီး မနုနုလွင်နှင့် ၎င်း၏ ခင်ပွန်း ဇော်သူဟိန်း(ခ)ကတုံး ၊ အလုပ်သမား ဇော်လင်းဦးတို့ နေအိမ်၌ရှိနေစဉ် ယမန်နေ့ ညနေ ၅ နာရီက ကျိုက္ကဆံလမ်းရှိ 777 ဂိမ်းဆိုင်၌ ဂိမ်းဆော့ရင်း ကလေးချင်း စကားများရာမှ ရန်ငြိုးဖြစ်ကာ လက်ကိုင်ဖုန်းဖြင့် အပြန်အလှန်စကားများကြပြီး ဒေါ်ခင်ခင်ဌေးတို့က တိုက်အောက်၌ စောင့်ဆိုင်းနေခဲ့သည်။**





ရန်ပွဲဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများနှင့် သိမ်းဆည်းရမိသည့် လက်နက်များကို တွေ့ရစဉ်။

ထိုသို့ စောင့်ဆိုင်းနေစဉ် ဒေါ်ခင်ခင်ဌေး နေအိမ်၏ မျက်နှာချင်းဆိုင်ရှိ ရွှေကံ့ကော် လက်ဖက်ရည်ဆိုင်အနီး၌ မော်တော်ယာဉ် သုံးစီးရပ်တန့်၍ ယာဉ်များပေါ်မှ ဓား၊ လှံ ကိုင်ဆောင်ထားသော လူများဆင်းလာပြီး ထိုးခုတ်ခဲ့ရာ ဇော်သူဟိန်း(ခ)ကတုံး၊ ဇော်လင်းဦးတို့တွင် ဒဏ်ရာများရရှိခဲ့သည်။

သို့ဖြစ်၍ ၎င်းတို့အား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့စဉ် ဇော်သူဟိန်း(ခ)ကတုံးမှာ ရရှိသောဒဏ်ရာများဖြင့် လမ်း၌ သေဆုံးသွားခဲ့သောကြောင့် ဝင်းထွဋ်ဝင်းပါ လူတစ်စု(စိစစ်ဆဲ)အား တာမွေမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းခဲ့သည်။

အဆိုပါ ည ၁၀ နာရီခွဲတွင် တာမွေကြီး(က+ဂ)ရပ်ကွက် တာမွေ ယာယီဈေးရှေ့တွင် ရန်ဖြစ်နေကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များ သွားရောက်ခဲ့ရာ ပိုင်ရှင်မဲ့ DD/---- Toyota Succeed ယာဉ်အား ကားသော့ တန်းလန်းဖြင့် တွေ့ရှိခဲ့ပြီး ယာဉ်ပေါ်မှ ဓားရှည် ၁၃ လက်၊ ဓားတို နှစ်လက်၊ လှံ နှစ်ချောင်း၊ ပုဆိန်တစ်လက်၊ သံလက်သီးတစ်ခုကို လည်းကောင်း၊ ည ၁၁ နာရီ ၂၅ မိနစ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၆)ရပ်ကွက် အခွန်လွတ်ဈေးအနီး၌ AA/---- Toyota Caldina Taxi ယာဉ်ပေါ်မှ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ ဖြူတုတ် (ခ) သိန်းထွေး၊ သာကေတမြို့နယ်နေ ဝင်းနိုင်(ခ) သံဗုဒ္ဓေ၊ ယဉ်မိုး(ခ)မိုးကြီးနှင့် သီဟအောင်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ည ၁၁ နာရီခွဲတွင် သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ်(၄) လမ်းပေါ်၌ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ ဝင်းမြင့်သည် 7J/---- Toyota Alphard ယာဉ်ကို ရပ်၍ ထွက်ပြေးသဖြင့် သတိပေးပစ်ခတ်သော်လည်း ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်ထွက်ပြေးသောကြောင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ ဝင်းမြင့်တွင် ကျောကုန်းနှင့် လက်မောင်းနှစ်ဖက်တို့တွင် ဒဏ်ရာများ (မစိုးရိမ်ရ)နှင့် ဖြူတုတ်(ခ)သိန်းထွေးတွင် ဝဲလက်ဖဝါးပြတ်ရှဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် သဃ်န်းကျွန်း(စံပြ) ဆေးရုံသို့ တင်ပို့ခဲ့သည်။

ယနေ့ နံနက် ၁ နာရီခန့်တွင် သာကေတမြို့နယ်နေ သိန်းထိုက်အောင်(ခ) အန်းကုန်းနှင့် မင်းအောင်တို့ကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၆၅) ရပ်ကွက် မင်္ဂလာလမ်းမပေါ်၌ လည်းကောင်း၊ နံနက် ၂ နာရီတွင် ဝင်းထွဋ်ဝင်းကို (၆၇)ရပ်ကွက် ရထားသံလမ်းအနီး၌ လည်းကောင်း ဖမ်းဆီးရမိခဲ့၍ ကျန်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ် ဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# မောင်တောမြို့နယ် ကြိမ်ချောင်းစစ်ဆေးရေးဂိတ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၇၂၅၀ နှင့် ရွှေထည်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၂**

မောင်တောမြို့နယ် နယ်မြေ(၄) ကြိမ်ချောင်းစစ်ဆေးရေးဂိတ်၌ အမှတ်(၂)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီက မောင်တောမှ ခမောင်းဆိပ်ကျေးရွာသို့ မောင်တောမြို့နယ် (၃)မိုင်ကျေးရွာနေ အောင်ကျော်ဌေး မောင်းနှင်ပြီး ဦးအေးထွန်းနှင့် မင်္ဂလာညွန့်ကျေးရွာနေ ကိုကိုဝင်းတို့ လိုက်ပါလာသည့် 5M/---- Lifan ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် WY စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ နှင့် ကိုကိုဝင်းထံမှ ငွေကျပ် ၁၀၀၀၀၀၀၊ ရွှေနားကပ် နှစ်ရံ၊ ရွှေဆွဲကြိုးတစ်ကုံးတို့ကို လည်းကောင်း၊ ၎င်းယာဉ်နောက်မှကပ်၍ လိုက်ပါလာသော ဝလာတောင်ကျေးရွာနေ ဟိန်းစိုးသူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ WY စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း၊ ထို့အတူ မောင်မောင်(ခ) မောင်လု မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ကျောပိုးအိတ်အတွင်းမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၂၅၀ နှင့် ငွေကျပ် ၇၀၀၀၀၀ တို့ကိုလည်းကောင်း စုစုပေါင်း WY စိတ်ကြွရူးသွပ်ဆေးပြား ၁၅၇၂၅၀ (တန်ဖိုးငွေကျပ် ၄၇၁၇ ဒသမ ၅ သိန်း) တို့ကို သိမ်းဆည်းရမိခဲ့သည်။

၎င်းတို့ကို စစ်မေးရာ မောင်တောမြို့နေသူတစ်ဦး (စိစစ်ဆဲ)က မူးယစ်ဆေးဝါး တစ်ထုပ်လျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ခမောင်းဆိပ်ကျေးရွာလမ်းဆုံသို့ ပို့ဆောင်ခိုင်း၍ သယ်ဆောင်လာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သောကြောင့် မောင်မောင်(ခ) မောင်လု၊ အောင်ကျော်ဌေးပါ သုံးဦးနှင့် မူးယစ်ဆေးဝါးများပိုင်ရှင်(စိစစ်ဆဲ)တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ချောင်းဦးမြို့နယ် မင်းတည်ကျေးရွာ၌ ရိုက်နှက်မှုကြောင့် သေဆုံးသွားသူမှာ ကလေးသူခိုးမဟုတ်ဘဲ စိတ်ဝေဒနာသည်ဖြစ်ကြောင်း သိရ

**ချောင်းဦး စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် မကျီးခွကျေးရွာအုပ်စု မင်းတည်ကျေးရွာ၌ စက်တင်ဘာ ၁၀ ရက် ည ၇ နာရီ မိနစ် ၅၀ က ကလေးသူခိုးဟု ယူဆရသူအား ရွာသားများက ဝိုင်းဝန်းဖမ်းဆီးရိုက်နှက်ခြင်းကြောင့် သေဆုံးသွားပြီး အလောင်းကို မီးရှို့မှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါ ကလေးသူခိုးဟု ယူဆရသူ သေဆုံးသွားသူမှာ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ခြေတော်ရာကျေးရွာအုပ်စု ရွာသစ်ကျေးရွာနေ ဦးကြည်နိုင် အသက် (၄၂ နှစ်)၎င်း၏ ဇနီးမှာ ဒေါ်အေးနွဲ့ဖြစ်ကာ သားနှစ်ယောက်ရှိကြောင်း သိရသည်။ သေဆုံးသူ ဦးကြည်နိုင်မှာ စိတ်ဝေဒနာရှင်ဖြစ်ပြီး စိတ်ကျန်းမာရေးဆေးရုံတွင် တက်ရောက်ကုသဖူးသူဖြစ်ကြောင်း စိတ်ကျန်းမာရေးဆေးကုသမှု မှတ်တမ်းစာအုပ်များအရ သိရသည်။ သေဆုံးသူ ဦးကြည်နိုင်မှာ အခင်းဖြစ်ပွားသည့်နေ့ စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် နေအိမ်မှ ထွက်ခွာသွားရာမှ ပျောက်ဆုံးခဲ့ခြင်းဖြစ်ကြောင်း ၎င်းမိသားစု၏ ပြောပြချက်အရ သိရသည်။

ယခုအခါ အမှုမှန်ပေါ်ပေါက်ရေး ဆောင်ရွက်လျက်ရှိရာ သေဆုံးသူအား ဝိုင်းဝန်းရိုက်နှက်ခဲ့စဉ် လူအုပ်စုအတွင်း ပါဝင်နေသော အမှုမှ မသင်္ကာသူ ခြောက်ဦးကို ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး သက်သေခံ တုတ်၊ ဓားများအား သိမ်းဆည်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပေါင်မြို့၌ ခွေးရူးတစ်ကောင် လိုက်ကိုက်ခြင်းကြောင့် အသက် နှစ်နှစ်အရွယ်ကလေးအပါအဝင် လူ ၁၅ ဦးဒဏ်ရာရ

**ပေါင် စက်တင်ဘာ ၁၂**

မွန်ပြည်နယ် ပေါင်မြို့ ကဒါရပ်ကွက်၌ စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီဝန်းကျင်ခန့်က ခွေးရူးတစ်ကောင်လိုက်ကိုက်ခြင်းကြောင့် ဒေသခံပြည်သူ အသက်နှစ်နှစ်အရွယ် ကလေးအပါအဝင် ၁၅ ဦး ဒဏ်ရာရရှိခဲ့သည်။

"ခွေးက အမည်းရောင်၊ နေ့လယ်ပိုင်းကျော်လောက်မှာ အိမ်ဘေးနားက အစ်မတစ်ယောက်က ဈေးကနေအပြန် သူ့လက်ကို အရင်ဆုံး ဝင်ကိုက်တာ။ အဲဒီကနေစပြီး ဟိုဘက် ဘုံကျောင်းလမ်းက နှစ်နှစ်အရွယ်ကလေးကို ဝင်ကိုက်တယ်။ ပြီးတော့ အိမ်အောက်မှာ ထိုင်နေတဲ့ အသက် ၇၈ နှစ်အရွယ် အဘွားတစ်ဦး မျက်နှာကို ဝင်ကိုက်လိုက်တယ်။ နောက် ၂၀ ကျော် လူငယ်နှစ်ဦးကို ဝင်ကိုက်လို့ သူတို့နှစ်ယောက်က ရိုက်သတ်လိုက်တာ၊ အားလုံး ၁၅ ယောက်အကိုက်ခံရတယ်" ဟု အကိုက်ခံရသူတစ်ဦးက ပြောပြသည်။

အဆိုပါ ခွေးရူးကိုက်ခံရသူများမှာ မောင်သာထက်လင်း(နှစ်နှစ်)၊ ဒေါ်အေးနွယ်(၄၁နှစ်)၊ မောင်အောင်ဝင်းထက်(၁၅ နှစ်)၊ မောင်အာမွန်(၅ နှစ်)၊ ကိုသက်ဝေ(၃၀ နှစ်)၊ဦးဝေလှိုင် (၅၅ နှစ်)၊ ဒေါ်မြမြ(၇၈ နှစ်)၊ မဇင်မာဦး(၃၂ နှစ်)၊ ကိုစည်သူ(၂၀ နှစ်)၊ ကိုသူရိန်(၂၅ နှစ်)၊ မထက်ထက်(၂၉ နှစ်)၊ ကိုရွှေဦး(၂၈ နှစ်)၊ ဦးဝင်းထွန်းနိုင်(၄၃ နှစ်)၊ မလွမ်းသံဇင်ချို(၃ နှစ်)၊ ကိုထက်ပိုင်ဦး(၂၁ နှစ်) စုစုပေါင်းအမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ငါးဦးဒဏ်ရာများရရှိကာ ပေါင်မြို့ပြည်သူ့ဆေးရုံသို့ တင်ပို့ကာ ခွေးရူးပြန်ကာကွယ်ဆေးများ ထိုးပေးခဲ့ကြောင်း ကဒါရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းထွေးထံမှ သိရသည်။

**ကိုဟိန်း(ပေါင်)**

## မြန်မာ့ရုပ်မြင်သံကြား

၁၃-၉-၂၀၁၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၉း၃၀ - လှပစုံလင်အာဆီယံတစ်ခွင်
၁၁း၀၀ - မြစ်မခမီဒီယာ (သဘာဝပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း)
၁၁း၄၀ - "နှလုံးသားမှစကားသံများ မျှဝေခံစားကြစို့လား"
၁၅း၃၅ - "ဒီမိုကရေစီစိတ်ထား" (အပိုင်း-၄)

**ညပိုင်း**

၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
၁၈း၂၅ - မျက်မှောက်ရေးရာအဖြာဖြာ
၁၈း၅၅ - "CHOICE" (အပိုင်း-၈၃)
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "နေရယ် လရယ် အမုန်တရားရယ်" (အပိုင်း-၅) (ဝိသမအမှောင်) (ဆုပန်ထွာ၊ ခင်ဇာကြည်ကျော်၊ နေယံ၊ မိုးယံဇွန်၊ ဘုန်းသိုဏ်) (ဒါရိုက်တာ-အောင်ကိုလတ်)
၂၀း၀၀ - ပြည်တွင်းသတင်း
၂၀း၃၅ - ၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက် "မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ"
- Britain's Got Talent (22)

# ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် အထောက်အထားမဲ့ပစ္စည်းများတွေ့ရှိ ဖမ်းဆီး

**နေပြည်တော် စက်တင်ဘာ ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၄၆ စီး၊ သွင်းကုန် ၄၁၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈ စီး၊ သွင်းကုန် ၁၈၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးပြုလုပ် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၃၈၀ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၅၀ သန်းခန့် စုစုပေါင်း တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၀၃၀ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၁၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ဗင်ယာဉ်နှစ်စီးနှင့် တိုယိုတာကရောင်းယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်မျိုးစုံ ၃၀၁၈ ထည်၊ အပင်ဖျန်းဆေး ဗူး ၂၀ နှင့် ၁၀ ပေါင်တူခေါင်း ဗူး ၂၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၃၈၀ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဖားကန့်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၂**

တပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီခွဲက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေ့ခါကျေးရွာ အမှတ်(၃)ရပ်ကွက်ရှိ စိုးညွန့်(ခ) အရှည်ကြီး၊ ကျော်မြင့်(ခ)လင်းဇော်တို့၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၁၃ ဂရမ် သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဆိပ်မူကျေးရွာအုပ်စု ဝေ့ခါကျေးရွာ အမှတ်(၁) ရပ်ကွက်ရှိ မယဉ်ယဉ်ထွေး (ခ) မစီ၏ နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူဂရမ် ၁၆၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀၀ တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေပိုင်းက ဖားကန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆိပ်မူကျေးရွာအုပ်စု သာယာကုန်းကျေးရွာရှိ မထုမိုင်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လာမယ့်ဘတ်ဂျက်နှစ်မှာ ပြည်ပရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးလာမယ်လို့ မျှော်လင့်ပြီး ပြင်ဆင်ဖြေလျှော့မှုတွေ အများကြီးလုပ်ပေးနေတယ်

ဦးရန်နိုင်ထွန်း (အမြဲတမ်းအတွင်းဝန်)


ဦးနေအောင် (Founder& CEO)


Mr. Pedro Jose F.Bernardo


ဦးရန်နိုင်ထွန်း (အမြဲတမ်းအတွင်းဝန်)


ဦးဧယျာမျိုးအောင်(ညွှန်ကြားရေးမှူး)


Ng Wee Tye (Managing Director)

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ဟောင်ကောင်အခြေစိုက် Euromoney Institutional Investor (Asia) တို့ ပူးပေါင်း၍ Myanmar Global Investment Forum ကို စက်တင်ဘာ ၁၁ ရက်နှင့် ၁၂ ရက် နှစ်ရက်တာ နေပြည်တော်တွင် ကျင်းပခဲ့သည်။**

အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသူများ၏ စကားသံများကို ဖော်ပြအပ်ပါသည်။

**ဦးနေအောင် (Founder& CEO)**
**OWAY COMPANY LIMITED**

ကျွန်တော်တို့ မြန်မာနိုင်ငံစီးပွားရေးကရေရှည်ကို ကြည့်မယ်ဆိုရင် ဘယ်နေရာမှာ အခက်အခဲတွေ ရှိနေသလဲ၊ ဒါတွေကို ဘယ်လိုဖြေရှင်းမလဲ လေ့လာတဲ့အခါ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းနဲ့ ပို့ဆောင်ရေးလုပ်ငန်းတွေမှာ အခွင့်အလမ်းတွေ ရှိနေတာ တွေ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ မန္တလေးမှာ mini oway ဆိုပြီး Taxi လုပ်ငန်းတွေကို စနေပါတယ်။ Call Center ပဲဖြစ်ဖြစ်၊ မိုဘိုင်းဖုန်းကနေပဲဖြစ်ဖြစ်ခေါ်ပြီး ပို့ဆောင်ပေးတဲ့ ပို့ဆောင်ရေးလုပ်ငန်းတွေကို လုပ်ကိုင်နေပါတယ်။ ဥပမာအနေနဲ့ မန္တလေးမှာဆိုရင် ဆိုင်ကယ်ကယ်ရီတွေရှိတယ်။ ဈေးကြီးတဲ့ Taxi တွေရှိတယ်။

လူတိုင်းအနေနဲ့ နေ့တိုင်းသုံးနိုင်တဲ့ သယ်ယူပို့ဆောင်ရေးတော့ မတွေ့သေးပါဘူး။ နည်းပညာအရ မိုဘိုင်း application ကနေ driver တွေကိုခေါ်ပြီး ပို့ဆောင်သယ်ယူမှုကို လုပ်နိုင်တဲ့အတွက်ကြောင့် အလုပ်တွေ အများကြီးပိုရပါတယ်။ အဲဒီလိုပဲ Travel Industry အနေနဲ့ လေယာဉ်လက်မှတ်တွေ၊ မြန်မာနိုင်ငံမှာရှိတဲ့ bus ticket တွေ၊ ဟိုတယ်တွေကိုလည်း ကျွန်တော်တို့က mobile application ၊ website နဲ့ Call Center တွေကနေ ဆောင်ရွက်တာကို လုပ်နေပါတယ်။ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ လာမယ့် နှစ်နှစ်၊ ငါးနှစ်၊ ဆယ်နှစ်အထိ မြန်မာနိုင်ငံမှာ လိုအပ်တဲ့ဟာကို နည်းပညာအသုံးပြုပြီး ဖြေရှင်းသွားဖို့ ရည်ရွယ်ထားပါတယ်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေက လုပ်ငန်းရှင်တွေအတွက် အထောက်အကူဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေကို ပိုပြီးတော့ ရဲရဲတင်းတင်းနဲ့ ရင်းနှီးမြှုပ်နှံနိုင်အောင် လုပ်ပေးတဲ့ အဆင့်တစ်ခုလို့လည်း ပြောလို့ရပါတယ်။ ဒါပေမယ့် အဓိက ရင်းနှီးမြှုပ်နှံသူတွေအတွက်ကျတော့ ဘယ်သူတွေက Business Plan ကို တည်ဆောက်မှာလဲ။ ရေရှည်လုပ်နိုင်တဲ့သူတွေလား၊ သူတို့က ဘာအခက်အခဲတွေကို ဖြေရှင်းနေသလဲ၊ အဲဒီဟာတွေကို တွေ့မယ်ဆိုရင်တော့ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ အားရနိုင်ပြီး ပိုပြီးရင်းနှီးမြှုပ်နှံလာနိုင်ပါတယ်။

လုပ်ငန်းရှင်တွေအတွက် စိန်ခေါ်မှုတွေက အများကြီးရှိပါတယ်။ ဒီလိုရှိတဲ့အတွက် ကိုယ့်ရဲ့ business strategy တွေကို ပြန်ပြီးလေ့လာပြီးတော့ ပြုပြင်နေရတဲ့ အပိုင်းတွေလည်း ရှိပါတယ်။ ဒါပေမယ့် စီးပွားရေးလုပ်ငန်းတွေဟာ တိုးတက်မှုတွေရှိလာနိုင်တဲ့ အခြေအနေရှိတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

ဒီနေ့လို ကွန်ဖရင့်တွေက တိုင်းပြည်မှာ ဘာတွေဖြစ်နေတယ်၊ ဘယ်လိုဆက်သွားနိုင်တယ် ဆိုတာ ဆွေးနွေးကြတာဖြစ်ပါတယ်။ ဒီမှာဆို industry က specialist တွေလည်း ရောက်လာတယ်၊ Potential Investor တွေလည်း ရောက်လာတယ်၊ Basic Community တွေလည်း ရှိတယ်၊ တချို့ Government Community ၊ Investor Community တွေ ရှိတယ်ဆိုတော့ Partnership တွေကို Develop လုပ်ပေးနိုင်တဲ့ အခွင့်အလမ်းရှိတယ်လို့ မြင်ပါတယ်။

**Mr. Pedro Jose F.Bernardo**
**KELVIN CHIA YANGON LTD**

ဖိုရမ် နှစ်ရက်တာမှာ မနေ့က Doing Business Myanmar စကားဝိုင်းမှာတော့ အဓိကအားဖြင့် DICA ရဲ့ ညွှန်ကြားရေးမှူးချုပ် ဆရာဦးအောင်နိုင်ဦးတို့ဆီက အသစ်ပြဋ္ဌာန်းထားတဲ့ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေရဲ့ အရေးကြီးတဲ့ အချက်အလက်တွေကို ဆွေးနွေးသွားခဲ့ပါတယ်။ ဒါကလည်း အခုလက်ရှိ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ချင်တဲ့ Investor တွေအတွက်ရော၊ ရှိနေပြီးသား Investor တွေအတွက်ရော အရေးကြီးတဲ့ ဆွေးနွေးချက်တွေလို့မြင်ပါတယ်။ DICA အနေနဲ့ မြန်မာနိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုတွေ၊ စီးပွားရေးလုပ်ငန်းတွေကို ပိုပြီးတော့ အားပေးမှုအနေနဲ့ ဆောင်ရွက်တဲ့ Myanmar company registry online ကို ဆောင်ရွက်တာ Positive Step လို့လည်း မြင်ပါတယ်။

ဒီလိုမျိုး online registry ဆိုတာ တချို့နိုင်ငံတွေမှာတောင် မရှိတဲ့အတွက် မြန်မာအနေနဲ့ ပိုပြီးတော့ ဆောင်ရွက်နိုင်တာလို့လည်း မြင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နောက်ထပ် ဆောင်ရွက်ရမယ့်အချက်ကို ကျွန်တော့်အနေနဲ့ အကြံပြုရရင် အထူးသဖြင့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေထဲမှာ ပါတဲ့ အချက်အလက်တွေကို Implement လုပ်တဲ့ အပိုင်းကို ကြိုးစားဆောင်ရွက်သွားဖို့လိုတယ်လို့ မြင်ပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကတော့ ကောင်းမွန်တဲ့ Legal Framework တစ်ခုဖြစ်ပါတယ်။ ဒါကို လက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာ DICA အပြင် တခြားဝန်ကြီးဌာနတွေအနေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ၊ တစ်ခုနဲ့ တစ်ခုချိတ်ဆက်မှုတွေ ပိုမိုတိုးပွားအောင်လုပ်နိုင်ရင် ပိုပြီးရင်းနှီးမြှုပ်နှံမှုအတွက် အထောက်အကူဖြစ်ပါလိမ့်မယ်။ အထူးသဖြင့် ကျွန်တော်တို့ ပြောချင်တာက မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ၃၅ ရာခိုင်နှုန်းအထိ local ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံနိုင်ပြီး ဒီလိုရင်းနှီးမြှုပ်နှံရင် local ကုမ္ပဏီဖြစ်တယ်ဆိုတာ ဒါဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုဝင်လာမယ့် အလားအလာကောင်း၊ နည်းလမ်းကောင်းတစ်ခု ဖြစ်ပါတယ်။

**ဦးရန်နိုင်ထွန်း (အမြဲတမ်းအတွင်းဝန်)**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

မနှစ်ကဆိုရင် သမိုင်းတစ်လျှောက် စံချိန်တင်နိုင်တဲ့ ကုန်သွယ်မှုအခြေအနေအဖြစ် ၃၄ ဘီလီယံနီးပါးရခဲ့တာပါ။ အဲဒီမှာ များတဲ့ကုန်သွယ်မှုအမယ်က သတ္တုတွင်းထွက်၊ စက်မှု ကုန်ချောဖြစ်တဲ့ ခါတ်ငွေ့တွေက ကုန်သွယ်မှုများတယ်။ ဒါတွေဟာ ပြည်ပက Investment နဲ့လာတဲ့ကိစ္စတွေဖြစ်တော့ Investment နဲ့ Trade က ဒင်္ဂါးပြားတစ်ခုရဲ့ ခေါင်းနဲ့ပန်းလိုပဲ အမြဲဒွန်တွဲနေတယ်။ အဲဒီအတွက် ကျွန်တော်တို့နိုင်ငံအနေနဲ့ ပို့ကုန်တိုးမြှင့်ချင်တယ်ဆိုရင် ပြည်တွင်း ပြည်ပက Investment တွေ များများဖိတ်ခေါ်ဖို့လိုတယ်။ များများပါဝင်လာဖို့လည်းလိုတယ်။ အဲဒီတော့ ကျွန်တော်တို့ဆီက ကဏ္ဍအားလုံးမှာ အလားအလာကောင်းတွေရှိတယ်။ သူ့နေရာနဲ့သူ Investment တွေနဲ့ အသုံးပြုပြီး ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံ စီးပွားရေးတိုးတက်မယ့် အနေအထားဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေက နှစ်အလိုက်တိုးတက်တယ်။ အများဆုံးကတော့ တရုတ်နိုင်ငံဖြစ်တယ်။ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုမှာဆိုရင်လည်း အများဆုံးပဲ၊ ကုန်သွယ်မှုမှာလည်းအများဆုံး Trade Partner ဖြစ်တယ်။ ဒီနှစ်က ကာလတို ဘတ်ဂျက်ဖြစ်တဲ့အတွက် မနှစ်က ရင်းနှီးမြှုပ်နှံမှုပမာဏကိုတော့ မမီသေးဘူး။ လာမယ့် ဘတ်ဂျက်နှစ်အတွင်းမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုတိုးတက်လာမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ အဲဒီအတွက်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်(MIC) အနေနဲ့ အရှိန်အဟုန်နဲ့ လုပ်နေတယ်။ ပြင်ဆင်ဖြေလျှော့မှုတွေ အများကြီးလုပ်ပေးနေတယ်။

အလားတူပဲ ဩဂုတ် ၁ ရက်နေ့ကနေ စပြီးတော့ ကုမ္ပဏီများ ဥပဒေအသစ်ကို စတင်ကျင့်သုံးနေတယ်။ အဲဒီတော့ သက်ဆိုင်ရာဌာနတွေက ပြင်ဆင်ဖြေလျှော့မှုတွေ အများကြီးလုပ်ပေးနေတယ်။ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ Investment တိုးတက်ရေး၊ စီးပွားရေးတိုးတက်ရေး၊ ကုန်သွယ်မှုတိုးတက်ရေးအတွက်ကို အဓိက မောင်းနှင်အားတွေပဲ ဖြစ်ပါတယ်။

ဒီဖိုရမ်က အများကြီးအကျိုးရှိပါတယ်။ နိုင်ငံတကာက Investor တွေ၊ Observer တွေ အများကြီးလာတဲ့ အနေအထားဖြစ်ပါတယ်။ သူတို့ကိုယ်တိုင်လည်း စိတ်ဝင်စားကြတယ်။ နှစ်ရက်တာ Panel Discussion လုပ်တဲ့အခါ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေရဲ့ ဆွေးနွေးချက်က အင်မတန်မှ ကောင်းမွန်ပါတယ်။ ဒီဆွေးနွေးချက်ပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့နိုင်ငံ ဘာတွေလုပ်ရမလဲ၊ Investor တွေအတွက် ဘယ်လိုနေရာတွေမှာ Potential ရှိသလဲဆိုတာ ဒီဖိုရမ်ကနေ အဖြေထွက်ပြီး ဖြစ်ပါတယ်။

**ဦးဧယျာမျိုးအောင်(ညွှန်ကြားရေးမှူး)**
**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**

ဒီနေ့မှာ ကျွန်တော်တို့ ခရီးသွားလုပ်ငန်းရဲ့ အနာဂတ်မှာ ဖြစ်လာနိုင်တဲ့ အလားအလာတွေကို ရင်းနှီးမြှုပ်နှံသူတွေ ပိုသိအောင် ဆွေးနွေးခဲ့ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ ဟိုတယ်အလုံးရေ ၁၅၀၀ ကျော်လောက်ဖြစ်ပြီး အခန်းအရေအတွက်က ခြောက်သောင်းလောက်ရှိနေတယ်လို့ ရှင်းပြခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံကို လာရောက်တဲ့ International Airlines တွေ ၂၉ ခုလောက်ရှိတယ်။ နောက်ပိုင်းမှာ ခရီးသွားလုပ်ငန်းတိုးတက်လာမယ်၊ ဒီအတွက်ကို Potential အလားအလာကောင်းတွေ အများကြီးရှိတယ်။ Investor တွေအနေနဲ့လည်း ရင်းနှီးမြှုပ်နှံချင်ရင် မြှုပ်နှံလို့ရအောင် လာရောက်ဆွေးနွေးခြင်းဖြစ်ပါတယ်။

ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို အဓိကလုပ်မှာဖြစ်ပါတယ်။ ဒီနှစ်လည်း ခရီးသွားပြပွဲတွေ၊ Digital Marketing ပေါ့၊ Online ကနေ လုပ်မယ့် အစီအစဉ်တွေ Online Media ကနေ မဟုတ်ဘဲ ရုပ်သံလိုင်းနဲ့လည်း ပူးပေါင်းပြီးလုပ်ဖို့ ရှိပါတယ်။ တခြားနိုင်ငံတွေက ရုပ်သံထုတ်လွှင့်သူတွေကိုလည်းဖိတ်ပြီး မြန်မာပြည်မှာ ရိုက်ကူးမယ်၊ ရိုက်ကူးပြီးရင် သူတို့နိုင်ငံမှာ ပြန်ထုတ်လွှင့်မယ်၊ အခုဆိုရင် တရုတ်ပြည်မှာရှိတဲ့ မီဒီယာတွေနဲ့ ကျွန်တော်တို့နဲ့ ဆွေးနွေးထားတာတွေရှိပါတယ်။ မကြာခင်မှာ လာရောက်ရိုက်ကူးဖြစ်လိမ့်မယ် ထင်ပါတယ်။ ကျွန်တော်တို့ရဲ့ခရီးသွားမြှင့်တင်ရေးတွေကို လူတော်တော်များများ သိသွားပြီး ပိုပြီးတော့ လာရောက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

အရင်နှစ်နဲ့ အခုနှစ် ခရီးသွားဝင်ရောက်မှုက ဥရောပနဲ့ ဩစတြေးလျ ဧည့်သည်ဝင်ရောက်မှု ကျသွားပါတယ်။ ကျသွားသော်လည်း တရုတ်နဲ့ ထိုင်းက ဝင်ရောက်မှုတိုးတက်နေပါတယ်။ တရုတ်က ၃၀ ရာခိုင်နှုန်း တိုးတက်လာတဲ့အတွက် အကုန်လုံးပြန်နှိုင်းယှဉ်လိုက်မယ်ဆိုရင် နည်းနည်းလေးပဲကျပါတယ်။ ဩဂုတ်လအထိ တွက်ချက်မှုအရ ၂ ရာခိုင်နှုန်းလောက်ပဲ ကျသွားပါတယ်။ Overall Arrival ကို ပြောတာပါ။ ဒါပေမယ့် ပြန်ပြီးတော့ တိုးတက်လာဖို့ အခြေအနေတွေ အများကြီးရှိနေပါတယ်။

**Ng Wee Tye (Managing Director)**
**WebSat Media Myanmar Co., Ltd**

ဒီနေ့ဆွေးနွေးပွဲမှာ ခရီးသွားကဏ္ဍနဲ့ ပတ်သက်တာလည်း ဆွေးနွေးကြပါတယ်။ မြန်မာနိုင်ငံမှာ ပုဂံ၊ အင်းလေးစတဲ့ ဒေသတွေအပါအဝင် ကမ္ဘာလှည့်ခရီးသည်တွေ စိတ်ပါဝင်စားတဲ့ ဒေသအများအပြားရှိပါတယ်။ ဒါ့အပြင် ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေ၊ တိုင်းရင်းသားလူမျိုးစုတွေရဲ့ ရိုးရာဓလေ့၊ လေ့လာမှတ်သားစရာတွေ များစွာရှိနေပြီးဖြစ်တဲ့အတွက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာတွေ ကောင်းမွန်ပါတယ်။ မြန်မာ့ယဉ်ကျေးမှုက နက်နဲသိမ်မွေ့ပြီး ဖော်ဖော်ရွေရွေရှိတဲ့အတွက် ဝန်ဆောင်မှုကိုသာ မြှင့်တင်လိုက်မယ်ဆိုရင် ကမ္ဘာ့နိုင်ငံတွေရဲ့စိတ်ဝင်စားမှုကို ရရှိလာမှာဖြစ်ပါတယ်။ အဲဒီအဆင့်ကိုရောက်အောင် သင်တန်းတွေပေးဖို့ လိုအပ်ပါတယ်။

မြန်မာနိုင်ငံရဲ့ပုံရိပ်ကို နိုင်ငံတကာက သိရှိလာပြီးတော့ နိုင်ငံတကာခရီးသွားဧည့်သည်တွေ ပိုပြီး စိတ်ဝင်စားမှုနဲ့အတူ လာရောက်လည်ပတ်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံကို လာရောက်တဲ့ ခရီးသည်အရေအတွက်က တစ်နှစ်ထက်တစ်နှစ် ပိုပြီးများပြားလာတာကို ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်းက အလားအလာကောင်းမယ်လို့ မြင်ပါတယ်။

**ရှင်မင်း၊ မွေးကြူဇင်၊ ဓာတ်ပုံ- ထိန်နန်နေ်ာ**

## ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများထံသို့ ဆန်နှင့် စားသောက်ဖွယ်ရာများ လှူဒါန်း


**မြစ်ကြီးနား စက်တင်ဘာ ၁၂**

မန္တလေးမြို့အခြေစိုက် သဘာဝဘေးတုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့မှ ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်းနေ ဒေသခံပြည်သူများထံသို့ ဆန်၊ အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ လှူဒါန်းခြင်းကို စက်တင်ဘာ ၁၁ ရက်က အဆိုပါစခန်းများသို့ သွားရောက်လှူဒါန်းခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့အခြေစိုက် လူမှုပရဟိတကူညီရေးအဖွဲ့ပေါင်း ၅၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် သဘာဝဘေးတုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့မှ စေတနာရှင်ပရဟိတအဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်း လူငယ်လေ့လာရေးအဖွဲ့တို့မှ စေတနာရှင်အလှူရှင် ၃၅ ဦးသည် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာရှိ တြီနီတိနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းမှ နေရပ်စွန့်ခွာစခန်းနေပြည်သူ အိမ်ထောင်စု ၂၀၈ စုမှ လူဦးရေ ၉၇၂ ဦးအတွက် ဆန်အိတ် ၃၀၊ စားသုံးဆီပိဿာ ၂၀၊ ကုလားပဲ ပိဿာ ၆၀၊ အိမ်သုံးဆား ပိဿာ ၅၀ နှင့် အဝတ်အထည်မျိုးစုံအထည် ၁၀၀၀ ကို လည်းကောင်း၊ နောင်နန်းကျေးရွာအုပ်စု ဆယ်မိုင်ကျေးရွာရှိ ဂျော်မဆပ်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းမှ အိမ်ထောင်စု ၁၄၃ စုမှ လူဦးရေ ၆၂၉ ဦးအတွက် ဆန်အိတ် ၃၀၊ စားသုံးဆီ ပိဿာ ၂၀၊ ကုလားပဲ ပိဿာ ၆၀၊ အိမ်သုံးဆား ပိဿာ ၅၀နှင့် အဝတ်အထည်မျိုးစုံ အထည် ၁၀၀၀ ကို လည်းကောင်း၊ မြစ်ဆုံကျေးရွာရှိ မာရီယာကောင်းကင်ဘုံသခင်မဘုရားကျောင်းမှ အိမ်ထောင်စု ၂၃၀ မှ လူဦးရေ ၁၂၄၉ ဦးအတွက် ဆန်အိတ် ၃၀၊ စားသုံးဆီ ပိဿာ ၂၀၊ ကုလားပဲ ပိဿာ ၆၀၊ အိမ်သုံးဆား ပိဿာ ၅၀ နှင့် အဝတ်အထည်မျိုးစုံ အထည် ၁၀၀၀ ကို လည်းကောင်း စုစုပေါင်းဆန်အိတ် ၉၀၊ စားသုံးဆီ ပိဿာ ၆၀၊ ကုလားပဲ ပိဿာ ၁၈၀၊ အိမ်သုံးဆား ပိဿာ ၁၅၀ နှင့် အဝတ်အထည်မျိုးစုံအထည် ၃၀၀၀ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ အဖွဲ့သည် ၂၀၁၆ ခုနှစ် ဇွန်လမှ စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်း သဘာဝဘေးနှင့် အကြောင်းအမျိုးမျိုးကြောင့် လူမှုဒုက္ခတွေ့ကြုံနေရသူများအား ထောက်ပံ့ပေးအပ်လှူဒါန်းမှုများ ဆောင်ရွက်ခဲ့ရာ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ယခု ကချင်ပြည်နယ်အတွင်း လာရောက်ထောက်ပံ့လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# တရုတ်-ရုရှားဆက်ဆံရေး ပိုမိုတက်ကြွစွာဖွံ့ဖြိုးလာကြောင်း သမ္မတရှီပြောကြား




**မော်စကို စက်တင်ဘာ ၁၂**

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ရုရှားနိုင်ငံ သမ္မတ ဗလာဒီမာပူတင်တို့သည် ယမန်နေ့က ဗလာဒီဗော့စတော့မြို့တွင် တွေ့ဆုံဆွေးနွေးမှုတစ်ရပ်ကျင်းပ ပြုလုပ်ခဲ့ကြသည်။

နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် တရုတ်-ရုရှားဆက်ဆံရေးသည် ယခုနှစ်တွင် ပိုမိုတက်ကြွစွာ ဖွံ့ဖြိုးတိုးတက်လာပြီး ပိုမိုမြင့်မားသော အဆင့်သို့ ရောက်ရှိလာကာ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ နိုင်ငံတကာ အခြေအနေမည်သို့ ပြောင်းလဲဖြစ်ပေါ်စေကာမူ တရုတ်-ရုရှားနှစ်နိုင်ငံ ဆက်ဆံရေးကောင်းမွန်စွာ ဖွံ့ဖြိုးတိုးတက်ရန် ခိုင်မြဲစွာ ဆောင်ရွက်ပြီး ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်အေးချမ်းရေးကို ခိုင်မာစွာ ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သဘောတူခဲ့သည်။

ထို့အပြင် တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ်-ရုရှားနှစ်နိုင်ငံအနေဖြင့် အဆင့်မြင့်အရာရှိ အနီးကပ်ဆက်ဆံရေးအား ထိန်းသိမ်းထားခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးမြင့်မားမှုနှင့် ထူးခြားမှုတို့ကို ပေါ်လွင်စေကြောင်း၊ နှစ်နိုင်ငံ လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှု အသီးအပွင့်များ ရရှိခဲ့ကြောင်း၊ နှစ်နိုင်ငံအပြန်အလှန် မိမိနိုင်ငံနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်လျှောက်လှမ်းသည်ကို ထောက်ခံအားပေးခဲ့ကြပြီး လုံခြုံရေးနှင့် အကျိုးစီးပွားအပေါ်ကာကွယ်ခြင်းအား ခိုင်မြဲစွာ ထောက်ခံအားပေးခဲ့ကြောင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံအနေဖြင့် အစဉ်အလာချစ်ကြည်ဆက်ဆံရေးကို တည်မြဲအောင် ဆောင်ရွက်ပြီး ဘက်စုံညှိနှိုင်းဆောင်ရွက်မှုကို တိုးချဲ့ကာ တရုတ်-ရုရှား ဘက်စုံမဟာဗျူဟာ ညှိနှိုင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအား ပိုမိုမြင့်မားသည့်အဆင့်သို့ ရောက်ရှိအောင် တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့အပြင် တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ်-ရုရှားနှစ်နိုင်ငံအနေဖြင့် ခေတ်သစ်ပိုးလမ်းမကြီး အတူတကွတည်ဆောက်ရေးနှင့် ဥရောပ-အာရှ စီးပွားရေးမဟာမိတ်ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပိုမိုနက်ရှိုင်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ပြီး အရေးပါသည့် စီမံကိန်းများတည်ငြိမ်စွာ အကောင်အထည်ဖော်သွားကာ ပိုမိုကျယ်ပြန့်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရုရှားသမ္မတ ပူတင်ကလည်း တရုတ်သမ္မတ ရှီကျင့်ဖျင်အနေဖြင့် ယခုလို အရှေ့တိုင်းဖိုရမ်ကို တက်ရောက်လာသည့်အတွက် လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ ရုရှား-တရုတ်နှစ်နိုင်ငံအနေဖြင့် လက်ရှိနိုင်ငံတကာကိစ္စရပ်များတွင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ကာ ကိုယ်ကျိုးစီးပွားကာကွယ်ရေး မူဝါဒကို ဆန့်ကျင်သွားရမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအနေဖြင့် တရားမျှတပြီး လက်ခံနိုင်သည့် နိုင်ငံတကာ စည်းစနစ်ကို ထိန်းသိမ်းသွားကာ ကမ္ဘာလုံးဆိုင်ရာ အတူတကွ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**

---

## အာဖဂန်နစ္စတန်နိုင်ငံ၌ အသေခံဗုံးခွဲမှုကြောင့် သေဆုံးသူ၆၈ ဦးထိရှိလာ

**ကဘူးလ် စက်တင်ဘာ ၁၂**

အာဖဂန်နစ္စတန်နိုင်ငံတွင် ဆန္ဒပြသူများကြား အသေခံဗုံးခွဲမှုကြောင့် သေဆုံးသူဦးရေမှာ ၆၈ ဦးထိရှိလာကြောင်း အာဏာပိုင်များက ဗုဒ္ဓဟူးနေ့တွင်ပြောသည်။ ရွေးကောက်ပွဲမတိုင်မီကာလအတွင်း နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်လာသည်။

အရှေ့ပိုင်းပြည်နယ် နန်ဂါဟာတွင် အင်္ဂါနေ့က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းသည် လတ်တလော ဗုံးခွဲမှုများတွင် အဆိုးရွားဆုံးဖြစ်ကြောင်း သိရသည်။

နန်ဂါဟာပြည်နယ်တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူဦးရေမှာ ၁၆၅ ဦးရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူ အက်တူလာခိုဂျန်နီက ပြောသည်။ အဆိုပါ ဗုံးပေါက်ကွဲမှု၏ လက်သည်တရားခံကိုမူ မသိရသေးပေ။ သို့သော် အသေခံဗုံးခွဲမှုများစွာ ပြုလုပ်လေ့ရှိသော အိုင်အက်စ်များသည် အဆိုပါ ဒေသတွင် လှုပ်ရှားမှုများ ရှိနေသည်။

ဒေသတွင်း ရဲချုပ်ခန့်အပ်မှုနှင့် ပတ်သက်၍ မကျေနပ်၍ ဆန္ဒပြသူများသည် မြို့တော်ဂျာလာလာဘတ်နှင့် ပါကစ္စတန် အဓိကလမ်းမကြီးကို ဆက်သွယ်ထားသည့် လမ်းမကြီးပေါ်တွင် ပိတ်ဆို့ထားခဲ့စဉ် အသေခံဗုံးခွဲသူက လူအုပ်ကြားထဲ ဗုံးခွဲခဲ့ခြင်းဖြစ်သည်။

ဆေးရုံပေါ်ရောက်လာသူ လူနာဦးရေများပြားလွန်းသည့်အတွက် ဆရာဝန်နှင့် သူနာပြုများ အခက်ကြုံခဲ့ရသည်။ မကြာသေးမီ အချိန်ကာလအတွင်း တာလီဘန်များသည် မြို့ပြများကို သိမ်းယူရန်တိုက်ပွဲများ ပြင်းထန်လာခဲ့ပြီး အိုင်အက်စ်အဖွဲ့ကလည်း တိုက်ပွဲများ ဆင်နွှဲနေချိန် အာဖဂန်နိုင်ငံ တစ်လွှားတွင် အကြမ်းဖက်တိုက်ခိုက်ခံရမှုများ များပြားလာသည်။

**အေအက်ဖ်ပီ**

---

# ဘရာဇီးနိုင်ငံတွင် အကျဉ်းသား ၉၂ ဦး ထောင်ဖောက်ထွက်ပြေးမှု ဖြစ်ပွား

**ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၁၂**

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း ပါရိုင်ဘာပြည်နယ် ဂျိုဟာပက်ဆိုအာမြို့ရှိ အကျဉ်းထောင်တစ်ခုတွင် မကြာသေးမီက အကျဉ်းသားအနည်းဆုံး ၉၂ ဦး ထောင်ဖောက်ပြေးမှု ဖြစ်ပွားခဲ့ကြောင်း၊ လက်ရှိတွင် ရဲတပ်ဖွဲ့က အကျဉ်းသား ၅၀ ကို ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း အဆိုပါပြည်နယ်ရှိ အကျဉ်းဦးစီးဌာနက ပြောကြားခဲ့သည်။

လက်နက်ကိုင် ၂၀ ခန့်သည် အဆိုပါ အကျဉ်းထောင်သို့ ကားဖြင့်ရောက်ရှိလာပြီး ကင်းစခန်းများ၊ ရဲဝန်ထမ်းအဆောင်များနှင့် အကျဉ်းထောင်တံခါးမကြီးကို ပစ်ခတ်ရာ တာဝန်ကျရဲတပ်ဖွဲ့ဝင်များက တိမ်းရှောင်ခဲ့ရကြောင်း၊ ထို့နောက် လက်နက်ကိုင်များက တံခါးမကြီးကို ဗုံးခွဲဝင်ရောက်ခဲ့ပြီး အကျဉ်းစခန်း သံပေါင်ကိုဖျက်ကာ ထောင်အတွင်းရှိ ဘဏ်နှင့်ဘဏ်ငွေ သယ်ပို့ယာဉ်ကို ဓားပြတိုက်ခဲ့သူ မာရီယို ဂိုမက်ဇပေးလ်ဗီလာအား လွှတ်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ အခြားအကျဉ်းသားများလည်း အကျဉ်းထောင်ခန်း သံပေါင်ကို ဖျက်ကာ ထွက်ပြေးကြကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။

ယခုဖြစ်ပွားသည့် အကျဉ်းထောင်စီးနင်းမှုသည် လွန်ခဲ့သည့် ဩဂုတ်လက ဘဏ်ငွေ သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်စီးနင်းမှုဖြင့် ဖမ်းဆီးခံရသူလေးဦးကို ကယ်ထုတ်ရန် ဖြစ်နိုင်ကြောင်း ကနဦးစစ်ဆေးချက်များအရ သိရသည်။

ယခု တိုက်ခိုက်စီးနင်းမှုအတွင်း အကျဉ်းသား ဘဏ်ငွေသယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်စီးနင်းမှုတွင် ပါဝင်သူ တစ်ဦးကိုမူ ကယ်ထုတ်နိုင်ခြင်းမရှိခဲ့ကြောင်းနှင့် လွတ်မြောက်သွားသော ဖေးလ်ဗီလာအပါအဝင် အကျဉ်းသားသုံးဦးကို ပြန်လည်ဖမ်းဆီးနိုင်ခြင်းမရှိသေးကြောင်းလည်း သိရသည်။

ရဲတပ်ဖွဲ့အနေဖြင့် ထွက်ပြေးလွတ်မြောက်သွားသည့် အကျဉ်းသားများကို ပြန်လည်ဖမ်းဆီးရန် အင်အားဖြည့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် တပ်ဖွဲ့ဝင်တစ်ဦး သေနတ်ထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။


ဘရာဇီးအကျဉ်းထောင်၌ လုံခြုံရေးတပ်ဖွဲ့များကို တွေ့ရစဉ်။

**ဆင်ဟွာ**

---

# ဇင်ဘာဘွေ၌ ကာလဝမ်းရောဂါ ဖြစ်ပွားဟု ကြေညာ



**ဟာရာရီ စက်တင်ဘာ ၁၂**

ဇင်ဘာဘွေ မြို့တော်ဟာရာရီတွင် ကာလဝမ်းရောဂါ ဖြစ်ပွားနေသည်ဟု အင်္ဂါနေ့က အရေးပေါ် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ဟာရာရီမြို့တွင် လူဦးရေထူထပ်သည့် ဆင်ခြေဖုံး ရပ်ကွက်ဖြစ်သည့် ကလန်ဗျူးနှင့် ဘူဒီရာရီရိုတို့တွင် လွန်ခဲ့သည့် သီတင်းပတ်က စတင်ကာ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ရောဂါကြောင့် လူ ၂၀ ခန့် သေဆုံးခဲ့ပြီး လူပေါင်း ၂၀၀၀ ကျော် ကူးစက်ခံခဲ့ရကြောင်း သိရသည်။

ယခုအခါ တိုင်းပြည်၏ အခြားနေရာများတွင်လည်း ရောဂါ ကူးစက်ပျံ့နှံ့နေပြီဖြစ်သည်။ ရောဂါဖြစ်ပွားရာနေရာများမှ ကျောင်းများကို ခေတ္တပိတ်ထားခြင်း ၊ လမ်းဘေးဈေးသည်များ အသား ငါး ရောင်းချခြင်းကို ပိတ်ပင်ခြင်း အစရှိသည့် ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်မည့် နည်းလမ်းများအား အစိုးရက တတ်စွမ်းသမျှ လုပ်ကိုင်လျက်ရှိကြောင်း အသစ်ခန့်အပ်ထားသည့် ကျန်းမာရေးဝန်ကြီး အိုအာဒစ်ရှ် မိုရိုက ပြောသည်။

ဟာရာရီမြို့တွင် အရေးပေါ်အခြေအနေကြေညာထားကြောင်း၊ တိုက်ဖွိုက်နှင့် ကာလဝမ်းရောဂါကို ကာကွယ်နိုင်မည့် နည်းလမ်းများကို လုပ်ဆောင်နေကြောင်း ၎င်းကဆက်ပြောသည်။

ထို့ပြင် ဆေးရုံတွင် ကုသမှုခံယူနေသော လူနာများကို သွားရောက်ကြည့်ရှုပြီးနောက် နောက်ထပ်ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးမှုများ ဖြစ်လာမည်ကို မလိုလားကြောင်း ၎င်းကဆက်ပြောသည်။

ရောဂါကူးစက်ပြန့်ပွားမှု ဖြစ်ပွားရခြင်းမှာ မိလ္လာရေပိုက်များ ပေါက်ကာ မြေအောက် ရေသွယ်ပိုက်လိုင်းများမှ တစ်ဆင့် ကူးစက်ခံရခြင်းဖြစ်ကြောင်း လူနေထူထပ်သော ရပ်ကွက်များမှာ အဆိုပါ ပိုက်လိုင်းများမှ ရေကိုအားကိုး၍ သုံးစွဲနေကြရသည်။ ကုလသမဂ္ဂအေဂျင်စီနှင့် ပုဂ္ဂလိကကုမ္ပဏီများကို သန့်ရှင်းသော သောက်သုံးရေ လှူဒါန်းကြရန် ကျန်းမာရေးဝန်ကြီးက အကူအညီ တောင်းခံထားသည်။

ဇင်ဘာဘွေနိုင်ငံသည် ၂၀၀၈ ခုနှစ်ကလည်း ကူးစက်မှုမြင့်မားသည့် ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် လူပေါင်း ၄၀၀၀ ခန့် သေဆုံးခဲ့ရပြီး လူပေါင်း တစ်သိန်းကျော် ရောဂါကူးစက်ခံခဲ့ရသည်။

**ဆင်ဟွာ**

# ကမ်းရိုးတန်းဒေသ ဒီရေတောများ ထိန်းသိမ်းစိုက်ပျိုးပြုစုခြင်း စီမံကိန်းလုပ်ငန်းများစတင်သည့် အထိမ်းအမှတ်အဖြစ် ပျိုးဥယျာဉ်ဖွင့်



**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ကွမ်းခြံကုန်းမြို့နယ်၌ ကျင်းပသည့် ပင်လယ်ကမ်းရိုးတန်းဒေသရှိ ဒီရေတောများ ထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးပြုစုခြင်းစီမံကိန်းလုပ်ငန်းများ စတင်ခြင်းအထိမ်းအမှတ် ပျိုးဥယျာဉ်ဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ်တို့တွင် နိုင်ငံတကာဆိပ်ကမ်းကြီးကို တည်ဆောက်နိုင်ရန် ပြင်ဆင်နေပြီး ဆိပ်ကမ်းကြီးတစ်ခု ဖြစ်ခဲ့ပါက သင်္ဘောကြီးများ ဆိုက်ကပ်ခွင့်ရလာမည်ဖြစ်ကြောင်း၊ လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ကာ မကြာမီထူထောင်နိုင်ရန် ဆောင်ရွက်နေကြောင်း ပြောကြားသည်။

ရန်ကုန်မြို့ကို ဝိုင်းပတ်ထားသည့် မြို့နယ်များနှင့် ပင်လယ်ကမ်းရိုးတန်းဒေသအားလုံးတွင် မုန်တိုင်းကာနိုင်သည့် ကြိုးဝိုင်းများကို တည်ဆောက်၍ ယင်းကြိုးဝိုင်းများ ကာကွယ်ပေးထားမှုကြောင့် ပြည်သူလူထုအတွက် သဘာဝဘေးအန္တရာယ်ကို ကာကွယ်ခွင့်ရရှိမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ဆက်လက်၍ We Forest မှ မစ္စမာရီက ဒီရေတောများမှ တစ်ဆင့် လူသားများအတွက် မုန်တိုင်းဒဏ်မှ ကာကွယ်ပေးခြင်း လယ်ယာမြေများအတွင်း ဆားငန်ရေဝင်ရောက်မှု မရှိစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါပျိုးဥယျာဉ်ဖွင့်ပွဲသို့ ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကျေးရွာ သစ်တောဦးစီးဌာန World View Internation Foundation -We Forest အဖွဲ့နှင့် ဒေသခံပြည်သူအများစု အဖွဲ့ သစ်တောလုပ်ငန်းအသုံးပြုသူအဖွဲ့ဝင်များ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# ယာခင်းများကို ဝင်ရောက်ဖျက်ဆီးသည့် တောဆင်ရိုင်းအုပ်အား မြန်မာ့သစ်လုပ်ငန်း ကွန်ဂျီဆင်များဖြင့် အောင်မြင်စွာ မောင်းနှင်နိုင်ခဲ့

**သာပေါင်း စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်၊ သာပေါင်း၊ ငပုတော အစရှိသော မြို့နယ်သုံးခုတွင် မြန်မာ့သစ်လုပ်ငန်းမှ အရေးပေါ် ကွန်ဂျီဆင်များ အဖွဲ့သုံးဖွဲ့ (Emergency Elephant Response Unit-EERU)သည် ဝန်ထမ်းအင်အား ၂၆ ဦး၊ ကွန်ဂျီဆင် ကိုးကောင်ဖြင့် တောဆင်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် ဖွဲ့စည်းထားရှိပြီး သာပေါင်းမြို့နယ် ပျဉ်းမထုံးကျေးရွာအုပ်စုအတွင်း ယာခင်းများ ဝင်ရောက်ဖျက်ဆီးခဲ့သည့် တောဆင် ၁၅ ကောင်ခန့်အား ပုသိမ်သစ်ထုတ်ဒေသ မြန်မာ့သစ်လုပ်ငန်း (ဒေသမန်နေဂျာ)ဦးဆောင်သော EERU အဖွဲ့မှ ကွန်ဂျီဆင်သုံးကောင်ဖြင့် စက်တင်ဘာ ၈ ရက်က မောင်းနှင်ခဲ့ရာ ယခုအခါတွင် တောဆင်ရိုင်းများမှာ ယာစိုက်ခင်းများနှင့် ဝေးရာ ခရုသစ်တောကြိုးဝိုင်းထဲအရောက် မောင်းနှင်နိုင်ခဲ့ပြီဖြစ်ကြောင်း ပုသိမ်သစ်ထုတ်ဒေသ (ဒေသမန်နေဂျာ) ဦးကျော်စွာဝင်းက ပြောကြားသည်။

"သာပေါင်းဘက်မှာ တောဆင်ရိုင်းတွေ ဝင်တယ်ဆိုလို့ ကျွန်တော်တို့ မြန်မာ့သစ်လုပ်ငန်းကို လှမ်းအကြောင်းကြားတော့ ကျွန်တော်ဦးဆောင်ပြီး ကွန်ဂျီဆင်သုံးကောင်နဲ့ သွားရတယ်။ ကျွန်တော်တို့ မြန်မာ့သစ်လုပ်ငန်းပါတယ်၊ သစ်တောအဖွဲ့၊ သစ်တောလုံခြုံရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တွေ ပူးပေါင်းပြီးတော့ မောင်းတာ အဓိကတော့ တောဆင်တွေ ဘယ်နေရာမှာရှိလဲ၊ အကောင်ရေ ဘယ်လောက်ရှိလဲ၊ ကျွန်တော်တို့ ဆင်တွေထားတဲ့ နေရာနဲ့ ဘယ်လောက်ဝေးသလဲ၊ ဘာလို့လဲဆိုတော့ လူကတော့ ဆိုင်ကယ်နဲ့ သွားလို့ရတာရှိပေမယ့် ဆင်တွေကျတော့ တောလမ်းကဖြတ်ရတာဆိုတော့ ကြာတယ်လေ။ သတင်းအချက်အလက် တွေထောက်တော့ ဝင်လာတဲ့ ဆင်ကောင်ရေက များတယ်။ ကွန်ဂျီဆင်တွေ လိုတယ်လို့ ပြောတယ်။ ပြောက်အိုးတွေ ဖောက်ပြီးမောင်းတယ်။ နောက်တော့ ကွန်ဂျီဆင်သုံးကောင်ကို နေရာဖြန့်ခွဲပြီးတော့မောင်းတာ လူသံတွေလည်း ကြားတယ်။ ဆင်တွေကလည်း ဘေးကနေပန်းလိုက်တော့ တောဆင်တွေက သူတို့လာတဲ့လမ်းအတိုင်း ပြန်ထွက်သွားတာ အတတ်နိုင်ဆုံးတော့ လူနဲ့ဝေးရာကို မောင်းရတာပဲ။ အခက်အခဲတော့ မရှိပါဘူး။ ဒါပေမယ့် တောတောင်တွေထဲဆိုတော့ ဝန်ထမ်းတွေ



အလွန်ပင်ပန်းကြတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တောဆင်ရိုင်းများအား ဆင်သတ်မုဆိုးများရန်မှ ကာကွယ်နိုင်ရန် EERU အဖွဲ့များမှ ပုသိမ်၊ ငပုတော၊ သာပေါင်းမြို့နယ်များတွင် တစ်လလျှင် ၁၅ ရက်နှုန်းဖြင့် ကင်းလှည့်စောင့်ကြပ်ခြင်းအပြင် ဆင်သတ်မုဆိုးများကို သတင်းပေးနိုင်ပါက ဆုငွေကျပ် သိန်း ၃၀ အထိ ပေးနေခြင်းကြောင့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် သတင်းများ စဉ်ဆက်မပြတ် ရရှိနေကြောင်း သိရသည်။ တောဆင်ရိုင်းများ လူများနှင့် နီးစပ်သောဒေသများသို့ ဝင်ရောက်လာမှုနှင့် ပတ်သက်၍ ဒေသမန်နေဂျာ ဦးကျော်စွာဝင်းက "တောဆင်တွေက တောတောင်ထဲမှာ သူတို့အတွက် အစားအစာရယ် နေထိုင်ကျက်စားဖို့အတွက် အခက်အခဲရှိတာကတစ်ကြောင်း၊ နောက်ဆင်သတ်မုဆိုးအဖွဲ့ရန်က လွတ်အောင် တောထဲကနေထွက်ပြီး လူတွေနဲ့နီးစပ်တဲ့နေရာတွေကို ရောက်လာကြတာ၊ အမှန်တော့ လူတွေကို အားကိုးတာပေါ့ဗျာ။ ဒါကြောင့် ကျွန်တော်တို့ဌာနအနေနဲ့ တစ်ဖက်မှာလည်း တောဆင်ရိုင်းတွေ အသတ်မခံရအောင် နေရာအနှံ့မှာ Radio Collar တပ်ဆင်ပြီး စဉ်ဆက်မပြတ် စောင့်ရှောက်ပေးနေသလို လူနဲ့ဆင် ပဋိပက္ခထိပ်တိုက်တိုးမှုတွေ အတတ်နိုင်ဆုံးမဖြစ်ပွားရအောင် ဒေသခံတွေကိုလည်း ပညာပေးပြောရတာတွေ ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးခုတွင် ဒီရေတောများ စိုက်ပျိုးထူထောင်ရန် စီစဉ်နေ

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရမ်း၊ သုံးခွ၊ ကျောက်တန်းနှင့် ကွမ်းခြံကုန်း မြို့နယ်များတွင် ဒီရေတောများ စိုက်ပျိုးထူထောင်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးလှဝင်းက ပြောသည်။

"တစ်ချိန်က နာဂစ်လိုမျိုး ထိခိုက်ခံစားလာနိုင်တဲ့အတွက် အဲဒီကမ်းခြေနဲ့ နီးတဲ့ လေးမြို့နယ်မှာ နိုင်ငံတော်စီမံချက်အနေနဲ့ ဒီရေတောတွေ စိုက်ပျိုးမှာ ဖြစ်ပါတယ်။ မုတ္တမပင်လယ်ဆိုတာက တကယ့်ဟင်းလင်းပြင်ကြီးလေ။ နာဂစ်တုန်းက ခံပြီးပြီဆိုတော့ အဲဒီလိုတွေ ထပ်မဖြစ်အောင် ဒီရေတောနဲ့ ထိန်းတဲ့သဘောပါ" ဟု ၎င်းကဆိုသည်။

သို့ရာတွင် အဆိုပါဒေသတွင် ပုစွန်ကန်များရှိနေသည့်အတွက် အဆိုပါပုစွန်မွေးမြူသော လုပ်ငန်းရှင်များနှင့် သြဂုတ်လအတွင်းက ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဒေသများရှိ ပုစွန်ကန်များသည် ရေသွင်းရေထုတ်နည်းဖြင့် သဘာဝနည်းကိုအသုံးပြုကာ မွေးမြူကြခြင်းဖြစ်ပြီး ယခုကဲ့သို့ ဒီရေတောစိုက်ပျိုးခြင်းဖြင့် ငါး၊ ပုစွန်များအတွက် အစာအာဟာရများ ပိုမိုရရှိရန်စွမ်းဆောင်ပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ လေးမြို့နယ်ရှိ ဧကတစ်သောင်းကျော်ရှိသော မြေပေါ်တွင် ယခင်ရှိပြီးသား ပုစွန်ကန်များကိုလည်း ဆက်လက်မွေးမြူခွင့်ပြုမည်ဖြစ်ရာ ၄၀ ရာခိုင်နှုန်းကို ပုစွန်မွေးပြီး ၆၀ ရာခိုင်နှုန်းကို ဒီရေတောစိုက်ပျိုးသွားမည့် ပုံစံမျိုးဖြင့် အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီရေတောလည်းစိုက်မယ်။ ပုစွန်လည်း မွေးနိုင်တဲ့နည်းလမ်းတွေ ဆောင်ရွက်ပေးပါမယ်။ ဒီရေတောချည်းပဲ စိုက်မယ်ဆိုရင် ကျွန်တော်တို့ ပုစွန်ကန်တွေ ဆုံးရှုံးသွားပါမယ်။ သစ်တောကတော့ သူတို့ရဲ့ စီမံချက်အရ လက်မခံခဲ့ဘူး။ ဒါပေမယ့် ဝန်ကြီးချုပ်ကို ရခိုင်ဒေသမှာ မွေးပုံမွေးနည်းတွေကို ရှင်းပြတဲ့အခါ ဝန်ကြီးချုပ်က လက်ခံပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပုစွန်ကန်များနှင့် တွဲဖက်ပြီး ဒီရေတောများ ထူထောင်ရန် သစ်တောဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြေစာရင်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းပါဝင်သည့် အဖွဲ့တစ်ဖွဲ့ဖွဲ့ကာ မကြာမီကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပွင့်လင်းရာသီရောက်ပါက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်တိုင် ကွင်းဆင်းပြီး အမြန်ဆုံးအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာတွင်လည်း mangrove friendly aquaculture ဆိုသည့် ဒီရေတောနှင့် ငါးပုစွန် ယှဉ်တွဲမွေးမြူစိုက်ပျိုးသည့် နည်းစနစ်များလည်း ကျင့်သုံးနေရာ မြန်မာနိုင်ငံအနေဖြင့်လည်း ယခုကဲ့သို့ နည်းစနစ်ကို အသုံးပြုခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကို ကာကွယ်ရာရောက်သလို ယခင်ရှိပြီးသား ငါးပုစွန် မွေးမြူရေးလုပ်ငန်းရှင်များကို မထိခိုက်သဖြင့် ကောင်းမွန်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။ **မေသက်နှင်း**


# မြန်မာ့စာတိုက်လုပ်ငန်းမှ စာအုပ်လှူဒါန်းမှုများအတွက် အခမဲ့ပို့ဆောင်ပေးမည်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းသည် အရှုံးပေါ်နေသည့်ကြားမှ ပြည်သူအများ စာဖတ်နှုန်းမြင့်တက်စေရန် တစ်ဖက်တစ်လမ်းမှ ဝန်ဆောင်မှုပေးသည့်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသော လူထုအခြေပြုဗဟိုဌာနများ (စာကြည့်တိုက်များ)သို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက တစ်နိုင်ငံလုံးအနှံ့တွင် တည်ရှိသော စာတိုက်ပေါင်း ၇၉၃ ရုံးမှ လက်ခံ၍ ပေးပို့လိုသည့် မြို့များသို့ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ အခမဲ့ပေးပို့ပေးမည် ဖြစ်ပါသည်။

ထို့အပြင် မြန်မာ့စာတိုက်လုပ်ငန်းအား ယုံကြည်စိတ်ချစွာ ပေးပို့အသုံးပြုလျက်ရှိသော စာပေလုပ်ငန်းရှင်များ၊ Online Shopping လုပ်ငန်းရှင်များ၊ အများအပြားပေးပို့သူများအတွက် တစ်ကြိမ်လျှင် ပေးပို့သည့်ချောစာနှင့် ချောပစ္စည်း အရေအတွက် ၁၀၀ နှင့်အထက် ပေးပို့သူများအတွက် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ epost system အသုံးပြုလျက် Discount ဖြင့် ဝန်ဆောင်ခ လျှော့ချပေးသွားမည်ဖြစ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**


# မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပပြီးစီး

**ရန်ကုန် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၉ ရက်က တညင်းကုန်းရှိ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်၌ ကျင်းပသည်။ ရွေးချယ်တင်မြှောက်ပွဲသို့ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်မှုကော်မရှင်မှ အဖွဲ့ဝင်များဖြစ်သော ဦးစိုးသိမ်း၊ ဦးဘန်နီတင်အောင်၊ ဦးစိုးဝင်း၊ ဦးရဲထွဋ်တင်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ ယင်းအခမ်းအနားတွင် ဆန္ဒမဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်ဦးရေ စုစုပေါင်း ၁၁၁၅ ဦးက မဲပေးရွေးချယ်ခဲ့သည်။

**ဖိုးသော်ဇင်**

# မုတ်သုံလေ အားနည်းနေ

**နေပြည်တော် စက်တင်ဘာ ၁၂**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးမည်

**ရန်ကုန် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်းနှစ်ခုနှင့် အတည်ပြုလုပ်ငန်းရှစ်ခုကို ခွင့်ပြုခဲ့ကြောင်း စက်တင်ဘာ ၁၁ ရက်က သတင်းထုတ်ပြန်ချက်အရ သိရှိရပြီး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများက ပြည်တွင်းလုပ်သားတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၀၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် အဆိုပြုလုပ်ငန်းနှစ်ခုနှင့် အတည်ပြုလုပ်ငန်းတစ်ခုကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုလုပ်ငန်းလေးခု၊ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုလုပ်ငန်းတစ်ခု၊ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုလုပ်ငန်းတစ်ခုနှင့် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုလုပ်ငန်းတစ်ခုကို ခွင့်ပြုခဲ့ရာ အဆိုပါ ရင်းနှီးမြှုပ်နှံမှု ၁၀ ခု၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁၉ ဒသမ ၃၉၈ သန်းရှိကြောင်းနှင့် အဆိုပါ ရင်းနှီးမြှုပ်နှံမှုများက ပြည်တွင်းလုပ်သား ၄၄၂၀ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ခွင့်ပြု/အတည်ပြုသော လုပ်ငန်း ၁၀ ခု၏ အမျိုးအစားများမှာ စက်မှုကဏ္ဍအတွက် ခုနစ်ခု၊ လျှပ်စစ်ကဏ္ဍအတွက် တစ်ခုနှင့် အခြားကဏ္ဍနှစ်ခုဖြစ်သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဧပြီလမှ စက်တင်ဘာ ၇ ရက်အထိ ခွင့်ပြု/အတည်ပြုပေးခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ လုပ်ငန်းပေါင်း ၇၅ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၈၉၉ ဒသမ ၉၅၄ သန်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၄၃၀ ဒသမ ၇၅ သန်းဖြစ်ကြောင်း သိရသည်။

"လာမယ့်ပွင့်လင်းရာသီမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ တိုးလာနိုင်တယ်။ ဟိုတယ်လုပ်ငန်းတွေ၊ စွမ်းအင်လုပ်ငန်းတွေ၊ သတ္တုလုပ်ငန်းတွေနဲ့ အခြားရင်းနှီးမြှုပ်နှံမှုတွေလည်း ရှိလာမှာပါ"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးမျိုးခိုင်ဦးက ပြောသည်။

အထူးစီးပွားရေးဇုန်ဥပဒေအရ ဧပြီလမှ စက်တင်ဘာ ၇ ရက်အထိ ခွင့်ပြုပြီး မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုမှာ လုပ်ငန်း ၈၂ ခု၊ အမေရိကန်ဒေါ်လာ ၁၈၅ ဒသမ ၆၈၅ သန်း အပါအဝင် ကျပ် ၉၀၃၈၆၂ ဒသမ ၇၇၄ သန်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၂၁၂ ဒသမ ၉၃၃ သန်းအပါအဝင် ကျပ် ၉၆၈၈၆ ဒသမ ၆၃၄ သန်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

# စလင်းချောင်းတမံ ဆည်ရေသောက်ဧရိယာအတွင်း မိုးစပါး ဧကသုံးသောင်းကျော် စိုက်ပျိုးမည်

**စလင်း စက်တင်ဘာ ၁၂**

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးဦးကျစော၍ မိုးရွာသွန်းမှုအားကောင်းသောကြောင့် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ရှိ စလင်းရေလှောင်တမံတွင် ရေပြည့်ဝစွာ သိုလှောင်ထားရှိနိုင်ပြီး စနစ်တကျ စီမံထိန်းသိမ်းထားနိုင်ခဲ့သဖြင့် စလင်းတမံမှ စိုက်ပျိုးရေများကို လင်းဇင်းရေလွှဲဆည်မှတစ်ဆင့် ဆည်ရေသောက်ဧရိယာများသို့ လုံလောက်စွာပေးဝေနိုင်ခဲ့ပြီး စလင်းတမံဆည်ရေသောက်ဧရိယာအတွင်း မိုးစပါး ၃၁၈၅၄ ဧက စိုက်ပျိုးသွားရန် လျာထားကြောင်း သိရသည်။

ယခုနှစ် မိုးစပါးစိုက်ရာသီအတွက် ပျိုးထောင်ရေများကို ဇွန်လလယ်မှစ၍ ပေးဝေခဲ့ပြီး ရေအပြည့်သိုလှောင်ထားရှိနိုင်၍ လျာထားစိုက်ဧကများအတွက် အောင်ရေကိုပါ လုံလောက်စွာပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ မင်းဘူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းက "မိုးရွာသွန်းမှုအားကောင်းပြီး တမံမှာ ရေပြည့်ဝစွာ သိုလှောင်ထားနိုင်ခဲ့ပါတယ်၊ သိုလှောင်ရေကို ဆည်ရေသောက်တောင်သူများ ရေလုံလောက်စွာရရှိနိုင်ရေး ဌာနအနေနဲ့ စနစ်တကျစီမံခန့်ခွဲမှုများနဲ့ ကြိုးပမ်းဆောင်ရွက်ပေးထားပါတယ်"ဟု ပြောသည်။



မင်းဘူးခရိုင် စလင်းမြို့နယ်ရှိ စလင်းရေလှောင်တမံ

မကွေးတိုင်းဒေသကြီးအတွင်း မင်းဘူးခရိုင်မှာ မိုးစပါးစိုက်ဧက အများဆုံးဖြစ်ပြီး စလင်းရေလှောင်တမံ ဆည်ရေသောက်ဧရိယာများတွင် မိုးစပါး ၃၁၈၅၄ ဧက လျာထားခဲ့သည့်အနက် လက်ရှိအချိန်အထိ ဧက ၂၇၉၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ စလင်းတမံ ရေသောက်ဧရိယာအတွင်း မိုးစပါးလျာထားဧက၏ ၉၀ ရာခိုင်နှုန်းကျော်မှာ စိုက်ပျိုးရေရရှိနေကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်အတွင်းမှ စပါးစိုက်တောင်သူများအနေဖြင့် အရည်အသွေးကောင်းပြီး ဈေးကွက်ခိုင်မာသည့် ရောမင်းနှင့် မနောသုခစပါးမျိုးများကို အဓိကစိုက်ပျိုးလျက်ရှိကာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနကလည်း စက်တင်ဘာလကုန်တွင် စီမံကိန်းလျာထားဧကအားလုံး ကွင်းပိတ်စိုက်ပျိုးနိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဌွေး(မင်းဘူး)**

# ဟံသာတမြို့ သမ္ဘရာတိုင်းချောင်းရိုးအင်း လုပ်ကိုင်ခွင့်ကို ရေလုပ်သား ၁၀၀ ကျော် ဆန္ဒဖော်ထုတ်တောင်းဆို

**ဟံသာတ စက်တင်ဘာ ၁၂**

ဟံသာတမြို့နယ်ရှိ သမ္ဘရာတိုင်းချောင်းရိုးအင်းကို ဒေသခံများ လုပ်ကိုင်ခွင့်ရရန်အတွက် ဌာနဆိုင်ရာများသို့ တင်ပြသော်လည်း ဆောင်ရွက်ပေးခြင်းမရှိသေး၍ ဒေသခံရောနဒီအဖွဲ့မှ ရေလုပ်သား ၁၀၀ ကျော်က ဟံသာတမြို့ပေါ် ပြည်လုံးကပ်ကျော်ဦးပါရဲဘုရားအနီးတွင် စက်တင်ဘာ ၁၀ ရက်က စုဝေးကြပြီး ဆန္ဒဖော်ထုတ်တောင်းဆိုခဲ့ကြောင်း သိရသည်။

အဆိုပါဘုရားအနီးတွင်စုဝေး၍ ဗိုလ်ချုပ်လမ်းအတိုင်း ငါးလုပ်ငန်းဦးစီးဌာနရုံးရှေ့အထိ လမ်းလျှောက်ဆန္ဒဖော်ထုတ်၍ ဒေသခံများကိုသာ အင်းလုပ်ကိုင်ခွင့်ပေးစေလိုကြောင်း တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။

ဒေသခံများကို အင်းလုပ်ကိုင်ခွင့်ပေးရေးအတွက် ဟံသာတမြို့နယ် အင်းတင်ဒါစိစစ်ရေးကော်မတီ၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိ၍ ယခုလို လမ်းလျှောက်ဆန္ဒဖော်ထုတ်ပြီး တောင်းဆိုရခြင်းဖြစ်ကြောင်း ရောနဒီရေလုပ်သားများသမဂ္ဂဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။



"အင်းက ကျွန်တော်တို့ သမ္ဘရာတိုင်းအုပ်စုထဲမှာရှိတဲ့အင်းပါ။ ရွာလယ်မှာရှိနေတဲ့အင်းကို တခြားကျေးရွာက သူတို့အင်းဆိုပြီး လိမ်လည်ရယူသွားတာ ကျွန်တော်တို့ လုံးဝမကျေနပ်နိုင်ဘူး၊ အင်းရသွားသူက ပြီးတော့ တစ်ဆင့်ရောင်းစားတယ်၊ တစ်ဆင့်ရောင်းစားတာကို အထောက်အထားတွေရှိတယ်၊ အင်းက သမ္ဘရာတိုင်းအုပ်စု ကြို့ကုန်းရွာလယ်ကောင်မှာ အဓိကလုပ်ကွက်ရှိတာပါ၊ အခု တကယ့်ဒေသခံရွာတွေက ရေလုပ်သားတွေ အလုပ်လက်မဲ့ဖြစ်ရပြီမို့ ပြန်ပြီးစစ်ဆေးပေးစေချင်တယ်"ဟုလည်း ဦးလှအောင်က ပြောသည်။

ယင်းဆန္ဒထုတ်ဖော်မှုနှင့်ပတ်သက်၍ ဟံသာတခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "သမ္ဘရာတိုင်းအင်းလုပ်ကိုင်ခွင့်ရရှိသူ ခြင်ဘို့အုပ်စုနေ ဦးဌေးလှိုင် ရေလုပ်သားအစုအဖွဲ့က ၂၀၁၈-၂၀၁၉ ခုနှစ် အင်းအခွန်ငွေ ၇၂၅၀၀၀ ကိုဇူလိုင်လတွင် အင်းခွန်ပေးသွင်းထားပြီးဖြစ်တယ်၊ လွှတ်တော်ကိုယ်စားလှယ်များ စောင့်ကြည့်ရေးတာဝန်ဖြင့် အင်းတင်ဒါစိစစ်ရေးအဖွဲ့မှ သမ္ဘရာတိုင်းအင်းအစုအဖွဲ့ကို စစ်ဆေးစဉ်မှာ အင်းရေသောက်ဒေသခံရေလုပ်သားဖြစ်သူ ဦးဌေးလှိုင်အဖွဲ့က ပူးပေါင်းလုပ်ကိုင်ဖို့ ဆန္ဒပြုတယ်၊ ဒါပေမယ့် ရောနဒီရေလုပ်သားသမဂ္ဂဥက္ကဋ္ဌ ဦးလှအောင်တို့က ပေါင်းစပ်လုပ်ကိုင်ခြင်းမပြုနိုင်တာပါ၊ သမ္ဘရာတိုင်းအင်းဟာ ခြင်ဘို့အုပ်စုနဲ့ သမ္ဘရာတိုင်းအုပ်စုထဲမှာရှိတာပါ"ဟု ပြောသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**

# ကျိုက်ထိုမြို့နယ်၌ တိုင်းရင်းဆေးဖြင့် အခမဲ့ ကွင်းဆင်းဆေးကုသ

**ကျိုက်ထို စက်တင်ဘာ ၁၂**

ကျိုက်ထိုမြို့နယ် ကျွန်းတောကျေးရွာမှ ပြည်သူများ ကျန်းမာရေးအသိပညာတိုးပွားစေရေးအတွက် ပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းဆေးဖြင့် ဆေးကုသပေးခြင်းကို သထုံခရိုင်တိုင်းရင်းဆေးကုဌာနက စက်တင်ဘာ ၁၀ ရက်တွင် ဆောင်ရွက်ပေးခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဆေးကုသမှုများဆောင်ရွက်ပေးရာတွင် သထုံခရိုင်တိုင်းရင်းဆေးခန်းမှ ဒေါ်ခင်ခင်ဦးနှင့် ကျိုက်ထိုမြို့နယ် လက်ထောက်ဆေးခန်းမှူး ဒေါ်အေးမြတ်မွန်စိုးတို့က ကျန်းမာအောင်နေထိုင်နည်းများနှင့် ရဲယိုပင်အသုံးဝင်ပုံ သိကောင်းစရာများကို ဟောပြောခဲ့ပြီးနောက် တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၂-၉-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၃၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၈၅/၁၀၁၀ ကျပ် | ၁၀၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၉၅/၁၀၂၀ ကျပ် | ၁၀၇၀/၁၀၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၉၅၅/၉၉၀ ကျပ် | ၁၀၅၅/၁၀၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၀၅/၁၀၃၀ကျပ် | ၁၁၁၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၄၇ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၉၃ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၃ · ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၁၃ · ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၆ · ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၇ · ၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ · ၀၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၂၉၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၇ · ၂၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၂ · ၆၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၁၇၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇နှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်ရန် အသိပေးကြေညာချက်

၁။ ၂၀၁၈ခုနှစ် ဩဂုတ် ၁ရက်မှစ၍ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ အာဏာတည်ခြင်းနှင့်အတူ ကုမ္ပဏီဆိုင်ရာ မှတ်ပုံတင်ခြင်းကိစ္စရပ်များအား အီလက်ထရွန်နစ်မှတ်ပုံတင်စနစ် Myanmar Companies Online (MyCO) ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇အရလည်းကောင်း၊ အီလက်ထရွန်နစ်မှတ်ပုံတင်စနစ်အရ လည်းကောင်း ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်နှင့် မှတ်ပုံတင်အထောက်အထားများ ခိုင်မာမှုရှိစေရန် ကုမ္ပဏီမှတ်ပုံတင်စနစ်သစ် Myanmar Companies Online (MyCO) အား တည်ထောင်အသုံးပြုလျက်ရှိပါသည်။

၂။ ကုမ္ပဏီမှတ်ပုံတင်စနစ်သစ်တွင် အီလက်ထရွန်နစ်မှတ်ပုံတင်လက်မှတ် တစ်ခုသာ ထုတ်ပေးမည်ဖြစ်ပြီး မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် အခြားမည်သည့်သက်သေခံ အထောက်အထားများထုတ်ပေးမည်မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။ အီလက်ထရွန်နစ်မှတ်ပုံတင်စနစ်တွင် အများပြည်သူနှင့်သက်ဆိုင်သည့် ကုမ္ပဏီဆိုင်ရာ သတင်းအချက်အလက်များကို လွယ်ကူစွာ စစ်ဆေးအတည်ပြုနိုင်ရန် ဖော်ပြပေးထားပါသည်။ ထို့ပြင်လိုအပ်ပါက ကုမ္ပဏီဆိုင်ရာအချက်အလက်များ ဝယ်ယူခွင့်ရနိုင်ရန် စီစဉ်လျက်ရှိပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ယခင်ဥပဒေဟောင်းနှင့် ဆောင်ရွက်ခဲ့သောပုံစံများ သို့မဟုတ် လျှောက်ထားလွှာများ ဥပမာ-အစုရှယ်ယာခွဲဝေမှု(ပုံစံ-၆)၊ ဒါရိုက်တာအဖွဲ့ဝင်စာရင်း(ပုံစံ-၂၆)၊ နှစ်စဉ်အစီရင်ခံစာ (ပုံစံ- E) စသည့် ပုံစံဟောင်းများကို ကျင့်သုံးခြင်းမပြုတော့ပါ။

၃။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇အရ အဓိက ပြောင်းလဲသွားသောအချက်များ၊ လုပ်ထုံးလုပ်နည်းများ ပြောင်းလဲမှုအခြေအနေအရပ်ရပ်ကို ဝန်ကြီးဌာနများမှ အရာရှိကြီးများအား ၂၀၁၈ ခုနှစ် ဇူလိုင် ၃ရက်တွင် ရှင်းလင်းအသိပေးပြောကြားခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် အဆိုပါပြောင်းလဲမှုများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၈ခုနှစ် ဩဂုတ် ၁၀ရက်စွဲပါ စာအမှတ် စဘ/စီမံ-၁/၃/၃၅(၆၅၉၆/၂၀၁၈)ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ အသိပေးအကြောင်းကြားပြီးဖြစ်သည့်အပြင် ကုမ္ပဏီဆိုင်ရာ အချက်အလက်များကို MyCO မှ ရယူဆောင်ရွက်နိုင်ရေးအတွက် User ID နှင့် Password များကိုလည်း ပေးပို့ထားပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ကုမ္ပဏီများအနေဖြင့် လုပ်ငန်းဆိုင်ရာကိစ္စများဆောင်ရွက်ရာတွင် အစိုးရဌာနများ၊ ဘဏ်များနှင့် အခြားအဖွဲ့အစည်းများသို့ အထက်အပိုဒ် ၂ ပါ ပုံစံဟောင်းများတင်ပြရန် မလိုအပ်ပါကြောင်းနှင့် လိုအပ်ပါက ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ကို အထောက်အထားပြု၍ လုပ်ငန်းများဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**


## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ကြေညာချက်
### အနုပညာကြေးများကိစ္စ

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ FM Radio များ၊ TV Channel လွှင့်ထုတ်သော Live Show နှင့် အဆိုပြိုင်ပွဲများ၊ သီချင်းများသုံးစွဲရာတွင် မူပိုင်ခွင့်ရှိသူများ၏ အနုပညာကြေးများအား ကောက်ခံ၍ ခွဲဝေပေးလျက်ရှိပါသည်။ အချို့သောအနုပညာသမားများနှင့် မူပိုင်ခွင့်ရှိသူများသည် အထက်ပါမိမိတို့ရပိုင်ခွင့်ရှိသော အနုပညာကြေးများအား စတင်အသုံးပြုချိန်မှ ယခုအချိန်ထိလာရောက်ထုတ်ယူခြင်းမရှိသေးပါသဖြင့် ထုတ်ယူ/ခွဲဝေပေးနိုင်ရန်အတွက် အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်ပေးနိုင်ကြပါရန် ထပ်မံအသိပေး နှိုးဆော်အပ်ပါသည်။

စုံစမ်းရန်(ဖုန်း)-၀၁-၅၄၅၈၆၃(ရုံးအဖွဲ့)၊ ၀၉-၄၄၃၀၇၀၈၆၇ (ရုံးအဖွဲ့မှူး)

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ကြေညာချက်

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော သက်ကြီးဂီတပညာရှင်များ ကန်တော့ပွဲအခမ်းအနားကို ၂၀၁၈ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်ပါ၍ အသက်(၇၅)နှစ်နှင့် အထက်ရှိသော ဂီတပညာရှင်များ၏ ကိုယ်ရေးမှတ်တမ်းစာအုပ်ကို အချိန်မီပြုစုထုတ်ဝေနိုင်ရန်အတွက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)သို့ ကန်တော့ခံသက်ကြီးဂီတပညာရှင်များမှ မိမိတို့၏ ကိုယ်ရေးမှတ်တမ်းအချက်အလက်များကို ၃၁-၁၀-၂၀၁၈ရက် နောက်ဆုံးထား၍ ပေးပို့ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်(ရုံးချိန်အတွင်းသာ)**

**ဖုန်း-၀၁-၅၄၅၈၆၃၊ ၀၉-၇၃၁၅၆၉၈၇၊ ၀၉-၉၇၄၅၉၂၄၀၃**

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## စိတ်ပါဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာ ဖိတ်ခေါ်ခြင်း
### (Request for Expression of Interest)(REO 1)

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဂေါက်ကွင်းအဆင့်မြှင့်တင်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများအတွက် Build, Operate and Transfer (BOT) အခြေခံဖြင့် ဆောင်ရွက်လိုသော ပြည်တွင်း ပြည်ပကုမ္ပဏီများအား စိတ်ပါဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**ဂေါက်ကွင်းတည်နေရာ**- ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမရှေ့ရပ်ကွက်၊ ၁၀မိုင်၊ သီရိမင်္ဂလာလမ်း

၂။ EOI စာရွက်စာတမ်းများကို ၁၇-၉-၂၀၁၈ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်းတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်-

EOI အဆိုပြုလွှာ စာရွက်စာတမ်းအပြည့်အစုံကို အထက်ဖော်ပြပါဌာနသို့ ၂၈-၉-၂၀၁၈ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။ နောက်ကျတင်သွင်းသော EOI အဆိုပြုလွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၃။ EOI နှင့်စပ်လျဉ်း၍ သိရှိလိုသော အချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ ဖုန်း-၀၉-၅၀၈၃၃၈၄၊ ၀၉-၄၉၄၄၅၄၆၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရ**

## အိမ်ခြံမြေအခြေခံပညာပေး သင်တန်းဖွင့်လှစ်မည်

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း မှတ်ပုံတင်အမှတ်-၁၅၅/၂၀၁၆၊ ၂၀၁၇(အသင်း)၏ အိမ်ခြံမြေ အခြေခံပညာပေးသင်တန်း(၂/၂၀၁၈)ကို စက်တင်ဘာ ၁၇၊ ၁၈၊ ၁၉ ရက်များတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၅ နာရီထိ သုံးရက်တိုင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်တော်ဝင်နှင်းဆီ (သီရိရတနာခန်းမ)တွင် ဖွင့်လှစ်သွားမည်ဖြစ်ပါ၍ (MRPDA အသင်းဝင်များ) မပျက်မကွက်တက်ရောက်ပေးကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ စိတ်ပါဝင်စားသူများ သင်တန်းတက်ရောက်လိုပါက အသင်းဝင်ပြီးတက်ရောက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၀၃၇၄၈၈၊ ၀၉-၅၀၆၄၆၃၃၊ ၀၉-၂၆၄၂၆၄၈၅၉ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း**

## မိခင်အမည်မှန်

ခင်ဦးမြို့နယ်၊ မြင်းဒေါင်းကျေးရွာ၊ အထက တက္ကသိုလ်ဝင်တန်း(B)မှ မဟိန်းထက်မိုး၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်အေး ၅/ခဥန(နိုင်)၀၆၂၀၄၅ ဖြစ်ပါကြောင်း။ **ဒေါ်မြင့်အေး**

## ဖခင်အမည်မှန်

ဘားအံမြို့၊ အမှတ် (၃) အထက တက္ကသိုလ်ဝင်တန်း(D)မှ နန်းဆုရှုမှူးနောင်၏ ဖခင်အမည်မှန်မှာ ဦးတာလီ ၃/ဘအန(နိုင်)၀၁၈၁၆၉ ဖြစ်ပါကြောင်း။

## ဖခင် အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ကန်ဘက်ကျေးရွာအုပ်စု၊ ကန်ဘက် အထက တက္ကသိုလ်ဝင်တန်းမှ မောင်ရီဝေအောင်၊ အဋ္ဌမတန်းမှ မောင်ရှိုင်းထက်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးရွှေကြိုင် ၁၄/လပတ(နိုင်)၁၃၂၉၄၅ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

သံတွဲမြို့၊ ပွင့်ဖြေကျေးရွာအုပ်စု ပွင့်ဖြေကျေးရွာနေ ဦးမောင်လေး၏ သား မောင်ရန်ပိုင် ၁၁/သတန(နိုင်)၁၀၂၄၀၇၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၈-၁၉၉၉ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုန်းပိုင် အထက(ခွဲ) ပဥ္စမတန်းမှ မမြတ်သူတင်နှင့် တတိယတန်းမှ မောင်ထက်ဝေယံတို့၏ မိဘအမည်မှန်မှာ ဦးထွန်း ၉/သပက(နိုင်) ၀၃၉၂၃၇နှင့်ဒေါ်မိလွင်တို့ ဖြစ်ပါကြောင်း။ **ဦးထွန်း-ဒေါ်မိလွင်**

## အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမက (၂၀) Grade-4 မှ မသိမ့်နန္ဒာစိုး၏ အမည်မှန်မှာ မသဒ္ဓါစိုးစံ ဖြစ်ပါကြောင်း။ **မသဒ္ဓါစိုးစံ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ အကွက်အမှတ် (၆/၂)ပွေးတောင်ရပ်ကွက်ရှိ ဦးပိုင်အမှတ်၇၄၊ မြေဧရိယာ (၀ဒသမ၅၅၂)ဧကဟုခေါ်တွင်သော မြေကွက်အား ဦးသိဏ်းချစ် ၁၂/ပဘတ(နိုင်)၀၁၄၄၁၃က မြို့မြေဂရန်သစ်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက် အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့် အညီပြီးစီးအောင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇)၊ အကွက်အမှတ် (၆၆၀)ဈေးကုန်းတွင်း၊ ဦးပိုင်အမှတ်၉၆၀၊ မြေဧရိယာ (၀ဒသမ၅၄)ဧကရှိမြေကွက်အား ဒေါ်ခင်ချောစု ၉/မမန(နိုင်)၀၉၀၁၈၀က မြေစာရင်းပုံစံ-၁၀၅၊၁၀၆ ရေးကူးခွင့်နှင့်ဂရန်သစ်ထုတ်ပေးရန်တင်ပြလာခြင်းအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင် /မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9L/1736 Toyota RACTIS NSP 120 HATCH BACK (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်မွန်အောင် ၉/အမဇ(နိုင်) ၀၃၁၁၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**


MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
LUCKY
E-TOPUP
BONUS
Up To
120%
အစီအစဉ်တွင်ပါဝင်ရန်
*700#
ကို ဖုန်းခေါ်ဆိုရပါမည်။
၂၀ ရာခိုင်နှုန်းမှ ၁၂၀ ရာခိုင်နှုန်းအထိ ငွေဖြည့်လက်ဆောင်များ ရရှိနိုင်ပါသည်။
E-topup သို့မဟုတ် MPT4U App မှ တစ်ဆင့် အနည်းဆုံး ၁၀၀၀ ကျပ်ဖိုး ငွေဖြည့်သွင်းတိုင်း Lucky E-topup Bonus များ ရရှိနိုင်မည်ဖြစ်ပါသည်။
Promotion ကာလပြီးဆုံးမည့်အချိန်ကို MPT ၏ တရားဝင် Website တွင် ထုတ်ပြန်ကြေညာ ပေးသွားမည် ဖြစ်ပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၀-၉-၂၀၁၈** ရက်နေ့မှ စတင်၍ **၂၄-၁၁-၂၀၁၈** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၈-၁၂-၂၀၁၈** မှ **၂၉-၁၂-၂၀၁၈** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့် အချိန်နှင့် အကျုံးဝင်သည့် အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်တက္ကသိုလ်မှ (၂၀၁၇-၂၀၁၈) ခုနှစ်အတွင်း အောက်ဖော်ပြပါ (ဘွဲ့) စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများ၏ (၁၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဘွဲ့လျှောက်လွှာပုံစံများကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာနတွင် ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် ၂×၁½ လက်မအရွယ် ဓာတ်ပုံနှစ်ပုံ ပူးတွဲလျက် ၁၇-၉-၂၀၁၈ ရက်မှ ၂၇-၉-၂၀၁၈ ရက်အထိ လျှောက်ထားနိုင်ကြပါသည်။

**(က) (၁၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၁၅-၁၂-၂၀၁၈ ရက် ပထမနေ့ နံနက်ပိုင်းအစီအစဉ် နံနက် (၉း၀၀)နာရီ**

ပါရဂူဘွဲ့ - မြန်မာစာ၊ စိတ်ပညာ၊ ဥပဒေပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ရက္ခဗေဒ၊ အဏုဇီဝဗေဒ၊ ဘူမိဗေဒ
မဟာသုတေသနဘွဲ့ - မြန်မာစာ၊ ဥပဒေပညာ၊ ရက္ခဗေဒ၊ အဏုဇီဝဗေဒ၊ ဘူမိဗေဒ
မဟာဥပဒေဘွဲ့ - ဥပဒေပညာ
မဟာဝိဇ္ဇာဘွဲ့ - နိုင်ငံတကာဆက်ဆံရေးပညာ၊ MBL (Business Law)
မဟာသိပ္ပံဘွဲ့ - အဏုဇီဝဗေဒ၊ ဘူမိဗေဒ
ဒီပလိုမာဘွဲ့ - DTSM၊ အသုံးချစိတ်ပညာ၊ လူမှုရေးပညာ (SW)၊ DCWE၊ DMLPF၊ DIR၊ DPS၊ DIS၊ DGI
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ - မြန်မာစာ၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ နိုင်ငံရေးသိပ္ပံ
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - ရက္ခဗေဒ၊ ဘူမိဗေဒ
ဥပဒေဘွဲ့ - ဥပဒေ
ဝိဇ္ဇာဘွဲ့ - မြန်မာစာ၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ နိုင်ငံရေးသိပ္ပံ
သိပ္ပံဘွဲ့ - ရက္ခဗေဒ၊ ဘူမိဗေဒ

**အစမ်းလေ့ကျင့်ရန် ၁၃-၁၂-၂၀၁၈ရက် နံနက် ၈း၃၀နာရီ**

**မှတ်ချက်**-အစမ်းလေ့ကျင့်သည့်ရက်တွင် ခန်းမ၏အရှေ့ဘက်ခြမ်းတွင် ထိုင်ရမည်။

**(ခ) (၁၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၁၅-၁၂-၂၀၁၈ရက် ပထမနေ့၊ မွန်းလွဲပိုင်း၊ အစီအစဉ် မွန်းလွဲ (၂း၀၀)နာရီ**

ပါရဂူဘွဲ့ - အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဓာတုဗေဒ၊ ရူပဗေဒ
မဟာသုတေသနဘွဲ့ - ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ ရူပဗေဒ
မဟာဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ၊ ပထဝီဝင်
မဟာသိပ္ပံဘွဲ့ - ဓာတုဗေဒ၊ ရူပဗေဒ
ဒီပလိုမာဘွဲ့ - အင်္ဂလိပ်စာသင်ကြားရေး၊ DL (ပြင်ဦးလွင်)၊ အသုံးချရူပဗေဒ၊ GIS၊ ESd၊ Dip in English (1/2017), (2/2017)၊ DIL၊
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ - အင်္ဂလိပ်စာ၊ ပထဝီဝင်
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - ဓာတုဗေဒ၊ ရူပဗေဒ
ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ၊ ပထဝီဝင်
သိပ္ပံဘွဲ့ - ဓာတုဗေဒ၊ ရူပဗေဒ

**အစမ်းလေ့ကျင့်ရန် ၁၃-၁၂-၂၀၁၈ရက် နံနက် (၈း၃၀)နာရီ**

**မှတ်ချက်**-အစမ်းလေ့ကျင့်သည့်ရက်တွင် ခန်းမ၏ အနောက်ဘက်ခြမ်းတွင်ထိုင်ရမည်။

**(ဂ) (၁၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၁၆-၁၂-၂၀၁၈ရက် ဒုတိယနေ့၊ နံနက်ပိုင်းအစီအစဉ် နံနက် (၉း၀၀)နာရီ**

ပါရဂူဘွဲ့ - သမိုင်း၊ ဒဿနိကဗေဒ၊ သင်္ချာ
မဟာသုတေသနဘွဲ့ - ဒဿနိကဗေဒ၊ သင်္ချာ
မဟာသိပ္ပံဘွဲ့ - သင်္ချာ
ဒီပလိုမာဘွဲ့ - Dip in English (1/2018)၊ DMHC၊ DBL၊ DML
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ - သမိုင်း၊ ဒဿနိကဗေဒ
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - သင်္ချာ
ဝိဇ္ဇာဘွဲ့ - သမိုင်း၊ ဒဿနိကဗေဒ၊ EPP
သိပ္ပံဘွဲ့ - သင်္ချာ

**အစမ်းလေ့ကျင့်ရန် ၁၃-၁၂-၂၀၁၈ရက် မွန်းလွဲ ၁း၃၀နာရီ**

**မှတ်ချက်**-အစမ်းလေ့ကျင့်သည့်ရက်တွင် ခန်းမ၏ အရှေ့ဘက်ခြမ်းတွင် ထိုင်ရမည်။

**(ဃ) (၁၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၁၆-၁၂-၂၀၁၈ ရက် ဒုတိယနေ့၊ မွန်းလွဲပိုင်း အစီအစဉ် မွန်းလွဲ (၂း၀၀)နာရီ**

ပါရဂူဘွဲ့ - အရှေ့တိုင်းပညာ၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသနပညာ၊ စာကြည့်တိုက်နှင့် သုတပညာ၊ သတ္တဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ
မဟာသုတေသနဘွဲ့ - ရှေးဟောင်းသုတေသနပညာ၊ စာကြည့်တိုက်နှင့် သုတပညာ၊ သတ္တဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ
မဟာဝိဇ္ဇာဘွဲ့ - ရှေးဟောင်းသုတေသနပညာ၊ စာကြည့်တိုက်နှင့် သုတပညာ
မဟာသိပ္ပံဘွဲ့ - သတ္တဗေဒ၊ EMCS
ဒီပလိုမာဘွဲ့ - မနုဿဗေဒ၊ ရှေးဟောင်းသုတေသနပညာ၊ စာကြည့်တိုက်နှင့် သုတပညာကုန်ထုတ်ဓာတုဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ၊ DIPL၊ DOS၊ PGDCA၊ EDCS၊ PGDCS
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ - အရှေ့တိုင်းပညာ၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသနပညာ
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - သတ္တဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ
ဝိဇ္ဇာဘွဲ့ - အရှေ့တိုင်းပညာ၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသနပညာ၊ Journalism၊ Tourism
သိပ္ပံဘွဲ့ - သတ္တဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ

**အစမ်းလေ့ကျင့်ရန် ၁၃-၁၂-၂၀၁၈ရက် မွန်းလွဲ (၁း၃၀)နာရီ**

**မှတ်ချက်**-အစမ်းလေ့ကျင့်သည့်ရက်တွင် ခန်းမ၏အနောက်ဘက်ခြမ်းတွင်ထိုင်ရမည်။

၂။ ရန်ကုန်တက္ကသိုလ်မှ ၂၀၁၈ခုနှစ် စက်တင်ဘာလတွင် ကျင်းပသော စတုတ္ထနှစ် ဝိဇ္ဇာနှင့်သိပ္ပံဘွဲ့၊ ပဉ္စမနှစ်ဥပဒေဘွဲ့၊ ဝိဇ္ဇာ(ဂုဏ်ထူးဘွဲ့)၊ သိပ္ပံ(ဂုဏ်ထူးဘွဲ့) အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအတွက် အထက်ဖော်ပြပါရက်များအတိုင်း ဘွဲ့တက်ရောက်ယူရန် ၂၃-၁၁-၂၀၁၈ ရက်အထိ လက်ခံပေးမည်ဖြစ်ပါ၍ ဘွဲ့လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေး -၁၅၀၀ိ/၊ အဝေးရောက်ဘွဲ့ကြေး -၁၀၀၀ိ/ ပေးသွင်းရမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာလာရောက်တင်သွင်းသူသည် နိုင်ငံသားစိစစ်ရေးကတ်၊ ကျောင်းသားမှတ်ပုံတင်ကတ်ပြားမူရင်းနှင့် မိတ္တူကိုယူဆောင်၍ ကိုယ်တိုင်လာရောက်ရမည်။

၅။ ပါရဂူဘွဲ့လျှောက်ထားမည့်သူများသည် ၂×၁½ လက်မအရွယ် ဓာတ်ပုံ(၃)ပုံ ယူဆောင်လာရမည်။

၆။ ဤတက္ကသိုလ်မှ ယခင်ပထမဘွဲ့တစ်ခု ရရှိပြီးသူများသည် ဘွဲ့လက်မှတ်မိတ္တူ ယူဆောင်လာရမည်။

၇။ ဘွဲ့အသီးသီးကို တက်ရောက်ကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့် ကိုက်ညီသည့် (မြန်မာ့ထမီ၊ အင်္ကျီ)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။

၈။ ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၁၀-၁၂-၂၀၁၈ရက် နံနက် ၈း၃၀နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ထုတ်ပေးမည်ဖြစ်ပါသည်။ ဘွဲ့ဝတ်စုံငှားရမ်းရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးခဲ့ရမည်။

**မှတ်ချက်။** အခြားပညာသင်နှစ်မှ ဘွဲ့စာမေးပွဲအောင်မြင်ကြသူများသည် အဝေးရောက်ဘွဲ့လျှောက်ထားနိုင်ကြပါသည်။

**(ညွန့်ညွန့်ရီ)**
**လက်ထောက်မော်ကွန်းထိန်း**
**ရန်ကုန်တက္ကသိုလ်**

---

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မွန်ပြည်နယ်၊ ကျိုက်မရောမြို့၊ အောင်သုခ ရပ်ကွက်နေ မစန္ဒာဝင်း၊ မော်လမြိုင်တက္ကသိုလ် ဂုဏ်ထူးတန်း(ဒုတိယ)နှစ် ပထဝီဝင်၏ဖခင် ဦးခက်(ခ)ဦးဖိုးခက် ၁၀/ကမရ(နိုင်) ၀၄၈၉၁၁ မှာ တစ်ဦးတည်းဖြစ်ပါသည်။ **ဦးခက်(ခ)ဦးဖိုးခက်**

---

## ဖိတ်ကြားလွှာ

### တွံတေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်ပတ်သက်သော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအတွက် လိုအပ်သောစီမံကိန်းနှင့် သက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း (Stakeholder Meeting) အခမ်းအနား

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်ပတ်သက်သော ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာကို ကိုရီးယားနိုင်ငံ ISAN Corporation နှင့် မြန်မာနိုင်ငံမှ Resource and Environment Myanmar Co.,Ltd (REM) နှင့် တွဲဖက်လုပ်ဆောင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအတွက်လိုအပ်သော စီမံကိန်းနှင့် သက်ဆိုင်သူများအား တွေ့ဆုံဆွေးနွေးခြင်း (Stakeholder Meeting) အခမ်းအနားများကို တွံတေး၊ ဒလ၊ ဆိပ်ကြီးခနောင်တိုမြို့များတွင် အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဆောင်ရွက်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများတက်ရောက်နိုင်ပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အစည်းအဝေး(၁)**
**ရက်စွဲ** - ၂၀၁၈ခုနှစ် စက်တင်ဘာ ၂၀ ရက်(ကြာသပတေးနေ့)
**အချိန်** - မွန်းလွဲ ၁း၀၀နာရီမှ ၃း၀၀နာရီထိ
**နေရာ** - စန္ဒကူးခန်းမ၊ တွံတေးမြို့နယ်

**အစည်းအဝေး(၂)**
**ရက်စွဲ** - ၂၀၁၈ခုနှစ် စက်တင်ဘာ ၂၁ ရက် (သောကြာနေ့)
**အချိန်** - နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီထိ
**နေရာ** - မြို့နယ်ခန်းမ၊ ဒလမြို့နယ်

**အစည်းအဝေး(၃)**
**ရက်စွဲ** - ၂၀၁၈ခုနှစ် စက်တင်ဘာ ၂၁ ရက်(သောကြာနေ့)
**အချိန်** - မွန်းလွဲ ၁၃း၀၀နာရီမှ ၁၅း၀၀နာရီထိ
**နေရာ** - မြို့နယ်အားကစားခန်းမ၊ ဆိပ်ကြီးခနောင်တိုမြို့နယ်

---

**မိခင် အမည်မှန်**

ပေါင်မြို့နယ်၊ အလက(ပန်းကုန်း)မွန်ကျောင်း၊ သတ္တမတန်းမှ မောင်ဇင်မင်းသန့်၏ မိခင်အမည်မှန်မှာ ဒေါ်တင်လှိုင် ၁၀/ပမန(နိုင်)၁၁၇၈၉၆ ဖြစ်ပါသည်။ **ဒေါ်တင်လှိုင်**

---

**အမည်ပြောင်း**

ပေါင်မြို့နယ်၊ အင်းပြောင်ကျေးရွာ (ဘ) ဦးစိန်ထွေး၏သား ဦးစောထွေး ၁၀/ပမန(နိုင်)၀၆၆၃၃၆အား ဦးစံကွေး ဟု ပြောင်းလဲခေါ်ပါရန်။ **ဦးစံကွေး**

---

**မိဘအမည်မှန်**

ကော့ကရိတ်မြို့၊ အထက (ချောင်းတောင်)တက္ကသိုလ်ဝင်တန်း (D)မှ စောကိုကိုလတ်၏ မိဘအမည်မှန်မှာ ဦးအေးမြင့်နိုင်-ဒေါ်မုလွယ် ဖြစ်ပါကြောင်း။ **ဦးအေးမြင့်နိုင်-ဒေါ်မုလွယ်**

---

**ဖခင်အမည်မှန်**

မန်စီမြို့နယ်၊ အထက(မိုင်းခေါင်) တက္ကသိုလ်ဝင်တန်း (B)မှ မောင်လဖိုင်ဇော်အောင်၊ သတ္တမတန်း(C)မှ မောင်လဖိုင်ဇော်ဘောက်နှင့် ဆဋ္ဌမတန်း (B)မှ မလဖိုင်နန်မိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးလဖိုင်နော် ၁/မစန(နိုင်)၀၂၂၆၃၈ ဖြစ်ပါကြောင်း။ **ဦးလဖိုင်နော်**

---

**မိဘအမည်မှန်**

ကော့ကရိတ်မြို့၊ အထက (ချောင်းတောင်) တက္ကသိုလ်ဝင်တန်း (C)မှ နန်းသိန်းသန်းအောင်၏ မိဘအမည်မှန်မှာ ဦးမောင်ညွန့်-ဒေါ်နောကိုင်ဖြစ်ပါကြောင်း။ **ဦးမောင်ညွန့်-ဒေါ်နောကိုင်**

---

**တစ်ဦးတည်းဖြစ်ကြောင်း**

ဗန်းမော်မြို့၊ အလက-၃(ထခွဲ) ကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မဆိုင်းနူးဆန့်၏ဖခင် ဦးလဗျာဘရန်နူး (ခ)ဦးဘရန်နူး ၁/မစန(နိုင်)၀၄၇၅၆၁ သည်တစ်ဦးတည်းဖြစ်ကြောင်း။ **ဦးဘရန်နူး**

---

**မိဘအမည်မှန်**

ကော့ကရိတ်မြို့၊ အထက (ချောင်းတောင်) တက္ကသိုလ်ဝင်တန်း (C)မှ မနှင်းနှင်းဌေး၏ မိဘအမည်မှန်မှာ ဦးစောကျော်ခလွန်-ဒေါ်နန်းစန်းစန်းမိုး ဖြစ်ပါကြောင်း။ **ဦးစောကျော်ခလွန်-ဒေါ်နန်းစန်းစန်းမိုး**

---

**တစ်ဦးတည်းဖြစ်ကြောင်း**

ဗန်းမော်မြို့ အလက-၃(ထခွဲ) ကျောင်း တက္ကသိုလ်ဝင်တန်းမှ မလဗျ မေရီဆိုင်း၏ဖခင် ဦးအားမွိုင်း(ခ) ဦးအိုက်မွန်း ၁/ဗမန(နိုင်)၀၅၆၈၅၆ သည်တစ်ဦးတည်းဖြစ်ကြောင်း။ **ဦးအားမွိုင်း(ခ)ဦးအိုက်မွန်း**

---

**မိခင်အမည်မှန်**

ကော့ကရိတ်မြို့၊ အထက(ခွဲ)၊ အံကောင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မင်းသန့်ဇင်ဦး၏ မိခင်အမည်မှန်မှာ မမြမြစန်း ၃/ကကရ(နိုင်)၁၁၀၁၈၉ ဖြစ်ပါကြောင်း။ **မမြမြစန်း**

---

**မိဘအမည်မှန်**

မန်စီမြို့၊ အထက(မန်စီ) တက္ကသိုလ်ဝင်တန်း (A)မှ မနှင်းကြည်ကြည်ထွေး၏ မိဘအမည်မှန်မှာ ဦးလုအောင် ၁/မစန(နိုင်)၀၀၃၇၂၄နှင့် ဒေါ်စောရှင် ဖြစ်ကြောင်း။ **ဦးလုအောင်နှင့်ဒေါ်စောရှင်**

---

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကော့ကရိတ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (C)မှ မခင်မိုးသက်၏မိခင် မသီတာအေး ၃/ကကရ(နိုင်)၁၃၉၁၂၉နှင့်မခင်လှမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မသီတာအေး(ခ)မခင်လှ**

---

**ဖခင်အမည်မှန်**

ရွှေဘိုမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(G)မှ မောင်သူရမောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်မိုး ၅/ရဘန(နိုင်)၁၅၈၉၈၆ ဖြစ်ပါကြောင်း။ **ဦးအောင်ဇော်မိုး**

---

**မိခင်အမည်မှန်**

ကြာအင်းဆိပ်ကြီးမြို့ အထက ကျောင်း တက္ကသိုလ်ဝင်တန်းမှ မမိုးသဇင်၏ မိခင်အမည်မှန်မှာ ဒေါ်လှလှဝင်း ၃/ကဆက(နိုင်)၀၀၂၅၈၂ ဖြစ်ပါကြောင်း။ **ဒေါ်လှလှဝင်း**

---

**အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ အထကဝွေးချို တက္ကသိုလ်ဝင်တန်း(B)မှ (ဘ)ဦးရွှေသန်း၏သား မောင်သိန်းထိုက်အောင်၏ အမည်မှန်မှာ မောင်သိန်းထက်အောင် ဖြစ်ပါသည်။ **မောင်သိန်းထက်အောင်**

---

**ဖခင်အမည်မှန်**

ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကမော့ကျေးရွာအုပ်စု၊ သံပုရာကုန်းကျေးရွာနေ မရွှေဇင်ထက် ၃/ကဆက(နိုင်) ၀၆၈၇၁၈၏ ဖခင်အမည်မှန်မှာ ဦးသိန်းမြိုင် ဖြစ်ပါကြောင်း။ **ဦးသိန်းမြိုင်**

---

**ဖခင်အမည်မှန်**

မင်းဘူးမြို့၊အထက(၁)၊ တက္ကသိုလ်ဝင်တန်း (E)မှ မောင်အောင်ထွန်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးအယ် ၈/မဘန(နိုင်)၀၂၅၃၁၁ ဖြစ်ပါကြောင်း။ **ဦးအယ်**

---

**ဖခင်အမည်မှန်**

သထုံမြို့နယ်၊ နောင်ဘိုကျေးရွာ အထက(ခွဲ) ကဿဖ တက္ကသိုလ်ဝင်တန်းမှ မနွယ်နီသင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်း ၁၀/သထန(နိုင်)၁၂၃၆၈၄ ဖြစ်ပါကြောင်း။ **ဦးသန်းဝင်း**

---

## မြင်းခြံသာမဏေကျော်စာတော်ပြန်ပွဲ ဝင်ခွင့်တင်သွင်းတော်မူကြရန် တိုက်တွန်းနှိုးဆော်လွှာ

မြင်းခြံမြို့ ပုညမဉ္ဇူရီသာမဏေကျော် စာတော်ပြန်ပွဲအသင်းကြီး၏ အကြိမ်(၂၀)မြောက် စာတော်ပြန်ပွဲကြီး၌ ဝင်ရောက်ဖြေဆိုတော်မူလိုသော မြန်မာပြည်အရပ်ရပ်မှ စာဖြေသာမဏေအရှင်မြတ်တို့အား အချိန်မီ ဝင်ခွင့်လျှောက်လွှာများ (ထုတ်ယူ/တင်သွင်း)တော်မူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဝင်ခွင့်လျှောက်လွှာ ထုတ်ယူ/တင်သွင်းနိုင်သည့် နေ့ရက်များ**

၁၃၈၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော် (၁)ရက်မှ သီတင်းကျွတ်လကွယ်နေ့အထိ
၂၅-၉-၂၀၁၈ရက်မှ ၇-၁၁-၂၀၁၈ရက်အထိ

**စာပြန်/ဖြေဆိုပွဲကျင်းပမည့်နေ့ရက်များ**

၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်(အာဂုံ)
၂၅-၁၁-၂၀၁၈ရက်
တန်ဆောင်မုန်းလပြည့်ကျော်(၄)+(၅)+(၆)ရက်များ(ရေးဖြေ)
(၂၆+၂၇+၂၈-၁၀-၂၀၁၈)

**ဝင်ခွင့်လျှောက်လွှာ ထုတ်ယူ/တင်သွင်းနိုင်သည့် နေရာဌာနများ**

| (၁) ဆရာတော်ဦးပညာဇောတ | (၂) ဆရာတော်ဦးဝိလာသ | (၃) ဆရာတော်ဦးတေဇောဘာသ |
|---|---|---|
| သဒ္ဓမ္မဇောတိကကျောင်း | နဝမအုတ်ကျောင်း | သံတော်ဆင့်ကျောင်း |
| မင်းကျောင်းတိုက် | မဟာနန္ဒိသေနာရာမတိုက် | မဟာဝိသုဒ္ဓါရုံတိုက်သစ် |
| မြင်းခြံမြို့ | မန္တလေးမြို့ | မန္တလေးမြို့ |
| ဖုန်း-၀၉-၅၀၇၆၁၆၀ | ဖုန်း-၀၉-၂၀၃၅၇၇၁ | |

**စာပြန်ပွဲ-စည်းမျဉ်း စည်းကမ်းများနှင့် နေ့ရက်တစ်စုံတစ်ရာ ပြောင်းလဲမှုမရှိပါ**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7M/6832 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

---

**ဖခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာ၊ အထက ရွာသစ်၊ တက္ကသိုလ်ဝင်တန်း (E)မှ နန့်ချိုဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးသန်းထွေး ၁၄/အမန(နိုင်)၀၉၁၈၀၄ ဖြစ်ပါကြောင်း။ **ဦးသန်းထွေး**

---

**မိခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာ၊ အထက ရွာသစ်၊ တက္ကသိုလ်ဝင်တန်း(E)မှ မောင်သက်မျိုးအောင်၏မိခင်အမည်မှန်မှာ ဒေါ်မြင့်မြင့်ကြည် ၁၄/အမန(နိုင်)၀၁၀၈၂၀ ဖြစ်ပါကြောင်း။ **ဒေါ်မြင့်မြင့်ကြည်**

---

**အမည်မှန်**

ဝါးခယ်မမြို့နယ် အထက ကျွန်းကုန်းကျောင်း တက္ကသိုလ်ဝင်တန်း အတွဲ(၂)မှ မအေးမြမြလွင်၏အမည်မှန်မှာ မအေးမြတ်မြတ်လွင် ၁၄/ဝခမ(နိုင်) ၂၈၈၀၉၀ဖြစ်ပါကြောင်း။

---

**ဖခင်အမည်မှန်**

အိမ်မဲမြို့နယ်၊ အထကရွာသစ်၊ တက္ကသိုလ်ဝင်တန်း (E)မှ နော်အယ်ရူဖေါနှင့် နဝမတန်းမှ နော်ရှီးရူဖေါတို့၏ ဖခင်အမည်မှန်မှာ စောကွဲဖေါ ၁၄/အမန(နိုင်)၁၀၀၂၀၉ ဖြစ်ပါကြောင်း။ **စောကွဲဖေါ**

---

**မိဘအမည်မှန်**

အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာ၊ အထက ရွာသစ်၊ တက္ကသိုလ်ဝင်တန်း(E)မှ စရီဝေယံ၏ မိဘအမည်မှန်မှာ ဦးအောင်နိုင်ဆန်း ၁၄/အမန(နိုင်)၀၈၁၈၂၀နှင့်နန့်မူစီး ၁၄/အမန(နိုင်)၁၃၆၁၉၈ ဖြစ်ပါကြောင်း။ **ဦးအောင်နိုင်ဆန်း-နန့်မူစီး**

---

**အမည်ပြောင်း**

ကန်ကြီးထောင့်မြို့နယ်၊ အထက တကုန်းကြီးတွင် နဝမတန်းအောင်မြင်ခဲ့သော(ဘ)ဦးအောင်ကျော်ထွန်း၏သား မောင်အောင်ပြည့်ဖြိုးအား မောင်သိန်းစံဝဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သိန်းစံဝ**

---

**ဖခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာ၊ အထက ရွာသစ်၊တက္ကသိုလ်ဝင်တန်း(C)မှ မနွယ်မာဝင်း၏ဖခင်အမည်မှန်မှာ မောင်ဇော်ဝင်းမိုး ၁၄/အမန(နိုင်)၁၄၈၂၁၁ ဖြစ်ပါကြောင်း။ **မောင်ဇော်ဝင်းမိုး**

---

**မိခင်အမည်မှန်**

အိမ်မဲမြို့နယ်၊ အထကရွာသစ်၊ တက္ကသိုလ်ဝင်တန်း(C)မှ မသင်းထက်သူနှင့် အလက(ခွဲ) တမံကြီး ပထမတန်းမှ မအိန္ဒြာထက်တို့၏မိခင်အမည်မှန်မှာဒေါ်နုနုရင် ၁၄/အမန(နိုင်) ၁၅၁၅၇၇၅ဖြစ်ပါကြောင်း။ **ဒေါ်နုနုရင်**

---

**ဖခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ ရွှေသောင်ယံမြို့၊ ချောင်းသာကျေးရွာအုပ်စု ခြောက်ကောင်ကျေးရွာရှိ မောင်ထက်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးတင်စိုး ၁၄/ရသယ(နိုင်)၀၁၄၆၃၄ ဖြစ်ပါကြောင်း။ **ဦးတင်စိုး**

---

**ဖခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာ၊ အထက ရွာသစ်၊ တက္ကသိုလ်ဝင်တန်း(C)မှ စချစ်ဝေလျှံ၏ဖခင်အမည်မှန်မှာ ဦးသန်းဇော်ကို ၁၄/အမန(နိုင်)၀၉၇၁၄၂ ဖြစ်ပါကြောင်း။ **ဦးသန်းဇော်ကို**

---

**မိခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာ အထက ရွာသစ်၊ တက္ကသိုလ်ဝင်တန်း (C)မှ စပြည့်စုံစိုး၏မိခင်အမည်မှန်မှာ မကျင်ယဉ်စန်း ၁၄/အမန(နိုင်)၀၉၇၃၅၂ ဖြစ်ပါကြောင်း။ **မကျင်ယဉ်စန်း**

---

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ ဝါးကြီးအိုင်(အထက) တက္ကသိုလ်ဝင်တန်းမှ မောင်ဝေယံဖြိုး ၈/မသန (နိုင်) ၁၇၉၀၃၁၏ဖခင်အမည်မှန်မှာ ဦးထွန်းမင်းလတ် ၈/မသန(နိုင်)၁၁၇၇၈၆ ဖြစ်ပါသည်။ **ဦးထွန်းမင်းလတ်**

---

**ဖခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာ၊ အထက ရွာသစ်၊ တက္ကသိုလ်ဝင်တန်း (E)မှ နန့်သင်းသင်းယု၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်စံ ၁၄/အမန(နိုင်)၀၉၅၄၁၂ ဖြစ်ပါကြောင်း။ **ဦးဗိုလ်စံ**

---

**မိခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာ အထက ရွာသစ် တက္ကသိုလ်ဝင်တန်း(E)မှ စနိုင်လင်းထက်၏ မိခင်အမည်မှန်မှာ ဒေါ်အေးနှင်းစန်း ၁၄/အမန(နိုင်)၁၀၁၀၇၂ ဖြစ်ပါကြောင်း။ **ဒေါ်အေးနှင်းစန်း**

---

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ အထကဝွေးချို တက္ကသိုလ်ဝင်တန်း (B)မှ မောင်စည်သူစိုး၏ဖခင် ဦးသက်ဦး၏ အမည်မှန်မှာ ဦးသက်လွင်ဦး ၈/ခမန(နိုင်)၁၄၈၇၀၃ ဖြစ်ပါသည်။ **ဦးသက်လွင်ဦး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ညောင်လေးပင်မြို့နယ်တရားရုံး**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၂**

ဒေါ်မြင့်အေး **နှင့်** ၁။ ဒေါ်နီလာနွယ်(ခ)ဒေါ်နီလာ ၂။ ဦးငြိမ်းမောင် ၃။ ဒေါ်အေးမြ ၄။ ဒေါ်ဘိုမ ၅။ မောင်နိုင်

တရားလို — တရားပြိုင်များ

နေပြည်တော်၊ နေပြည်တော်တိုင်းဂျာနယ် ဒေါ်ဘိုမ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြင့်မြင့်အေးက ငွေကျပ်သိန်း (၂၀)နှင့် နစ်နာကြေးငွေ (၃)သိန်း စုစုပေါင်းငွေကျပ် (၂၃)သိန်းတိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၃ရက် (၁၃၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဩဂုတ် ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောသိန်းကုဋေအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ညောင်လေးပင်မြို့နယ်တရားရုံး**

---

**မိခင်အမည်မှန်**

မြဝတီမြို့နယ်၊ အထက(၁)၊ မြဝတီကျောင်း တက္ကသိုလ်ဝင်တန်းမှ မအိအိမိုး၏ မိခင်အမည်မှန်မှာ ဒေါ်ထွေး ၇/ညလပ(နိုင်)၀၄၇၂၄၆ ဖြစ်ပါကြောင်း။ **ဒေါ်ထွေး**

---

**မိဘအမည်မှန်**

သထုံမြို့၊ အထက (၄) တက္ကသိုလ်ဝင်တန်း(A)မှ မနှင်းမူဟန်၏မိဘအမည်မှန်မှာ ဦးရွှေသန်း ၁၀/သထန(နိုင်)၀၇၃၉၁၈နှင့်ဒေါ်သန်းနု ၁၀/သထန(နိုင်)၀၇၃၀၈၁ ဖြစ်ပါကြောင်း။ **ဦးရွှေသန်း-ဒေါ်သန်းနု**

---

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အထက(ကမာစဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ဝေမိုးကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ခိုင် ၇/သနပ(နိုင်)၀၆၂၃၅၀ ဖြစ်ပါကြောင်း။ **ဦးကျော်ကျော်ခိုင်**

---

**ဖခင်အမည်မှန်**

ကော့သောင်းမြို့၊ ပလုံးတုံးတုံးကျေးရွာ၊ အမှတ်(၁၁)ရပ်ကွက်၊ ပညာရွှေပြည်(ပညာရေးဝန်ဆောင်မှု) ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မအိရွှေစင်ငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးငြိမ်းမောင် ၆/ကသန(နိုင်)၀၈၅၆၈၇ ဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ညောင်ပင်ရပ်ကွက်၊ အကွက်အမှတ် ၂၄၊ ဦးပိုင်အမှတ် ၁၀၈၊ မြေဧရိယာ ၀ဒသမ၀၈၄၈ဧကကို ဒေါ်ကြည်က ပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါဒေါ်ကြည်က တူ၊ တူမများဖြစ်ကြသည့် ဒေါ်ခင်ဝင်း ၁/ဗမန(နိုင်)၀၀၈၉၅၇၊ ဒေါ်ဌေးဌေး ၉/မထလ(နိုင်)၀၅၉၇၀၆၊ ဦးမြကြိုင် ၁/ဗမန(နိုင်)၀၂၆၀၉၂၊ ဒေါ်အေးအေး ၁၂/ကတတ(နိုင်)၀၀၄၉၅၈တို့အား ပိုင်ဆိုင်မှုလွှဲအပ်ပြီးဖြစ်၍ ဒေါ်ခင်ဝင်း၊ ဒေါ်ဌေးဌေး၊ ဦးမြကြိုင်၊ ဒေါ်အေးအေးတို့အမည်ဖြင့် အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန်သစ်ဆောင်ရွက်မည်ဖြစ်သဖြင့် ကန့်ကွက်လိုသူရှိပါက အထောက်အထားအခိုင်အလုံဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။ **ဒေါ်ခင်ဝင်း၊ ဒေါ်ဌေးဌေး၊ ဦးမြကြိုင်၊ ဒေါ်အေးအေး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ဃ/၂၅၁၇၀ Ever Super -125 ယာဉ်လက်ဝယ်ရှိသူ ဦးထန်ခန့်တွောင် ၄/တတန(နိုင်)၀၁၇၇၄၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ဃ/၅၇၉၆၁ (XGJAO-125, ယာဉ်လက်ဝယ်ရှိသူ ဦးငွန်ဇလျှောန် ၅/ကလထ(နိုင်)၀၉၃၉၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SGG/7214 (Yamaha FZ) ယာဉ်လက်ဝယ်ရှိသူ ဦးပေါင်ဇကပ် ၅/ကလထ(နိုင်)၂၈၇၀၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7N/9601 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9G/6641 Toyota Landcruiser PradoS/W (4x4)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဝါ ၈/ဂဂန(နိုင်)၀၅၃၈၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7N/8439 YUTONG Bus (4×2)L ယာဉ်လက်ဝယ်ရှိသူ Shwe Pwint Phyu Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/6338 Skat Dump Truck (4×2)L ယာဉ်လက်ဝယ်ရှိသူ Hoang Ank Gia Lai Myanmar Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ် (၁၄)၊ ဦးပိုင်အမှတ် (၂၂၄/၂၁)၊ မြေဧရိယာ ၀ ဒသမ ၂၀၈ဧကရှိ နေအိမ်မြေကွက်ကို မူလပိုင်ဆိုင်သူ ဦးခင်ရောင်တန်ထံမှ ၂၆-၈-၂၀၀၉ ရက်နှင့် ၁၇-၁၁-၂၀၁၁ရက်စွဲပါနှစ်ဦးသဘောတူစာချုပ်ဖြင့် ဒေါ်ဂျာဆိုင်းအမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၇-၁၁-၂၀၁၇ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၂၃၄/၂၀၁၇)ကို ၈-၁၁-၂၀၁၇ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၃၇၇/၂၀၁၇) အဖြစ်ပြုဆိုတင်ပြလျက် ဒေါ်ဂျာဆိုင်းနှင့် ဦးအင်ခန်းနော်ဂျာတို့နှစ်ဦးအမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေး လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက် မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက် နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### တစ်ဦးတည်းဖြစ်ကြောင်း

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့ အထက(၁) နဝမတန်းမှ မောင်သန်းကျော်ဌေး၏ဖခင် ဦးကျော်ရွှေ ၁၁/ကဖန(နိုင်)၀၅၀၆၆၇ နှင့် ဦးကျော်ရွှေကြီးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်ရွှေ(ခ)ဦးကျော်ရွှေကြီး**

### အမြန်ပြန်လာပါ

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ပုလဲလမ်း၊ နယ်မြေ(၃)၊ အမှတ်(၆၇) နေ ဦးမြိုင်ကြီး (ကွယ်လွန်)-ဒေါ်တင်မြိုင်၏သား ဦးကိုကိုမြိုင် NYHE 136834 သည် မည်သည့်နေရာတွင် ရောက်ရှိနေသည်ကို မသိရှိရဘဲ မိသားစုဝင်များနှင့် အဆက်အသွယ်ပြတ်နေသည်မှာ ကြာမြင့်နေပြီ ဖြစ်သောကြောင့်၊ ရောက်ရာအရပ်မှ မိသားစုများထံ အမြန်ဆုံး ဆက်သွယ်ပေးနိုင်ပါရန် ကြေညာအပ်ပါသည်။

**(မိခင်)ဒေါ်တင်မြိုင်**
**၁၃/တကန(နိုင်)၀၁၆၉၆၅**
**ဖုန်း-၀၉-၃၆၂၇၁၃၆၃**

### အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ မြစ်ကြီးနားမြို့၊ ဇရာရပ်ကွက်၊ ဆက်သွယ်ရေးဝင်းနေ ဦးမျိုးဝေ ၁/မကန(နိုင်)၀၃၂၀၁၉သည်ဇနီး ဒေါ်သီဂီစိုး ၁/မကန(နိုင်)၀၃၂၀၁၈ နှင့် ၈-၆-၂၀၁၅ရက်တွင် ကချင်ပြည်နယ်တရားလွှတ်တော်၊ တရားသူကြီးရှေ့မှောက်၌ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ယခုအချိန်၌ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးဝေသည် လူလွတ်တစ်ဦးဖြစ်သည့်အားလျော်စွာ ၎င်း၏ပြုမူဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ယနေ့ ဤကြော်ငြာပါသည့်ရက်မှစတင်ကာ မည်သူတစ်ဦးတစ်ယောက်မျှ ဟန့်တားခြင်း၊ တားဆီးခြင်း ဂုဏ်သိက္ခာအသရေပျက်ယွင်းစေသည့်စကားလုံး၊ စကားရပ်များပြောဆိုခြင်း၊ နစ်နာစေရန်ကြံရွယ်၍ ပြုမူဆောင်ရွက်ခြင်းများ မပြုလုပ်မိကြစေရန်နှင့် ထိုသို့ ပြုမိသည့်မည်သူကို မဆိုတည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စိုးမိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၈၅)**
**အမှတ်(၃၉၆)၊ ရွှေညောင်ပင်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊**
**ဖုန်း-၀၉-၄၃၁၆၄၄၈၃**

### ပျောက်ဆုံးခြင်း

United Glorious Service Co.,Ltd. Building No(L), Room(4), Shwe Padauk Yeik Mon, Bayint Naung Street, Kamayut Township Yangon Region, Myanmar. PRIME MOVERLIST (10) စီးလိုင်စင် ILV 16-17 3692 စာအမှတ် 12446 ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၄၃၀၈၂၉၈၂**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ထားဝယ်မြို့၊ ဇလွန်းရွာ ဘူတာဝင်းနေ ဦးသန်းရွှေ-ဒေါ်လှမေတို့၏ သမီး မထက်ထက်သန်းမေ ၆/ထဝန(နိုင်)၁၃၇၂၆၈ သည်မိဘနှစ်ပါးအား စိတ်ဆင်းရဲ၊ စိတ်ထိခိုက်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘ**
**ဦးသန်းရွှေ-ဒေါ်လှမေ**

## အများသိစေရန်သတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏ အမှုသည်ဖြစ်သူ ဦးအောင်မြင့်မြတ် ၉/ခအဇ(နိုင်)၀၀၄၉၈၆ (ဘ)ဦးထွန်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာလိုက်ပါသည်။

A&A A.A

ကျွန်ုပ်တို့၏အမှုသည် ဦးအောင်မြင့်မြတ်သည် ဖော်ပြပါ A&A, A.A တံဆိပ်အမည်အမှတ်အသားကို မိမိ၏ကိုယ်ပိုင်စိတ်ကူးဉာဏ်ဖြင့် တီထွင်ကြံဆ၍ မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်နံပါတ် ၂၄၉၃/၂၀၁၄ ဖြင့် မိမိတစ်ဦးတည်း၏ မူပိုင်အဖြစ် တရားဝင်မှတ်ပုံတင်သွင်းကြေညာခဲ့ပြီး မီးခလုတ်၊ မီးခေါင်း၊ ထမင်းပေါင်းအိုး၊ ပေါင်းအိုးဝါယာ၊ မီးပူဝါယာ၊ Electric Pan, Electric Pan Wire အစရှိသည့် လျှပ်စစ်ပစ္စည်းမျိုးစုံနှင့် ဝိုင်ယာကြိုးအမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိရာ ပြည်သူအများက တစ်ခဲနက်ဝယ်ယူအားပေး အသုံးပြုလျက်ရှိပြီး ယင်းတံဆိပ်အမည်အမှတ်အသားမှာ အမည်ကောင်းဖြင့် ကျော်ကြားလျက်ရှိနေပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့၏ အမှုသည် ဦးအောင်မြင့်မြတ်၏ တစ်ဦးတည်းမူပိုင်ဖြစ်သည့် ဖော်ပြပါ တံဆိပ်အမည်အမှတ်အသား၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်(သို့မဟုတ်)သွယ်ဝိုက်၍ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်အောင် တုပထုတ်လုပ်လက်ဝယ်ထားဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ကြရန် သတိပေးတားမြစ်လိုက်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်လေးနက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်ဝင်း (ရူပဗေဒ) စဉ်-၁၀၆၂၄**
**B.Sc (Phys:), H.G.P, D.B.L, P.G.D.L**

**ဒေါ်ခင်ရူပါကျော် (စဉ်-၉၇၃၀)**
**LL.M, D.B.L**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၆)၊ ၂၃လမ်း၊ ၈၃×၈၄လမ်းကြား၊ ပြည်ကြီးကျက်သရေအနောက်ရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၀၁၀၂၄၁**

# အများသိစေရန်အသိပေးကြေညာခြင်း

International Language & Business Centre Company Limited (ILBC)၎င်း၏ တရားဝင်ရုံးခန်းလိပ်စာအမှတ်(၅၈-ဘီ)၊ အင်းလျားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

International Language & Business Centre Company Limited (ILBC)သည် မြန်မာနိုင်ငံကုမ္ပဏီဥပဒေအရ တည်ထောင်ထားပြီး၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ(၂၅)၊ ပုဒ်မခွဲ(ဂ)အရ ခွင့်ပြုမိန့်ရရှိကာ မြန်မာနိုင်ငံအတွင်း နိုင်ငံတကာသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသော ပုဂ္ဂလိကကျောင်းများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားသော ပုဂ္ဂလိကကျောင်းများဖွင့်လှစ်၍ နိုင်ငံတော်၏ ပညာရည်မြင့်မားရေးလုပ်ငန်းစဉ်များနှင့် အမျိုးသားပညာရေးဥပဒေပါ အမျိုးသားပညာရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင်လည်း ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် International Language & Business Centre Company Limited (ILBC) သည်အောက်တွင်ဖော်ပြထားသော တံဆိပ်၊ အမှတ်အသားများကို ကုမ္ပဏီ၏ တံဆိပ်အမှတ်အသားများအဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်မှတ်ပုံတင်သွင်းထားရှိပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားသည် International Language & Business Centre Company Limited (ILBC) ၏ ကုမ္ပဏီတံဆိပ်အမှတ်အသား တစ်ဦးတည်းမူပိုင်ဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကမျှ ယင်းတံဆိပ်အမှတ်အသားကိုမှီငြမ်း၍ အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သွယ်ဝိုက်၍တုပပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ပုံတူကူးယူခြင်းစသည်တို့မပြုလုပ်ရန် အသိပေးအပ်ပါသည်။

ယခုအခါတွင် ILBC, YIS ကျောင်း၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ပြီး အဖြစ်မှန်မဟုတ်သည်များကို ပြုလုပ်ပြောဆိုမှုများ၊ ခွင့်ပြုချက်မရှိဘဲ ကုမ္ပဏီ၏တံဆိပ်အမှတ်အသားနှင့်အမည်များ ရုပ်ပုံများကို အသုံးပြုမှုများပြုလုပ်နေကြောင်း တွေ့မြင်သိရှိနေရပါသည်။

ထို့ကြောင့် ကုမ္ပဏီမှ တရားဝင်မှတ်ပုံတင်သွင်းထားပြီး အသုံးပြုလျက်ရှိသော စာလုံးများ၊ စာတမ်းများ၊ တံဆိပ်အမှတ်အသားများနှင့် ကျောင်း၏ပုံရိပ်များကို အသုံးပြု၍ ကုမ္ပဏီ၏ ဂုဏ်သိက္ခာကျစေရန်အသုံးပြုခြင်း၊ မမှန်သတင်းထုတ်လွှင့်ခြင်း၊ ဖြန့်ချိခြင်း၊ ကုမ္ပဏီ၏ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော အမျိုးသားပညာရေးဥပဒေပါ အမျိုးသားပညာရေးရည်ရွယ်ချက်များအကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တစ်ရပ်ရပ်ကိုလည်းကောင်း အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်း၊ နှောင့်ယှက်ဟန့်တားခြင်းများအပါအဝင် ကုမ္ပဏီ၏အကျိုးစီးပွားအရပ်ရပ်ကို ထိခိုက်နစ်နာစေရန် ပြုမူဆောင်ရွက်ခြင်းများ မပြုလုပ်ကြရန် သတိပေးအပ်ပါသည်။

အကယ်၍ လိုက်နာမှုမရှိဘဲ ပြုမူလုပ်ဆောင်မှုများရှိလာပါက International Language & Business Centre Company Limited (ILBC) အနေဖြင့် မိမိ၏ ဥပဒေပါအခွင့်အရေးများအရ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးဝင်း(ထုံးဘို) LL.B,C.B.L,D.B.L တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၁၅၂၉၊ ညောင်တပင်လမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၈၀၀၇၆၁၅**
**Email:lawyer.myowin@gmail.com**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/3033 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/8416 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ် ၉၅/B ဟုခေါ်တွင်သော အဆောက်အအုံရှိ ကွန်ဒိုတိုက်ခန်းများသည် ဦးဝင်းထိန် ၁၂/ကတတ(နိုင်)၀၀၈၆၀၃အမည်ပေါက် ပိုင်ဆိုင်သော တိုက်ခန်းများဖြစ်ပါသည်။ ၎င်းပိုင်ဆိုင်သော တိုက်ခန်းများအနက် အခန်းအမှတ် 5/C၊ ဧရိယာ ၁၆၁၀စတုရန်းပေရှိ လူနေတိုက်ခန်း (ကွန်ဒို)နှင့်စွဲကပ်လျက်ရှိသော အကျိုးခံစားခွင့်များကို ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ ပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ရီ တရားလွှတ်တော်ရှေ့နေ(စဉ်-၃၀၃၆)**
**အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၀၅၀၃၂၃၈၊ ၀၁-၂၂၃၉၅၆**

**မြန်မာ့အလင်းသတင်းစာ (၂၉-၈-၂၀၁၈)ရက် ဖော်ပြပါ အများသိစေရန်ကြေညာချက်၏ မြင်းခြံမြို့၊ အမှတ်(၈)ရပ်ကွက်၊ တိုက် ၁၂၈ နေ ကွယ်လွန်သူ ဦးတင်အောင်(ဇနီး)ဒေါ်စန်းစန်းတို့၏ ကိတ္တိမသားသမီးများအမွေဆက်ခံရေးနှင့်ပတ်သက်၍**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့၊ အမှတ်(၈)ရပ်ကွက်၊ အိမ်အမှတ် ၁၂၅နေ ၁၂/ကမရ(နိုင်)၀၁၀၈၅၄ ကိုင်ဆောင်သူ ဦးထက်ကိုကို၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

၂၉-၈-၂၀၁၈ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် မြင်းခြံမြို့၊ အမှတ်(၈)ရပ်ကွက်၊ တိုက်အမှတ် ၁၂၈နေ တီအက်(စ်)စတိုးပိုင်ရှင် ဦးတင်အောင် ၉/မခန(နိုင်)၁၂၇၇၆၄နှင့်ဇနီး ဒေါ်စန်းစန်း(MGN-၁၀၂၈၄၀)တို့တွင် သားအရင်း သမီးအရင်းမရှိကြောင်းနှင့်အမွေဆက်ခံခွင့်အတွက် ဒေါ်တင်တင်ဦး(ခ) Rosemary Bo၊ ဒေါ်တင်တင်လတ်(ခ)Nancy Bo၊ ဒေါ်စိမ်းယုမွန် (ခ)Barbara Bo၊ မောင်သန့်စင်နှင့်မတင်နွယ်ဦးတို့သည် အရွယ်မီသူများဖြစ်ကြ၍ အုပ်ထိန်းသူ (ဖခင်)ဦးကျော်ဇင်မြင့် (DL-၀၁၃၃၅၆)နှင့်(မိခင်)ဒေါ်သန်းသန်းအေး (MGN-၁၇၇၁၇၉)တို့အား မြင်းခြံမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၇-၁၁-၁၉၈၈ရက်စွဲပါမှတ်ပုံတင်စာချုပ်အမှတ် ၆/၈၈ဖြင့် ကိတ္တိမသားသမီးများအဖြစ် မွေးစားခဲ့ကြောင်း အမွေရှင်များဖြစ်ကြသော ဒေါ်စန်းစန်းသည် ၁၁-၅-၂၀၁၄ ရက်တွင်ကွယ်လွန်ခဲ့ကြောင်း၊ ဦးတင်အောင်သည် ၈-၁-၂၀၁၈ ရက်တွင် ကွယ်လွန်ခဲ့ကြောင်း၊ ထို့ကြောင့် ဦးတင်အောင်ကွယ်လွန်သည့် ၈-၁-၂၀၁၈ ရက်မှစတင်ကာ အထက်ဖော်ပြပါ ကိတ္တိမသားသမီးငါးဦးတို့သည်အမွေဆက်ခံခွင့်ရရှိကြောင်း၊ ကွယ်လွန်သူ အမွေရှင်များ၏ပိုင်ဆိုင်မှုအရပ်ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

မြင်းခြံမြို့ အမှတ်(၈)ရပ်ကွက်အတွင်းရှိ အကွက်အမှတ် ၁၇၊ ကွေ့ကြီးအရှေ့-
(၁) ဦးပိုင်အမှတ် ၁၂၈၊ ဧရိယာ ၀ဒသမ၀၄၆၈ဧက ဘိုးဘပိုင်(မြို့မြေ) မြေနှင့် မြေပေါ်ရှိစွဲကပ်ထားသည့် မရွှေ့ပြောင်းနိုင်သည့် အမွေဆိုင်ပစ္စည်းအရပ်ရပ်။
(၂) ဦးပိုင်အမှတ် ၁၃၁၊ ဧရိယာ ၀ဒသမ၀၄၇၈ဧကဘိုးဘပိုင်(မြို့မြေ)မြေနှင့် မြေပေါ်ရှိစွဲကပ်ထားသည့် မရွှေ့ပြောင်းနိုင်သည့် အမွေဆိုင်ပစ္စည်းအရပ်ရပ်။
(၃) ဦးပိုင်အမှတ် ၁၃၃၊ ဧရိယာ ၀ဒသမ၀၅၁၈ဧကဘိုးဘပိုင်(မြို့မြေ)မြေနှင့် မြေပေါ်ရှိစွဲကပ်ထားသည့် မရွှေ့ပြောင်းနိုင်သည့် အမွေဆိုင်ပစ္စည်းအရပ်ရပ်။
(၄) နွားထိုးကြီးမြို့၊ ကွင်းအမှတ် ၅၆၉(က)၊ ကွင်းမြေကွက်အမှတ် ၂၈၊ ဧရိယာ ၅ဒသမ၅၄ ဧကမြေနှင့် မြေပေါ်ရှိစွဲကပ်ထားသည့်မရွှေ့ပြောင်းနိုင်သည့်အမွေဆိုင်ပစ္စည်းအရပ်ရပ်။

ဖော်ပြပါအမွေပုံပစ္စည်းများသည် ၂၉-၈-၂၀၁၈ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည့် ကိတ္တိမသားသမီးငါးဦး အမွေခွဲဝေရခြင်းမရှိကြောင်း၊ အမွေဆိုင်များအားလုံး၏ ခွင့်ပြုချက်မရရှိဘဲ အမွေပစ္စည်းများ အားလုံးကို ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ ငှားရမ်းခြင်း မပြုလုပ်ရန် အများသိစေရန်ကြေညာချက်အား ထည့်သွင်းဖော်ပြခဲ့ သည့်အတွက် အောက်ပါအတိုင်း လိုအပ်ချက်များကို ဖြည့်စွက်၍ အများသိစေရန်ထပ်မံကြေညာပါသည်။

(က) မန္တလေးတိုင်းဒေသကြီး၊မြင်းခြံခရိုင်၊ မြင်းခြံမြို့၊ အမှတ် (၈)ရပ်ကွက်၊ အိမ်အမှတ် ၁၂၅နေ ဦးထက်ကိုကို ၁၂/ကမရ(နိုင်)၀၁၀၈၅၄သည် မြင်းခြံမြို့၊ အမှတ်(၈)ရပ်ကွက်၊ တိုက်အမှတ် ၁၂၈နေ တီအက်(စ်)စတိုးပိုင်ရှင်ဦးတင်အောင် ၉/မခန(နိုင်)၁၂၇၇၆၄နှင့်ဇနီး ဒေါ်စန်းစန်း ၉/မခန(နိုင်)၀၂၇၇၆၃တို့၏ ကိတ္တိမသားတစ်ဦးဖြစ်ပြီး ၂၀၀၄ခုနှစ်မှစတင်ကာ ကွယ်လွန်သူ အမွေရှင်စတိုးပိုင်ရှင် ဦးတင်အောင်နှင့်ဇနီးဒေါ်စန်းစန်းတို့နှင့်အတူ နေထိုင်ခဲ့သူဖြစ်ပါသည်။

(ခ) ကွယ်လွန်သူအမွေရှင်မိဘနှစ်ပါးသည် သားအရင်းသမီးအရင်းမရှိသည့်အတွက် မိရင်းဖရင်းများကဲ့သို့ ပြုစုစောင့်ရှောက်ကာမိခင်ဖြစ်သူ ဒေါ်စန်းစန်း ကွယ်လွန်ချိန်အထိ သားအရင်းမှ မိဘအရင်းအား ပြုစုစောင့်ရှောက်သကဲ့သို့ ဝတ်ကြီးဝတ်ငယ် ဆောင်ရွက်ခဲ့သည့်အတွက် ဖခင်ဖြစ်သူဦးတင်အောင်မှ ဦးထက်ကိုကိုအား ကိတ္တိမသားအဖြစ်မွေးစားလိုကြောင်း ပြောဆိုခဲ့သည့်အတွက် မိခင်ဖြစ်သူ ကွယ်လွန်ပြီးနောက် ဖခင်ဖြစ်သူ ဦးတင်အောင်မှ ဦးထက်ကိုကိုအား မြင်းခြံမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ခရစ်သက္ကရာဇ် ၁၉-၄-၂၀၀၅၊ မြန်မာသက္ကရာဇ် ၁၃၆၆ခုနှစ် တန်ခူးလဆန်း ၁၁ ရက်တွင် မှတ်ပုံတင်စာချုပ်အမှတ် ၁၀၅/၂၀၀၅ဖြင့် ကိတ္တိမသားအဖြစ် မွေးစားခဲ့ခြင်းဖြစ်ပါသည်။

(ဂ) မိဘများဖြစ်ကြသော ဒေါ်စန်းစန်းသည် ၁၁-၅-၂၀၀၄ တွင် ကွယ်လွန်ခဲ့ပြီး ဦးတင်အောင်သည် ၈-၁-၂၀၀၈ရက်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်၍ ၂၀၁၈ခုနှစ် ကွယ်လွန်ကြောင်းဖော်ပြချက်မှာ မှားယွင်းလျက်ရှိနေပြီး ဦးထက်ကိုကိုသည်ယနေ့အချိန်ထိ (ဦးတင်အောင်-ဒေါ်စန်းစန်း)၏ ကိတ္တိမသားတစ်ဦးအဖြစ် တရားဝင်ရှိနေပါသော်လည်းအမွေဆက်ခံခွင့်ရှိသူမှာ ၂၉-၈-၂၀၁၈ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်မှာ ဒေါ်တင်တင်ဦး(ခ) Rosemary Bo၊ ဒေါ်တင်တင်လတ်(ခ)Nancy Bo၊ ဒေါ်စိမ်းယုမွန်(ခ)Barbara Bo၊ မောင်သန့်စင်နှင့်မတင်နွယ်ဦးတို့သည် အရွယ်မီသူများဖြစ်ကြ၍ အုပ်ထိန်းသူ (ဖခင်)ဦးကျော်ဇင်မြင့် (DL-၀၁၃၃၅၆)နှင့်(မိခင်)ဒေါ်သန်းသန်းအေး (MGN-၁၇၇၁၇၉)တို့ဖြစ်ပြီး ဦးထက်ကိုကို၏အမည်ကို ဖော်ပြခဲ့ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ကွယ်လွန်သူ မိဘများ၏ တရားဝင်ကိတ္တိမသားဖြစ်သော ဦးထက်ကိုကို မသိရှိဘဲ ဖော်ပြပါ အမွေဆိုင်ပစ္စည်းများအား လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ ငှားရမ်းခြင်းမပြုလုပ်ရန် ခင်မင်ရင်းနှီးသောစိတ်ထားဖြင့် အများသိစေရန်လေးစားစွာကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထက်ကိုကို**
**၁၂/ကမရ(နိုင်)၀၁၀၈၅၄**

**ဦးမိုးဟိန်း LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၈၁)**
**အမှတ် ၁၄၊ နွယ်နီလမ်း၊ (၆)ရပ်ကွက်၊**
**(တပ်မြေ)၊ ပုဇွန်တောင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၁၈၆၈၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/4061Toyota Townace P/U (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးမိုးကျော်သူ ၅/ကလတ(နိုင်)၀၈၉၀၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4H/9470 Daihatsu Hijet P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင် ၁/မကတ(နိုင်)၀၀၃၁၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ပိုက်ကြီးဝဲရှိ ဒေါ်မြရင်စလစ်အမည်ပေါက် ၄ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်မြရင် ၁၂/လကန(နိုင်)၀၁၀၅၆၇ထံမှ ကျွန်ုပ်မိတ်ဆွေသည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံတိုကျခိုင်လုံသော တရားဝင် စာရွက်စာတမ်းများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးမင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၇၃၄)၊ ဗိုလ်တေဇလမ်း၊ (၁၀)မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၉၃၄၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ (၃)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၅၀၃)ဟုခေါ်တွင်သော အလျားပေ ၆၀×အနံပေ ၄၀ရှိ ဒေါ်မြတ်မြတ်စိုး ဂရန်အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်မြတ်မြတ်စိုး ၁၂/တမန(နိုင်)၀၀၆၃၁၄ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံ တိုကျခိုင်လုံသောတရားဝင်စာရွက်စာတမ်းများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးမင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၇၃၄)၊ ဗိုလ်တေဇလမ်း၊ (၁၀)မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၉၃၄၇၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၀၊ မြေကွက်အမှတ် (၁၀၆၈)၊ (၂၀'×၆၀') အကျယ်ရှိ ခေါင်းရင်းခြမ်း၊ ဒေါ်အုံးမြအမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်အုံးမြထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူနှင့် ရောင်းချပိုင်ခွင့်ရှိသူဟု မြွက်ဟကြေညာသူ ဦးခင်မောင်ထွန်း ၁၂/ဗတထ(နိုင်)၀၀၈၉၆၈ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအုန်းမြင့်** | **ဒေါ်မီမီခိုင်** |
| **(B.A,H.G.P,R.L)** | **LL.B,D.B.L,WIPO(switzerland)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၂၆၂၃/၈၄)** | **(စဉ်-၄၆၃၀၃/၁၅)** |

**တိုက်-A3၊ အခန်း-201၊ စည်ပင်အိမ်ရာဝင်း၊ နှင်းဆီလမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၁၅)ရပ်ကွက် ဝန်ထမ်းကြီး၊ မြေတိုင်းရပ်ကွက်အမှတ် ရွှေလင်ပန်း (၂၈)၊ မြေကွက်အမှတ် (၂၂၀)၊ မြေအကျယ် (၆၅×၆၀)ပေ မြေကွက်လွတ်ကို အမည်ပေါက် လက်ရှိထားပိုင်ဆိုင်သူ ဦးဉာဏ်ဝင်း ၅/ငဇန(နိုင်)၀၀၇၉၆၇ က ဦးဇော်လင်း ၉/ပဘန(နိုင်)၁၆၇၅၈၈အား အပြီးအပိုင်ရောင်းချပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက အထောက်အထားပြည့်စုံစွာဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးအောင်သိန်း** | **ဒေါ်ခင်ဖုန်း** | **ဒေါ်ညိုမာထွေး** |
| **(စဉ်-၂၂၀၁၉)** | **(စဉ်-၄၄၉၃၅)** | **(စဉ်-၁၄၆၇၂)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**တိုက် (၂)၊ အခန်း (၁၀၁)၊ ဗိုလ်အောင်ကျော်အိမ်ရာ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၉-၅၁၈၆၇၉၈၊ ၀၉-၉၇၁၈၉၀၃၇၂**

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ခေမာသီရိလမ်း၊ အမှတ် (၄၈၂)ဟုခေါ်တွင်သည့် နှစ်ခန်းတွဲ ခြောက်ထပ်တိုက် အဆောက်အအုံ၏ သုံးလွှာ၊ တိုက်ရှေ့မျက်နှာမူလျှင် (ဝဲ-ဘက်)၊ အကျယ်အဝန်း (၁၅ပေ×ပေ၅၀)ရှိ တိုက်ခန်းအား ကန့်ကွက်နိုင်ကြောင်း**

## အသိပေးကြေညာခြင်း

အထက်လိပ်စာဖြစ်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မြမြစိမ်း ၇/တငန(နိုင်)၁၂၄၄၀၈ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းပွင့်သန်း (LL.B)(စဉ်-၂၇၀၇၅)၊ ဒေါ်ဖြိုးဖြိုးအောင် (LL.B) (စဉ်-၄၈၄၃၁)**
**လင်း အကျိုးဆောင် အထက်တန်းရှေ့နေများ**
**အမှတ် (၅/၁၁)၊ ဘီ၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၇၉၀၁၈၉၈၆၀၊ ၀၉-၉၇၄၀၀၂၄၅၂**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**တွံတေးမြို့နယ်၊ ဘုရားကြီးစံပြကျေးရွာ၊ မင်္ဂလာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ(မင်္ဂလာတိုက်ကျောင်း)**
**ဦးစီးပဓာန နာယကဆရာတော်**

## ဘဒ္ဒန္တစန္ဒိမာ

**သက်တော်(၇၃)နှစ်၊ သိက္ခာတော်(၅၂)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဘုရားကြီးစံပြကျေးရွာ၊ မင်္ဂလာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ (မင်္ဂလာ တိုက်ကျောင်း) ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒိမာ ဆရာတော်မထေရ်မြတ်သည် (၁၃၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၁၀ရက်) ၂၁-၈-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၈၀ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၆ရက်) ၃၀-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပန သာခုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ **စျာပနကျင်းပရေးကော်မတီ**

# အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးထွန်းရွှေ

## အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း)

## ဆောက်လုပ်ရေး

## အသက်(၈၇)နှစ်

ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ငြိမ်း)၊ ဒုဝန်ကြီး/ ရဲချုပ်(ငြိမ်း)-ဒေါ်ခင်မေလတ် တို့၏ဖခင် ဦးထွန်းရွှေသည် ၉-၉-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ**
**Famous Group of Companies Ltd**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/7011 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ် ၁၂၀၄၊ မြေကွက်တည်နေရာအမှတ် ၁၂၀၄၊ ကန်သာယာ(၁)လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက် ပိုင်းမြို့နယ်၊ (ဦးဝင်းနိုင် J/RGN-၀၂၃၉၀၁) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဂရန်အမည် ပေါက် ဦးဝင်းနိုင် (ကွယ်လွန်)သဖြင့် ဇနီးဖြစ်သူဒေါ်တင်နွဲ့ ၁၂/တမန(နိုင်)၀၃၃၅၆၂ထံမှ GPအမှတ် ၁၀၇၆၁/၂၄-၁၁-၂၀၁၇ဖြင့် ကိုယ်စားလှယ်ရရှိသူ ဦးရဲမင်းစိုး ၁၂/တမန(နိုင်)၁၀၀၃၈၃မှ ပါဝါမူရင်း၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာ၊ ဒေါ်တင်နွဲ့မှ ဦးဝင်းနိုင်၏ တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ၂၀-၂-၂၀၁၈ရက် မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးတွင် ကျိန်ဆိုထားသော ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ဦးဝင်းနိုင်၏သေစာရင်း၊ သန်းခေါင်စာရင်း၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးရာမြေပြင်တွင် တစ်ထပ်ပျဉ်ကာသွပ်မိုးတစ်လုံးရှိပြီး အိမ်ငှား ဒေါ်ခင်စန်း မိသားစုနေထိုင်ပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ နောင်ဖြစ်ပေါ်လာသော ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝင်စာအမှတ် ၆၀၆၈/၁၃-၆-၁၈ ဖြင့် GP ဦးရဲမင်းစိုး ၁၂/တမန(နိုင်) ၁၀၀၃၈၃မှ ဝန်ခံတင်ပြလာပါသဖြင့် ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်သန်းဝင်း (မိုးကုတ်)**
**လ/ထစက်ရုံမှူး(ငြိမ်း)၊ သမိုင်းချည်မျှင်နှင့်အထည်စက်ရုံ**
**B.E Textile (1970)**
**အသက်(၇၂)နှစ်**

ဒေါ်ခင်သန်းဝင်း (B.E Textile)သည် ၃-၉-၂၀၁၈ ရက် (တနင်္လာနေ့) နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။
**ချည်မျှင်နှင့်အထည်အင်ဂျင်နီယာမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်ဦး**
**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**အသက်(၅၂)နှစ်**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနမှ ဦးမြင့်ဦး (ဒုတိယညွှန်ကြားရေးမှူးချုပ်)သည် ၁၀-၉-၂၀၁၈ ရက် ည ၈း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
**ဥက္ကဋ္ဌနှင့်ဝန်ထမ်းများ**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်ဦး**
**ဒုတိယညွှန်ကြားရေးမှူးချုပ်၊**
**လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ် (မိုးကောင်းဝင်းအရာရှိရိပ်သာ)နေ ဒေါ်သီတာခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မခင်ပန်းချီမြင့်၊ မောင်အောင်မြင့်မြတ်တို့၏ ဖခင် ဦးမြင့်ဦးသည် ၁၀-၉-၂၀၁၈ရက် ည ၈း၂၀နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
**ဌာနမှူးနှင့် ဝန်ထမ်းများ**
**ဓာတ်အားစနစ်ကာကွယ်ရေးနှင့် လျှပ်စစ်စမ်းသပ်ရေးဌာန၊ ရန်ကုန်**

**ဖခင် အမည်မှန်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အထက(၂) ဆဋ္ဌမတန်း(E)မှ မသဒ္ဒါထွန်း၏ ဖခင်အမည်မှန်မှာ ဦးဇော် ၅/ပလန(နိုင်)၀၆၇၂၂၄ ဖြစ်ပါကြောင်း။ **ဦးဇော်**

## ဝမ်းနည်းကြေကွဲခြင်း

# ဦးအောင်ငြိမ်း

### အသက်(၈၆)နှစ်

ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း (ရန်ကုန်တိုင်းဒေသကြီး)၏ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအေးကို (ရေမျက်ကြီး/ရွှေသီရိထွန်းအုပ်စု)၏ ဖခင် မန္တလေးမြို့၊ ဖောင်တော်ရပ်၊ စိန်ပန်း၊ အကွက်(၃၄၅)နေ ဦးအောင်ငြိမ်း အသက်(၈၆) နှစ်သည် ၁၁-၉-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့နှင့်အသင်းဝင်များ**
**ပြည်တွင်ရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း**
**(ရန်ကုန်တိုင်းဒေသကြီး)**

## အထူးကျေးဇူးတင်ရှိခြင်း

၅-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော ဆရာမကြီး ဒေါ်မေသန်း(အထက်တန်းကျောင်းအုပ်-ငြိမ်း)၏ နာရေးပြီးဆုံးချိန်ထိ စေတနာ မေတ္တာအပြည့်ဖြင့် အားပေးစောင့်ရှောက် ကူညီခဲ့ကြပါသော တပ်မတော်ဆေး တက္ကသိုလ်မှ ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်၊ အရာရှိကြီးများ၊ ဆရာ ဆရာမ များနှင့်အရာရှိ အရာခံ အကြပ် စစ်သည်များ၊ VTCL မှ အရာထမ်း အမှုထမ်း များ၊ ပခုက္ကူတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဆရာဆရာမများ၊ မင်္ဂလာဒုံ အထက(၁)၊ အလက(၅)၊ အထက(၄)၊ အလက(၄)မှ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူဟောင်းများ၊ တိပိဋကမဟာဂန္ထဝင်နိကာယ ကျောင်း အကျိုးတော်ဆောင်အဖွဲ့၊ ရေစကြိုမှ ရပ်နီးရပ်ဝေး နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာဒုံ ဝါယာလက်မှ မိတ်ဆွေသင်္ဂဟများ၊ မြတ်စန္ဒာ အထူးကုဆေးခန်းမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမ ဝန်ထမ်းများ၊ လူကိုယ်တိုင်မလာ ရောက်နိုင်သော်လည်း Phone, Messenger တို့မှတစ်ဆင့် ဆက်သွယ်မေးမြန်း အားပေးကြသော မိတ်ဆွေများ၊ အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုး လှူဒါန်းပေးခဲ့ကြ သူများအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နုနု

### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နှယ်နီ ၁၄ လမ်း၊ အမှတ် ၇၈၅နေ(ဦးသိန်းထွန်း-ဒေါ်မြညွန့်)တို့၏သမီး၊ (ဦးချင်း-ဒေါ်သောင်းသောင်း)တို့၏သမီးချွေးမ၊ ဦးကျော်ဝင်း၏ချစ်လှစွာသောဇနီး၊ ဦးသန်းထွန်းဝင်း-ဒေါ်ရူပါ၊ ဦးမြင့်ထွန်းဝင်း-ဒေါ်မျိုးမျိုး၊ ဒေါ်ဖြူနုဝင်း (ပင်စင်ဦးစီးဌာန၊ နေပြည်တော်)တို့၏မိခင်၊ မောင်ဉာဏ်လင်းထက်၏ အဘွားသည် ၁၂-၉-၂၀၁၈ရက် နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၁၄-၉-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများ အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

# ဦးအေးအောင်

### အသက်(၆၁)နှစ်

ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာန၊ တတိယနှစ် (ဂုဏ်ထူးတန်း) ကျောင်းသူ မမြယမုံ၏ဖခင် ဦးအေးအောင် အသက်(၆၁)နှစ်သည် ၁၁-၉-၂၀၁၈ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ(ဌာနမှူး)နှင့်ဆရာ/ဆရာမများ**
**ဒဿနိကဗေဒဌာန**
**ရန်ကုန်တက္ကသိုလ်**

## ဗိုလ်ကြီးလှလွင်(ငြိမ်း)

### BE (Mech/1987) ဒုတိယအထွေထွေမန်နေဂျာ

### အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန

### အသက်(၅၅)နှစ်

ကျောက်ပန်းတောင်းမြို့နေ (ဦးသက်တင်-ဒေါ်ခင်တု)တို့၏သားကြီး၊ မန္တလေးမြို့နေ (ဦးကြီးမောင်-ဒေါ်ခင်မာကျော်)တို့၏သားသမက်၊ အမှတ် ၅၅၊ စက်မှုဝန်ကြီးဌာနအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်စန်းစန်းဝေ၏ချစ်လှ စွာသောခင်ပွန်း၊ မောင်စိုးဝေလွင်(ဖိုးခွား)၊ မဖူးပွင့်မြတ်သွယ်(ဒုတိယနှစ်၊ အဝေး သင်)တို့၏မွေးသဖခင်ကျေးဇူးရှင်သည် ၁၂-၉-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

# ဦးမြင့်ဦး

### အသက်(၅၂)နှစ်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန မှ ဦးမြင့်ဦး (ဒုတိယညွှန်ကြားရေးမှူးချုပ်)သည် ၁၀-၉-၂၀၁၈ရက် ည ၈း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ACO Investment Group**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1C/3113၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊(ရန်ကုန်မြောက်ပိုင်း)**

### ပျောက်ဆုံးကြောင်း

ကွန်တော် ဦးဖြိုးဝေမင်း၊ ၁၂/မဂတ (နိုင်) ၁၈၀၁၃၅၂အမည်ဖြင့် မော်တော်ယာဉ် ဖောင်းနံပါတ် ၁၈/၅၁၃၆၏ ပုံစံ(ယ)နှင့် ပုံစံ(၈)စာရွက်စာတမ်းများမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉၇၉၉၉၉၅၂၂

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှကျင်(ကွနီး)

### ကျောက်တန်းမြို့

### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ကျောက်တန်းမြို့မ၊ ရွှေကုန်းရပ်ကွက်၊ ကန်ဦးလမ်း၊ အမှတ် ၁၁၁နေ(ဦးမောင်ညွှန့်)၏ဇနီး၊ (ဦးအုန်းခင်)-ဒေါ်ခင်အေးသန်း၊ ရန်ကုန်မြို့နေ ဦးမောင်မောင်အေး (မန်နေဂျာ၊ ငြိမ်း၊ MPPE) - ဒေါ်ကြည်ကြည်အေး (ညွှန်ကြားရေးမှူး၊စီမံရေးမှူး၊ငြိမ်း၊ MPPE)၊ ကျောက်တန်းမြို့နေ (ဦးလှညွှန့်)-ဒေါ်သန်းသန်းဝင်း၊ဦးထွန်းထွန်း(ဦးတိလောက)တို့၏မိခင်၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၂-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၉-၂၀၁၈ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကျောက်တန်းမြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၉-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးခင်ဇော် (ရန်ကင်း၊ စလင်း)

### ကျောင်းအုပ်ဆရာကြီး(ငြိမ်း)

### အထက(၁)အင်းစိန်

### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ ၃လမ်း၊ တိုက် ၂၉၊ ပထမထပ်နေ (ဦးလှမိုး-ဒေါ်လှမြင့်)တို့၏သားကြီး၊ (ဦးလှရွှေ)-ဒေါ်ထွေးတို့၏သားသမက်၊ ဒေါ်နုနုကြည်[အထက(၂)ဗဟန်း]၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ခင်စောနွယ်)၊ (ဒေါ်ချိုချို)တို့၏မောင်၊ ဒေါ်ရီရီပြုံး၊ဦးရဲမြတ်ကျော်၊ ဦးရဲသိန်းပေါ်၊ ဒေါ်မြင့်မြင့်မိုး၊ ဒေါ်ညိုညိုမိုး၊ ဒေါ်အေးအေးမိုးတို့၏ အစ်ကိုသည် ၁၂-၉-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန် သွားပါ၍ ၁၄-၉-၂၀၁၈ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၉-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း

## Naw Aroma Karen Kaing

### အသက်(၂နှစ်၊ ၉လ)

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ အမှတ် ၆၅/၁ နေ ဦးစောဖရီးမင်းမိုးဇက်-နော်စေးလွယ်ဖောတို့၏သမီး၊ ဦးစောစမိုင်းလ်-နော်စောနီယာခိုင်၊ ဦးရောဘင်ဘီ-နော်ရီဘက်ခါတို့၏မြေး၊ Naw Spring Jemimah Kaing, Naw Nicole Keziah Kaing တို့၏ ညီမသည် ၁၁-၉-၂၀၁၈ရက် ညနေ ၆း၃၀နာရီ တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၉-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်ခရစ်ယာန် သုသာန်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်နှင့် သူဌေးကုန်းဘုရားကျောင်း ရှေ့တို့မှ နံနက် ၈း၃၀နာရီတွင်ထွက်ခွာ ပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဗိုလ်မှူးညွန့်သိမ်း(ငြိမ်း)၊ ပေါင်းတည်

### ဗိုလ်သင်တန်းအမှတ်စဉ်(၉)

### ကြည်း(၆၅၉၄)

### အသက်(၉၄)နှစ်

ဗိုလ်မှူးကြီးသိန်းဌေး(ငြိမ်း) - ဒေါက်တာမြသီတာတို့၏ ဖခင်၊ ဗိုလ်မှူးညွန့်သိမ်း(ငြိမ်း) အသက်(၉၄)နှစ်သည် ၁၀-၉-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**ဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**

## အထူးဝမ်းနည်းကြေကွဲခြင်း

# ကပ-၁၄၃၂၅ ဒုတိယအရာခံဗိုလ် တင်ရွှေ(ငြိမ်း)

### အသက်(၉၁)နှစ်

သူငယ်ချင်း လေယာဉ်မှူးကြီး ဖြိုးဝေဟိန်း (ရွှေမြန်မာလေကြောင်းလိုင်း)-မတိုးတိုးထွေးတို့၏ဖခင်ဖြစ်သူ ဒုတိယအရာခံဗိုလ် တင်ရွှေ(ငြိမ်း)သည် ၁၃-၈-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၂)မှသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးထွန်းရွှေ

### အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း)၊ ဆောက်လုပ်ရေး

### အသက်(၈၇)နှစ်

လှိုင်ကော်မြို့၊ နောင်ယား (က)ရပ်ကွက်၊ အမှတ် (န/၈၆)နေ ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ငြိမ်း)၊ ဒုဝန်ကြီး/ရဲချုပ်(ငြိမ်း)/ဥက္ကဋ္ဌ (ရွှေအင်းမြိုင်ဆောက်လုပ်ရေးကုမ္ပဏီ) - ဒေါ်ခင်မေလတ်တို့၏ ဖခင် ဦးထွန်းရွှေ အသက်(၈၇)နှစ်သည် ၉-၉-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**ရွှေအင်းမြိုင်ဆောက်လုပ်ရေးကုမ္ပဏီ**
**အုပ်ချုပ်မှုဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့နှင့်**
**မိသားစုများ**

## ဦးအုန်းညွန့် (ထားဝယ်)

### တနင်္သာရီတိုင်းကောင်စီလုပ်ငန်းစစ်ဆေးရေး ဥက္ကဋ္ဌ(ငြိမ်း)

### မြို့နယ်ပညာရေးမှူး(ငြိမ်း)

### အသက်(၈၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြောက်ရွာရပ်၊ ပခုက္ကူကျောင်း လမ်းနေ (ဦးစောရင်-ဒေါ်ညွန့်ရီ)တို့၏သား၊ (ဦးထွန်းတင်-ဒေါ်သိန်းနွဲ့)တို့၏ သားသမက်၊ ဒေါ်စိန်ကြည်(အထက-၃၊ မူပြ၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထိန်ဝင်း(ဆလရ၊ ငြိမ်း)-ဒေါ်စိန်စိန်အုန်း(ဆလရ၊ ငြိမ်း)၊ ဦးတင်ထွန်းအုန်း (ဒု-ညွှန်မှူး၊ ဟင်္သာတခရိုင် လဝက)-ဒေါ်ထွေးကြည်၊ ရဲမှူးစိုးအောင်(မရမ်းကုန်း မြို့နယ် ရဲတပ်ဖွဲ့မှူး)-ဒေါ်လွင်လွင်အုန်း(MTO-1 ပြည်တွင်းအခွန်)၊ ဦးဇော်နိုင် အုန်း-ဒေါ်အေးမြသူ၊ ဦးအောင်ကျော်အုန်း(ကညန၊ ထားဝယ်)-ဒေါ်တင်သိန်းမြင့်၊ ဦးသက်တင်အုန်း-ဒေါ်နော်မာရီ၊ ဦးညီညီအုန်း-ဒေါ်သီသီမွန်၊ (ဦးနေလင်းအုန်း)၊ (ဦးထွန်းထွန်းအောင်၊ ပြည်တွင်းရေကြောင်း) - ဒေါ်ဆွေဆွေအုန်း (ပြည်တွင်း ရေကြောင်း)၊ ဒေါ်နေခြည်အုန်းတို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်နှစ်ယောက် တို့၏အဘိုးသည် ၁၂-၉-၂၀၁၈ရက် နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၁၅-၉-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့် (ကျောက်ကြီး)

### အသက်(၇၉)နှစ်

(ဦးမောင်မောင်ကြီး-ဒေါ်ကြည်)တို့၏သမီး၊ (ဦးမြင့်ဝင်း-ဒေါ်တင့်တင့်)၊ (ဦးမြင့်အောင်)-ဒေါ်မိုးမိုး၊ ဦးဆောင်ဆန်းဝင်း-ဒေါ်မြင့်မြင့်ဝင်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သရဖီလမ်းသွယ်(၃) လမ်း၊ အမှတ် ၂၄၉နေ (ဦးသောင်းစိန်)၏ဇနီး၊ ကပ္ပတိန်ဇော်ထွန်း(MTM Ship Management)-ဒေါ်ခင်ကေသီဆန်း (Mercure Yangon, Kaba Aye)၊ ဦးအောင်အောင်မျိုး(Student Choice ၊ တောင်ကြီး)-ဒေါ်ဌေးဌေးလွင်၊ ဦးထွန်းထွန်း-ဒေါ်လွင်လွင်မာ(စရက-၁၊ လမ်းဦးစီး၊ ဆောက်လုပ်ရေး)၊ ဦးဝင်းမိုး-ဒေါ်ဝါဝါလင်းလှိုင်(မြ-မိတ္တူ)တို့၏ချစ်လှစွာသောမိခင်၊ မောင်ဝေယံထွန်း၊ မောင်တေဇထွန်း(CISM)၊ ဆုလဲ့ရည်မွန်(ထ-၉၊ နေပြည်တော်)၊ ညီမျိုးသံလွင်၊ ကောင်းမြတ်သံစဉ် (EMPS)တို့၏ ဘွားဘွားကြီးသည် ၁၂-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၂၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၁၈ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၈-၉-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။] ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်ရွှေသိုင်း

### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ် ၇နေ (ဦးထွန်းမောင်-ဒေါ်လီလီ)တို့၏သမီး၊ (ဦးသန်းမောင်)၏ ချစ်လှစွာသောဇနီး၊ ဦးဘန်နီတင်ထွန်း-(ဒေါ်ချယ်ရတီ)တို့၏ညီမ၊ ဦးမောင်မောင်တင်-ဒေါ်ခင်သန်းအေး၊ ဦးမောင်မောင်လတ်-ဒေါ်စိန်စိန် တို့၏အစ်မ၊ ဦးအောင်သန်း-နော်ရိုစလင်း၊ ဒေါ်လှလှသန်း၊ ဦးစိုးဝင်း နိုင်-ဒေါ်မြမြသန်း၊ ဦးထွန်းထွန်းသန်း(ခ)ထွဏ်းထွဏ်း-ဒေါ်လဲ့လဲ့ဝေ၊ ဦးမောင်မောင်သန်းတို့၏ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ် ယောက်တို့၏အဘွားသည် ၇-၉-၂၀၁၈ရက် (သောကြာနေ့) နံနက် ၀၀း၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၉-၂၀၁၈ရက် (စနေနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရွာမနှစ်ခြင်း ခရစ်ယာန်အသင်းတော်ဘုရားကျောင်းရှေ့မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးချစ်မောင်

### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၃)ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ် ၃၅၀နေ ဒေါ်အုန်းရှင်၏ခင်ပွန်း၊ ဦးအုန်းဟန်-ဒေါ်တင်မြ၊ ဦးသန်းလှ-ဒေါ်ခင်နု၊ ဦးဝင်းဆွေ-ဒေါ်နန်းနှင်းဆီ၊ ဦးအောင်ကျော်ဦး-ဒေါ်မြမြဝင်း၊ ဦးမြင့်ဝေ-ဒေါ်ထားထားမြင့်၊ ဦးအေးဇော်-ဒေါ်မေဂျီကွန်၊ ဦးဇော်မင်း-ဒေါ်သန်းသန်းလှ၊ ဦးမြင့်ဇော်-ဒေါ်သင်းသင်းထိုက်၊ ဦးမျိုးလှိုင်-ဒေါ်သင်းသင်းဆွေတို့၏ဖခင်၊ မြေး ၁၉ယောက်၊ မြစ် ၁၅ယောက် တို့၏အဘိုးသည် ၁၁-၉-၂၀၁၈ရက် (အင်္ဂါနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါ သည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးချစ်မောင်

### အသက်(၉၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ် ၃၅၀နေ ဒေါ်အုန်းရှင်၏ခင်ပွန်း၊ ဦးဝင်းဆွေ-ဒေါ်နန်းနှင်းဆီတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးချစ်မောင်သည် ၁၁-၉-၂၀၁၈ရက် (အင်္ဂါနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး**
**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးချစ်မောင်

### အသက်(၉၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေ-ဒေါ်နန်းနှင်းဆီတို့၏ဖခင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၃)ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ် ၃၅၀နေ ဦးချစ်မောင်သည် ၁၁-၉-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီးများ**
**ရန်ကုန်တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့်**
**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရေးအရာရှိများ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်ကြည်မြင့် အသက်(၉၁)နှစ်

### ကုန်သွယ်/လယ်ယာ(ငြိမ်း)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဝါဦး ၅လမ်း၊ အမှတ် ၇၉နေ (ဦးသိမ်း-ဒေါ်တင်မေ)တို့၏သမီး၊ (ဦးလှမောင်၊ ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၏ဇနီး၊ (ဦးဆန်းဌေး၊ စက်မှုလယ်ယာ)၊ (မနီနီထွေး)၊ ဦးအောင်သူ(သစ်တော ဦးစီးဌာန၊ ငြိမ်း)-ဒေါ်လှလှနွယ်၊ (ဦးဝင်းနိုင်၊ စက်မှုလယ်ယာ)၊ ဦးကျော်ဌေး (မန်နေဂျင်းဒါရိုက်တာ၊ အောင်ရွှေယာကုမ္ပဏီလီမိတက်)-ဒေါ်စန္ဒာထွေး (မန်နေဂျာ၊ ဘီပီအိုင်စက်ရုံ)တို့၏မိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၁၂-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၁၈ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၉-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးခင်မောင်

### မင်္ဂလာဒုံ၊ တပ်မြို့စည်ပင်(ငြိမ်း)

### အသက်(၈၇)နှစ်

ကျိုက်လတ်မြို့နေ(ဦးဘသိန်း-ဒေါ်အုန်းမြ)တို့၏သား၊ (ဦးဘဆွေ-ဒေါ်စောရှင်)တို့၏သားသမက်၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)ရပ်ကွက်၊ ကာယသုခအပြင်လမ်း၊ အမှတ် ၅၆နေ ဒေါက်တာရီရီခင်(ပါမောက္ခ၊ မြန်မာစာဌာန၊ မိတ္ထီလာတက္ကသိုလ်)၊ ဒေါ်ညိုညိုခင်(ခင်သရဖူ)၊ ဦးမောင်မောင်ခင်၊ ကိုသက်ခိုင်စိုး-မမိုးသီတာခင်(ခင်သရဖူ)၊ ကိုကျော်ကျော်အေး-မဇေကရီခင်တို့၏ဖခင်၊ မောင်အုပ်စိုးခန့်၊ မောင်အုပ်စိုးမင်း၊ မောင်သုတပြည့်စုံ၊ မယဉ်မြတ်သူတို့၏အဘိုး၊ ဒေါ်စန်းနွဲ့(ခင်သရဖူ)၏ ခင်ပွန်းသည် ၁၁-၉-၂၀၁၈ရက်(အင်္ဂါနေ့)ည ၁၀း၄၅နာရီတွင် ကွယ် လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါ သည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်သိန်း(ခ)ဦးအန့်ကူ

### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခေမာလမ်း၊ အမှတ် ၅၂နေ ဒေါ်မြင့်ဆွေ၏ခင်ပွန်း၊ ကိုမင်းမင်း၊ ကိုဟိန်းသူ-မသီဂီ ထွေး၊ မမေသန္တာလင်း၊ မမေစန္ဒာလင်း၊ ကိုငြိမ်းချမ်း၊ ကိုဝင်းသူတို့၏ ဖခင်၊ မောင်လင်းလက်ဘုန်းမြတ်သူ၊ မရွှေမှုံထက်ထက်သူတို့၏အဘိုး ဦးမြင့်သိန်း(ခ)ဦးအန့်ကူသည် ၁၁-၉-၂၀၁၈ရက်(အင်္ဂါနေ့)ညနေ ၅း၀၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါ သည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၉-၂၀၁၈ရက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ် ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား




ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

**နန်နင်း စက်တင်ဘာ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီ အဖွဲ့ဝင်နှင့် ဒုတိယဝန်ကြီးချုပ် H.E. Mr. Han Zheng နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အကြီးအကဲများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊

*စာမျက်နှာ ၅ ကော်လံ ၁* ✻

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လွိုင်ကော်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ






တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လွိုင်ကော်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**နေပြည်တော် စက်တင်ဘာ ၁၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လွိုင်ကော်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ယနေ့နံနက်ပိုင်းတွင် တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က လက်ရှိအခြေအနေ၌ ကယားပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုများ ရရှိနေသည်ကို တွေ့ရှိရပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် လက်မှတ်ရေးထိုးရန်အတွက် ကယားပြည်နယ်တွင် KNPP တစ်ဖွဲ့ကျန်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ မည်သည့် တိုင်းဒေသကြီး၊ ပြည်နယ်၌မဆို တိုင်းရင်းသား လူမျိုးတစ်မျိုးတည်း သီးသန့်နေထိုင်ခြင်းမရှိဘဲ တိုင်းရင်းသား ပေါင်းစုံနေထိုင်ကြကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားအရေး၌ တန်းတူညီမျှစွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကယားပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် တပ်မတော်မှ တတ်နိုင်သမျှ ပါဝင်ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတစ်ခု၏ လိုအပ်ချက်မှာ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေး

*စာမျက်နှာ ၁၀ ကော်လံ ၁* ✪

## ကချင်ဒီမိုကရက်တစ်ပါတီ၊ ရခိုင်အမျိုးသားပါတီနှင့် ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့၏ ဟောပြောစည်းရုံးမှုများ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၂**

ကချင်ဒီမိုကရက်တစ်ပါတီ၏ ဟောပြောစည်းရုံးမှုကို စက်တင်ဘာ ၁၅ ရက်တွင် လည်းကောင်း၊ ရခိုင်အမျိုးသားပါတီ၏ ဟောပြောစည်းရုံးမှုကို စက်တင်ဘာ ၁၆ ရက်တွင်လည်းကောင်း၊ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ဟောပြောစည်းရုံးမှုကို စက်တင်ဘာ ၁၇ ရက်တွင် လည်းကောင်း မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာတို့တွင် ဖော်ပြသွားမည်ဖြစ်သည်။

**သတင်းစဉ်**

Karat Silk

(၆)နှစ်ပြည့်အထူးဈေးရောင်းပွဲတော်

၁၄.၉.၂၀၁၈ (သောကြာနေ့) မှ ၁၆.၉.၂၀၁၈ (တနင်္ဂနွေနေ့) အထိ KARAT SILK ၏ ကိုယ်ပိုင်ဒီဇိုင်း မြန်မာ့ပိုးစစ်ချိတ်အမျိုးမျိုး၊ ပိုးစစ်ပုဆိုးအမျိုးမျိုး၊ ပွဲထိုင်ပဝါအမျိုးမျိုး၊ ကွန်ပျူတာပန်းထိုးဒီဇိုင်းအမျိုးမျိုးနှင့် အရည်အသွေးမြင့် ဒီဇိုင်းစုံဇာအမျိုးမျိုး တို့ကို ၅၀% အထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားမည် ဖြစ်ပါကြောင်း KARAT SILK ကို အားပေးခဲ့ကြသော မိတ်ဟောင်းများ နှင့် လာရောက် အားပေးကြမည့် မိတ်သစ်များအား သတင်းကောင်းပါး၍ ဖိတ်ခေါ်အပ်ပါသည်။

အချိန် - မနက် (၁၀)နာရီမှ ညနေ(၇)နာရီအထိ

နေရာ - 42/D, ပန်တျာလမ်း (ဦးဝိစာရလမ်းနှင့်ရွှေတိဂုံဘုရားလမ်းကြား)၊ ဒဂုံမြို့နယ်။

Ph : 01-375901, 09-73344556